# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၇၉ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 7 March 2018 ၉၂၂၁


# အခွန်တာဝန်ကျေကြသည့် လုပ်ငန်းရှင်များအတွက် ဂုဏ်ယူဝမ်းမြောက်သကဲ့သို့ ဆက်လက်တာဝန်ကျေပွန်ပေးကြရန်နှင့် အမှန်တကယ် ကျေကျေပွန်ပွန် အခွန်ထမ်းဆောင်ကြသည့် ပုဂ္ဂိုလ်များကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလို

## ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့သူများအား ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၆**

၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်အများဆုံး ပေးဆောင်ခဲ့သူများအား ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်ပြီး ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နှုတ်ခွန်းဆက်စကား ပြောကြားရာ၌ ယခုကြွရောက်လာကြသူများသည် နိုင်ငံတော်အသွင်ကူးပြောင်းရေးကာလတွင် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ တာဝန်သိစွာဖြင့်၊ တာဝန်ကျေစွာဖြင့် ပိုင်းဝန်းပံ့ပိုးနေကြသူများအဖြစ် သတ်မှတ်ထားသည့်အတွက် ယခုကဲ့သို့ တွေ့ဆုံရခြင်းသည် အထူးမင်္ဂလာရှိပါကြောင်း၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

# လယ်ယာစိုက်ပျိုးရေးကိုအခြေခံတဲ့ စက်မှုနိုင်ငံဖြစ်အောင် တီထွင်ဉာဏ်နဲ့ ရဲရဲရင့်ရင့် အကောင်အထည်ဖော်ရန် မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မှာကြား

နေပြည်တော် မတ် ၆

**မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားသည့် အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

အစိုးရဘက်က တက်ရောက်တဲ့ ပုဂ္ဂိုလ်ကြီးတွေလည်းရှိတယ်။ ဆန်စပါးအသင်းနဲ့ ဆန်ကုန်သည်ကြီးများဘက်က တက်ရောက်တဲ့ ပုဂ္ဂိုလ်ကြီးတွေလည်းရှိတယ်။ တောင်သူလယ်သမားများဘက်က တက်ရောက်တဲ့ ပုဂ္ဂိုလ်ကြီးတွေလည်းရှိတဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်။ ကျွန်မတို့ဟာ ဒီလိုပဲ အားလုံးပူးပေါင်းဆောင်ရွက်မှ နိုင်ငံတိုးတက်မှာဖြစ်ပါတယ်။ ဘယ်ကဏ္ဍမှာပဲဖြစ်ဖြစ် အစိုးရနဲ့လုပ်ငန်းရှင်များနဲ့ သက်ဆိုင်ရာပြည်သူများ အားလုံးပါဝင်မှ ဖြစ်မှာပါ။

**တောင်သူလယ်သမားကြီးများရော၊ သုတေသနပညာရှင်များပါရာသီဥတု ပြောင်းလဲမှုအပေါ် အခြေခံပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ရမှာတွေကို စဉ်းစားဖို့ အင်မတန်အရေးကြီး . . .**

အဲဒါကြောင့် ကျွန်မတို့ အခုဒီ အခမ်းအနားမှာဆိုရင် တောင်သူလယ်သမားကြီးများကို အထူးကြိုဆိုပါတယ်။ တောင်သူလယ်သမားကြီးများကို အခြေခံပြီးတော့ ကျွန်မတို့နိုင်ငံဟာ ဆန်အများဆုံးထွက်တဲ့ နိုင်ငံတစ်ခုဖြစ်အောင်လို့ အလေးထားနေတာကြောင့်မို့လို့ ဒီလိုကြိုဆိုတဲ့နေရာမှာ ကျွန်မတင်မကဘူး၊ ကျွန်မတို့အစိုးရအဖွဲ့အားလုံးလည်း ပါဝင်တယ်ဆိုတာကို ပြောကြားချင်ပါတယ်။

ဆန်စပါးကဏ္ဍဟာ ကျွန်မတို့ မြန်မာနိုင်ငံအတွက် အရေးကြီးပါတယ်ဆိုတာ ထူးထူးထွေထွေ ပြောဖို့မလိုပါဘူး။ ခုနကလည်း ကျွန်မတို့ ဆန်စပါးသမိုင်းကြောင်းကို အားလုံးကြည့်ပြီးဖြစ်ပါတယ်။ တစ်ခုတော့ ကျွန်မ မကြိုက်တာပြောရမယ်။ စစချင်း တောင်သူလုပ်တာနဲ့ အရင်တုန်းက တိရစ္ဆာန်တွေ ဘာတွေကို အားကိုးတဲ့သူတွေက ဒုတ်ဆိုပြီး တုတ်ကြီးနဲ့ ရိုက်တာကို ကျွန်မဘယ်လိုမှ မကြိုက်ပါဘူး။ ဒါက စည်းရုံးယူရမှာဖြစ်ပါတယ်။ အစတုန်းက တိရစ္ဆာန်တွေသတ်သူတစ်ယောက်က ဆန်စပါးစိုက်ပြီး ရှင်သန်နိုင်အောင်လို့ စိတ်ပါလာအောင် စည်းရုံးယူရမှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့အနေနဲ့ အရာရာမှာ ဒီလိုစိတ်ထား ထားစေချင်တယ်။ မြင်သာတဲ့နည်းတွေနဲ့ ပညာသားပါပါနဲ့ ဖြစ်စေချင်တဲ့ကိစ္စ ဖြစ်အောင်လို့ ကျွန်မတို့ ညီညွတ်မှုရအောင်လို့ စည်းရုံးတဲ့နည်းနဲ့ရစေချင်ပါတယ်။ အကြမ်းဖက်တဲ့နည်း၊ အနိုင်ကျင့်တဲ့နည်းတွေကို မသုံးစေချင်ပါဘူးလို့ ကျွန်မပြောပါရစေ။ ကျွန်မတို့ရဲ့ အစိုးရအနေနဲ့ ပြည်သူလူထုကို

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**



မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။




## ကြေးမုံ

# နိုင်ငံ့အကျိုး မွန်မြတ်စွာသယ်ပိုး

နိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်သူများပါဝင်ဆောင်ရွက်ရမည့် တာဝန်မှာ အခွန်ထမ်းဆောင်ခြင်းပင် ဖြစ်သည်။ နိုင်ငံတော်ကို တည်ဆောက်ရာတွင်လည်းကောင်း၊ နိုင်ငံတော်၏ယန္တရား ကောင်းမွန်ချောမွေ့စွာ လည်ပတ်နိုင်ရန်အတွက်လည်းကောင်း ဘဏ္ဍာငွေကြေး နှစ်စဉ် အမြောက်အမြား လိုအပ်သည်။ လိုအပ်သောဘဏ္ဍာငွေ ရရှိစေရန် အခွန်ထမ်းဆောင်ခြင်းသည် အဓိကအားထားရသောကဏ္ဍ ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် အခွန်ငွေများ ပြည့်ဝစွာရရှိကြပြီး ထိုအခွန်ငွေဖြင့် တိုင်းသူပြည်သားများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်သည်ကို တွေ့ရသည်။ မြန်မာနိုင်ငံသည် မဖွံ့ဖြိုးသည့် နိုင်ငံ ဖြစ်ခဲ့ရာတွင် လိုအပ်သောဘဏ္ဍာငွေကို ဖြည့်ဆည်းနိုင်စွမ်းမရှိသည့် အခွန်ထမ်းယဉ်ကျေးမှု မထွန်းကားသောကြောင့်ဟု ဆိုနိုင်သည်။ အခွန်ထမ်းဆောင်ထိုက်သည့်သူများမှာ တိုင်းပြည်အတွက် အခွန်ထမ်းဆောင်ရကောင်းမှန်း မသိသလို ပေးဆောင်ရမည့် ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ လုပ်ငန်းခွန်များကိုလည်း အခွန်လျှော့၊ အခွန်ရှောင်နေတတ် ကြသည်။ ထိုအခါ တိုင်းပြည်ဘဏ္ဍာ လိုငွေပြ၍ မဖွံ့ဖြိုးသည့်နိုင်ငံ ဖြစ်ရသည်။

ယခုအခါ နေ့စဉ်ထုတ်သတင်းစာများတွင် ကုန်သွယ်ခွန်၊ လုပ်ငန်းခွန်၊ ဝင်ငွေခွန်တို့ကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြသော ပြည်သူများနှင့် လုပ်ငန်းများစာရင်းအား အသိပေးထုတ်ပြန်ပေးနေသည်ကို တွေ့ရသည်။ ထိုသို့ အမည်စာရင်းဖြင့် တာဝန်ကျေသော၊ တာဝန်သိသော အခွန်ထမ်းစာရင်းများကို ထုတ်ပြန်ပေးနေခြင်းသည် နိုင်ငံတော်အပေါ် တာဝန်ကျေပွန်မှုကို အသိအမှတ်ပြုခြင်းဖြစ်သည်သာမက ထိုသို့တာဝန် ကျေပွန်ခြင်းအတွက် ဂုဏ်ပြုရာလည်း ရောက်ပေသည်။

ယနေ့တွင် မြန်မာနိုင်ငံဖွံ့ဖြိုးရေး၊ တည်ဆောက်ရေးအတွက် အခွန်အများဆုံး ထမ်းဆောင်ကြသော ပုဂ္ဂိုလ်များ၊ လုပ်ငန်းများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ပထမဆုံးအကြိမ် ဂုဏ်ပြုချီးမြှင့်ပွဲကို ပြုလုပ်ခဲ့ပေသည်။ ထိုသို့ဂုဏ်ပြုခြင်းသည် အခွန်မရှောင်၊ အခွန်မလျှော့ဘဲ နိုင်ငံတော်အကျိုးအတွက် မွန်မြတ်သောစိတ်ထားဖြင့် အခွန်တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်၍ ဂုဏ်ပြုချီးမြှင့် အသိအမှတ်ပြုထိုက်ပေသည်။

ကျွန်ုပ်တို့တိုင်းပြည်တွင် အခွန်ထမ်းဆောင်ခြင်းဓလေ့နှင့် ဝေးကွာခဲ့ခြင်းသည် တိုင်းပြည်မဖွံ့ဖြိုးခြင်းကို ဖြစ်စေသည့်အချက်တစ်ခု ဖြစ်သည်။ တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ တိုင်းပြည်ဘဏ္ဍာ အခွန်ငွေလုံလောက်အောင်ရရှိမှ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သလို ပြည်သူလူထုမှ ထမ်းဆောင်လိုက်သည့် အခွန်ဘဏ္ဍာငွေများကို မည်သည့်ကဏ္ဍတွင် အသုံးပြုလိုက်ပြီး မည်သို့အကျိုးရှိသည်ကို ပြည်သူများ သိရှိမှသာ အခွန်ထမ်းဆောင်သည့်ယဉ်ကျေးမှု ထွန်းကားလာမည်ဖြစ်သည်။

ယခုကဲ့သို့ အခွန်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြခြင်းဖြင့် တိုင်းပြည်ဘဏ္ဍာကိုဖြည့်ဆည်းပေးကြသည့် ပြည်သူများအား နိုင်ငံတော်အစိုးရက ဂုဏ်ပြုခြင်းကို ဝမ်းမြောက်ဝမ်းသာကြိုဆိုရမည်ဖြစ်ပြီး အခွန်ရှောင်၊ အခွန်လျှော့လုပ်ကိုင်ကြသူများကိုလည်း ရှုတ်ချရမည်ဖြစ်သည်။ များသောအားဖြင့် ပို့ကုန် သွင်းကုန်လုပ်ငန်းများတွင် တင်သွင်းကုန်စည်ခွန် သက်သာရေး၊ လျှော့ချရေးကို မသမာသောနည်းလမ်းဖြင့် အားထုတ်တတ်သည်ကို တွေ့ရသည်။ သေချာတွက်စစ်ကြည့်လျှင် ယခုကဲ့သို့ နိုင်ငံတော်သို့ အခွန်တာဝန် ပြေကျေစွာထမ်းဆောင်ခဲ့ကြသည့် ငွေကြေးပမာဏထက် အခွန်ရှောင်၊ အခွန်လျှော့ငွေကြေးပမာဏက ပိုများလိမ့်မည်ဟု ထင်မြင်ယူဆပါသည်။

တိုင်းပြည်ဘဏ္ဍာငွေ တိုးတက်ရရှိရေးအတွက် အခွန်ရှောင်မှုများကို ရှာဖွေဖော်ထုတ်အရေးယူသင့်ပြီး အခွန်ဆောင်များ၏ ဘဏ္ဍာငွေကြေးများကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သည့်ကဏ္ဍတွင် အသုံးပြုလိုက်သည်ကို ပွင့်လင်းမြင်သာစွာသိရှိသင့်သည်။ များသောအားဖြင့် အခွန်ဘဏ္ဍာငွေမှ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတွင် အသုံးပြုသည်ဟု အကြမ်းဖျင်းအားဖြင့် သိရှိရသော်လည်း ထိုထက်မက ကျယ်ကျယ်ပြန့်ပြန့်သိရှိခြင်းအားဖြင့် အခွန်ငွေတိုးတက်လာမည်ဟု ယူဆပါသည်။

သို့ဖြစ်ရာ တိုင်းပြည်ဘဏ္ဍာငွေ တိုးတက်ရရှိရေးအတွက် အခွန်တာဝန်ကို အများဆုံးကျေပွန်စွာ ထမ်းဆောင်ကြသူများကို ချီးကျူးဂုဏ်ပြုရမည်ဖြစ်သလို အခွန်တာဝန်မကျေပွန်သူများကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်သင့်ပါကြောင်း။ ။

# ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည့် မြန်မာနိုင်ငံ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လေ့လာဆွေးနွေး

**နေပြည်တော် မတ် ၆**

ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဆိုင်ရာ ဗိုလ်ချုပ်ကြီး Anantaporn Kanjanarat ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးရောက်ရှိနေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မတ် ၄ ရက် ညနေပိုင်းတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအကောင်အထည်ဖော်ရေးကော်မတီ၏ အကြံပေးအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ Surakiart Sathirathai နှင့်တွေ့ဆုံပြီး ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ အကောင်အထည်ဖော်ရေး၊ ထိုင်းနိုင်ငံတွင်း ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ တိုးတက်ကောင်းမွန်စေခြင်းဖြင့် လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံကောင်းများနှင့် ရရှိခဲ့သည့် သင်ခန်းစာများကို အမြင်ချင်းဖလှယ် ဆွေးနွေးသည်။



မတ် ၅ ရက် နံနက်ပိုင်းတွင် Nonthaburi Province, Pak Kred District သို့ ရောက်ရှိပြီး Pak Kred Reception Home for Boys တွင် စောင့်ရှောက်ထားသည့် ထိုင်း၊ ကမ္ဘောဒီးယား၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ မြန်မာနိုင်ငံတို့မှ ကလေးသူငယ်များအား တွေ့ဆုံအားပေးသည်။ ပြည်ထောင်စုဝန်ကြီးအား ကလေးသူငယ်နှင့် မိသားစုများဖွံ့ဖြိုးမှု မြှင့်တင်ခြင်းနှင့် စောင့်ရှောက်ခြင်း ဌာနခွဲနှင့် စောင့်ရှောက်ရေးဂေဟာမှ တာဝန်ရှိသူများက ဂေဟာ၏ လုပ်ဆောင်ချက် အဆင့်ဆင့်နှင့် ရောက်ရှိလာသည့် ကလေးငယ်များအား ပုံမှန်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ ဘေးကင်းလုံခြုံရေးနှင့် စိတ်ပိုင်းဆိုင်ရာအတွက် စောင့်ရှောက်ကူညီပေးမှု၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းရေးအတွက် စောင့်ရှောက်ပေးမှုတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကလေးငယ်များအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ပို့ချလျက်ရှိသည်များကို လေ့လာကြည့်ရှုသည်။

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Virasakdi Futrakul နှင့်အဖွဲ့အား တွေ့ဆုံကာ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံကြား လက်ရှိ ပူးပေါင်းဆောင်ရွက်နေသည့် စီမံချက်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းများမှ နိုင်ငံသားအဖြစ် စိစစ်ပြီးသူ တိုင်းရင်းသားများ ပြန်လည်လက်ခံနိုင်ရေးနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည့်သူများ ပြန်လည်ထူထောင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများ ပိုမိုအောင်မြင်စေရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်သည့် အလားအလာများ၊ အလုပ်အကိုင် အခွင့်အလမ်းဖော်ထုတ်နိုင်ရေးအတွက် လိုအပ်ချက်များ၊ အာဆီယံ သဘောတူညီချက်များအား နှစ်နိုင်ငံအကြား ဆက်လက်ပူးပေါင်း အကောင်အထည်ဖော်မည့် အခြေအနေနှင့် ထိုင်းနိုင်ငံတောင်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ပဋိပက္ခများဖြေရှင်းရာတွင် တွေ့ကြုံခဲ့ရသည့် အခက်အခဲများနှင့် အောင်မြင်စွာဆောင်ရွက်နိုင်မှု အတွေ့အကြုံများကို ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Nakhon Pathom Province, Phutthamonthon ခရိုင်ရှိ Boan Saladin စိုက်ပျိုးရေးစီမံကိန်းသို့ သွားရောက်ပြီး ရေကြီးရေလျှံမှု နှစ်စဉ်ဖြစ်ခြင်း၊ ဆားငန်ရည်ဝင်ရောက်ခြင်းနှင့် ရေရှားပါးမှုဖြစ်ခြင်း စသည့် သဘာဝဘေးမျိုးစုံ ခံစားခဲ့ရာမှ GPS နည်းပညာသုံး ပထဝီအနေအထား လေ့လာမှုဖြင့် ချောင်းများ၊ မြောင်းများ ပိတ်ဆို့မှုများကို ပြုပြင်ခြင်း၊ ဗေဒါပင်များအား စနစ်တကျ ပြုပြင်အသုံးချခြင်း၊ စိုက်ပျိုးမြေများအား နှစ်တိုနှစ်ရှည် စိုက်ပျိုးမှုဆောင်ရွက်ခြင်း၊ စိုက်ပျိုးမြေ၊ ရေကန်နှင့် နေအိမ်တို့ကို အချိုးကျအကွက်ချပြီး စနစ်တကျ ဘက်စုံစိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် မိသားစုဝင်ငွေတိုးတက်ပြီး ဒေသတွင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှု အခြေအနေတို့ကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် မတ် ၆**

ရန်ကုန်(ရွှေဈေး) ၉၃၆၅၀၀ - ၉၃၈၀၀၀၊ မန္တလေး(ရွှေဈေး) ၉၃၆၀၀၀ - ၉၃၇၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၀၀/၈၁၅ ကျပ်၊ | ၈၃၀/၈၄၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၀/၈၃၀ ကျပ်၊ | ၈၈၅/၈၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၇၈၅ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၀/၈၃၅ ကျပ်၊ | ၈၄၀/၈၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၅/၇၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၅၀/၇၅၈ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၀၉/၇၁၅ ကျပ်

**၂၇-၂-၂၀၁၈ ရက်နေ့မှ ၅-၃-၂၀၁၈ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၂၆ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၅၄ ကျပ်၊ ဒီဇယ် တစ်လီတာ ၇၅၆ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၇ ကျပ် ဖြစ်ပါသည်။**
(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၅၀. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀. ၄၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၅၈၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၂. ၄၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၅၄၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၅၇. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၃၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၉. ၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၄. ၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ၂၀၁၁-၂၀၁၂ မှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အထိ ခြောက်နှစ်ဆက်တိုက် ဝင်ငွေခွန် အများဆုံးပေးဆောင်ခဲ့သည့် အခွန်ထမ်း ဦးအောင်ကိုဝင်း(ကမ္ဘောဇဘဏ်လီမိတက်)အား ဂုဏ်ထူးဆောင်ဆု ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဝင်ငွေခွန်အများဆုံးပေးဆောင်သူ ဦးအောင်ဇော်နိုင် (Shwe Taung Development Co.,Ltd.) အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဝင်ငွေခွန်အများဆုံးပေးဆောင်သူ ဒေါ်နန်းလိုင်းခမ်း (Jing Hpaw Aung Jade & Jewellery Co.,Ltd.) အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဝင်ငွေခွန်အများဆုံးပေးဆောင်သူ ဦးသတိုးဟိန်း (Myanma Awba Group Co.,Ltd.) အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

### ☆ အခွန်တာဝန်ကျေကြသည့်မှ

မိမိအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ၁၀ ဦးစီကိုသာ ကန့်သတ်၍ ဖိတ်ခေါ်ရပါကြောင်း၊ အမှန်တကယ် ကျေကျေပွန်ပွန် အခွန်ထမ်းဆောင်နေကြသည့် ကျန်ရှိသော ပုဂ္ဂိုလ်များကို မိမိအနေဖြင့် လျစ်လျူရှုသည့် သဘောမရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့်သာ ယခုကဲ့သို့ ကန့်သတ်၍ ဂုဏ်ပြုရခြင်းဖြစ်ပါကြောင်း၊ ယနေ့ အခမ်းအနားသို့ မတက်ရောက်လာနိုင်သူများနှင့် မိမိ ဖိတ်ကြားခြင်းမပြုနိုင်ခဲ့သည့် ပုဂ္ဂိုလ်များကိုလည်း ကျေးဇူးတင်စကား ပြောကြားလိုပါကြောင်း။

အခွန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခုအချိန်အခါ၌ များစွာနိုးကြားလာကြပြီ ဖြစ်ပါကြောင်း၊ အခွန်ထမ်းဆောင်ခြင်းသည် နိုင်ငံသူ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ပါကြောင်း၊ အထူးသဖြင့် လုပ်ငန်းရှင်များသည် ပြည်ပနှင့် ထိတွေ့ဆက်ဆံနေသူများဖြစ်ကြ၍ အခွန်ထမ်းဆောင်ခြင်း အလေ့အထနှင့် တာဝန်ကို ပိုမိုသိရှိကြမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် အဆိုပါ အလေ့အကျင့်၊ အဆိုပါ ယဉ်ကျေးမှုသည် အားနည်းနေပါကြောင်း၊ ထို့ကြောင့် အခွန်ထမ်းဆောင်ကြသည့် ပုဂ္ဂိုလ်များကို ကျေးဇူးတင်ပါကြောင်း။

အခွန်သည် လူတိုင်း၏တာဝန်ဖြစ်ပါကြောင်း၊ တာဝန်ကိုမသိ၍ မလုပ်သည့်သူများ ရှိပါကြောင်း၊ သိရှိပြီး မသိကျိုးကျွန်ပြုနေသူများလည်းရှိပါကြောင်း၊ သိရှိပြီး အထိုက်အလျောက် အခွန်တာဝန်ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်များလည်းရှိပါကြောင်း၊ အပြည့်အဝ အခွန်တာဝန် ထမ်းဆောင်သည့် ပုဂ္ဂိုလ်များလည်းရှိပါကြောင်း၊ ထို့ကြောင့် ပြောလိုသည်မှာ ယနေ့ကြွရောက်လာသည့် ပုဂ္ဂိုလ်များအပြင် အခွန်တာဝန်ကျေကြသည့် အခြားပုဂ္ဂိုလ်များလည်းရှိကြမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ အခွန်တာဝန်ကျေသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏အကျိုးကို မိမိတို့ကျရာနေရာမှ ထမ်းဆောင်နေကြသည့် ပုဂ္ဂိုလ်များ အားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါကြောင်း။

မိမိအနေဖြင့် ယခုကဲ့သို့ အသိအမှတ်ပြုခွင့်ရသဖြင့် ကျေးဇူးတင်ပါကြောင်း၊ နောင်တွင်လည်း ဆတက်ထမ်းပိုး သယ်ပိုး၍ အခွန်ထမ်းဆောင်နိုင်ကြပါစေဟု ဆုတောင်းပါကြောင်း၊ စီးပွားရေးများလည်း ကောင်းမွန်ပါစေကြောင်း၊ စီးပွားရေး ကောင်းမွန်သည်နှင့်အမျှ မိမိတို့တိုင်းပြည်နှင့် တစ်နိုင်ငံလုံးကို အကျိုးပြုနိုင်ပါစေဟု ဆန္ဒပြုဆုမွန်ကောင်း တောင်းပါကြောင်း။

ယနေ့ ကမ္ဘာကြီးတွင် ချမ်းသာသည့်နိုင်ငံကြီးများ သည်ပင် မိမိတစ်နိုင်ငံတည်း ချမ်းသာလျှင် ချမ်းသာသလို မနေကြပါကြောင်း၊ မိမိပတ်ဝန်းကျင်နှင့် မိမိလူ့အဖွဲ့ အစည်းကို မည်ကဲ့သို့ လက်တွဲခေါ်ဆောင်မည်၊ မည်သို့ ပြုစုပျိုးထောင်မည်၊ မိမိတစ်ယောက်တည်း အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် နေထိုင်မှုမပြုတော့သည့် စိတ်ဓာတ် အမူအကျင့်များ ရှိလာကြသည်ကို တွေ့ရပါကြောင်း၊ လုပ်ငန်းများ အောင်မြင်လာသည်ဟု ဆိုရာတွင် လုပ်ငန်းရှင်များ၏ စိတ်စေတနာ၊ ရိုးသားမှု၊ ကြိုးစားမှု၊ တာဝန်ကျေမှုအပြင် သက်ဆိုင်ရာဝန်ထမ်းများအားလုံး တစ်ဦးတစ်ယောက်ချင်း တာဝန်ကျေပွန်မှု၊ ချမှတ်ထားသည့် စည်းစနစ်ကောင်းများအပေါ်တွင် လိုက်နာမှုသည်လည်း လုပ်ငန်းများကြီးပွားမှုအတွက် များစွာအထောက်အကူပြုသည်ဟု ထင်မြင်ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွန်တာဝန်ကျေကြသည့် လုပ်ငန်းရှင်များကို မိမိအနေဖြင့် အထူးကျေးဇူးတင်ရှိသကဲ့သို့ နိုင်ငံအတွက်လည်း ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ နောင်တွင်လည်း ဆက်လက်၍ တာဝန်ကျေပွန်ပေးကြပါရန် ပြောကြားလိုပါကြောင်း၊ မိမိနိုင်ငံအတွက် တာဝန်ကျေကြသည့်အတွက် အသိအမှတ်ပြု ဂုဏ်ပြုခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်သူ ဦးခင်မောင်စိုး (Myawaddy Trading Ltd.) အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်မှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အထိ ခြောက်နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သည့် အခွန်ထမ်း ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းအား ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌသည် ၂၀၁၁-၂၀၁၂ မှ ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်အထိ ခြောက်နှစ်ဆက်တိုက် ဝင်ငွေခွန် အမြင့်မားဆုံး ထမ်းဆောင်ခဲ့သူဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၄ သို့ ○



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်သူ ဦးသိန်းဝင်းဇော် (Shwe Byain Phyu Co.,Ltd.) အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်သူ ဦးသက်ဝေ (Asia Energy Co.,Ltd.) အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

စာမျက်နှာ ၃ မှ

ယင်းနောက် နိုင်ငံတော်သမ္မတက ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံး ပေးဆောင်ခဲ့ကြသည့် ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ Diamond Star Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကိုကိုကြီး ကိုယ်စား ဒါရိုက်တာ ဦးစိုးတင့်၊ Myawaddy Bank Ltd. မန်နေဂျင်းဒါရိုက်တာ ဦးယုလွင်ကိုယ်စား အထွေထွေမန်နေဂျာ ဦးမြင့်ထူး၊ Shwe Taung Development Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဇော်နိုင်၊ Myanmar Economic Holding Limited ဌာနကြီးမှူး ဦးမင်းဇော်၊ Myawaddy Trading Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးခင်မောင်စိုးကိုယ်စား ဒါရိုက်တာ ဦးအောင်ကြည်၊ PT Power Trading Co., Ltd. ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ Thilawa Special Economic Zone Management Committee မန်နေဂျင်းဒါရိုက်တာ ဦးဆက်အောင် ကိုယ်စား အတွင်းရေးမှူး ဒေါက်တာ ရွှေဟိန်း၊ Jing Hpaw Aung Jade & Jewellery Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းနှင့် Myanma Awba Group ဥက္ကဋ္ဌ ဦးသတိုးဟိန်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံး ပေးဆောင်ခဲ့ကြသူများ ဖြစ်ကြသည့် Dagon Beverages Co., Ltd. အုပ်ချုပ်မှု ဒါရိုက်တာ ဦးလှမင်းတူ၊ Myawaddy Trading Ltd. မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်စိုး ကိုယ်စား ဒါရိုက်တာ ဦးအောင်ကြည်၊ Denko Trading Co., Ltd. ဒါရိုက်တာ ဦးဝဏ္ဏခိုင်၊ PT Power Trading Co., Ltd. ဥက္ကဋ္ဌ ဦးအောင်ရွှေ ကိုယ်စား မန်နေဂျင်း ဒါရိုက်တာ ဦးဝင်းဆွေ၊ Shwe Byain Phyu Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးသိန်းဝင်းဇော်၊ International Beverages Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်၊ Asia Energy Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးသက်ဝေ၊ Royal Myawaddy Distillery Group မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်း၊ City Mart Holding Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝင်းဝင်းတင့်နှင့် Regency Material Trading Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးကျော်သာဦး ကိုယ်စား ဒါရိုက်တာ ဦးကျော်မြင့်ဦး တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်သူများ မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

ယနေ့အခမ်းအနားတွင် ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးပေးဆောင်ခဲ့သူ ၁၀ ဦးနှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့သူ ၁၀ ဦး တို့အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးမင်းသူတို့သည် ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံးပေးဆောင်ခဲ့သူများနှင့် လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့သူများနှင့်လည်းကောင်း စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ ထိုင်းနိုင်ငံ အမျိုးသားအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၆**

ထိုင်းနိုင်ငံ၌ ရောက်ရှိနေသည့် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ယနေ့တွင် ဘန်ကောက်မြို့ ထိုင်းနိုင်ငံ အမျိုးသားအဂတိ လိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ရုံး၌ ထိုင်းနိုင်ငံအမျိုးသားအဂတိ လိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး သည်။


ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့်အတူ ကော်မရှင်အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုး တက်ရောက်ပြီး ထိုင်းနိုင်ငံ အမျိုးသား အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်မှဥက္ကဋ္ဌ Mr.Watcharapol Prasarnrajkit၊ အထွေထွေအတွင်း ရေးမှူး Mr. Warawit Sukboon နှင့် တာဝန်ရှိသူများ တက်ရောက်ကြ သည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံချုပ်ဆို ထားသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးနားလည်မှု စာချွန်လွှာ နှင့်အညီ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနယ်ပယ်၌ အပြန် အလှန် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စကို ဆွေးနွေးကြပြီး အခြေခံပညာ ကျောင်းများ၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများနှင့် တက္ကသိုလ် များတွင် အဂတိလိုက်စားမှု တားဆီး ကာကွယ်တိုက်ဖျက်ရေး သင်ရိုး ညွှန်းတမ်းရေးဆွဲခြင်း၊ အဂတိ လိုက်စားမှု တားဆီးကာကွယ်ရေး အတွက် ပြည်သူလူထုအား အသိ ပညာပေးခြင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်တိုက်ဖျက်ရေး ဆိုင်ရာ မဟာဗျူဟာ ချမှတ်ခြင်းတို့နှင့် စပ်လျဉ်းသည့် နှစ်ဖက်သဘောထား အမြင်များကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ထိုင်းနိုင်ငံ အမျိုးသား အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများ၊ မှတ်တမ်းထိန်းသိမ်းထားရှိမှုစနစ်နှင့် သက်သေတွေ့ဆုံ စစ်ဆေးမေးမြန်း ခန်းတို့ကို လှည့်လည်ကြည့်ရှုကြ သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် မူးယစ်ဆေးဝါး နှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂ ရုံးမှ မြန်မာနိုင်ငံမန်နေဂျာ Mr. Troels Vester တို့လည်း တက်ရောက်ကြသည်။

**သတင်းစဉ်**



# အခွန်ကို တိတိကျကျ ထမ်းဆောင်ခြင်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုနိုင်


**နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန် အခွန်သည် အဓိကကျသဖြင့် နိုင်ငံသားတိုင်း အခွန်ထမ်းဆောင်ရန် တာဝန်ရှိပေသည်။ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အခွန်ထမ်းဆောင်သည့် အလေ့အထ၊ အမူအကျင့်များ ပြည်သူများအကြား နိုးကြားလာပြီး အခွန်ယဉ်ကျေးမှု မြင့်တက်လာစေရန် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့သူများအား မတ် ၆ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတကိုယ်တိုင် ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့ကြသည့် ကုမ္ပဏီလုပ်ငန်းရှင်အချို့အား တွေ့ဆုံမေးမြန်းထားပါသည်-**

သတင်း-မျိုးသူဟိန်း
ဓာတ်ပုံ-ကိုကိုစိုးညွန့်


ဦးအောင်ကိုဝင်း


ဒေါ်ဝင်းဝင်းတင့်


ဦးအောင်ဇော်နိုင်


ဦးအောင်မိုးကျော်

**ဦးအောင်ကိုဝင်း (ဥက္ကဋ္ဌ၊ ကမ္ဘောဇဘဏ်လီမိတက်)**

ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရဲ့ ဂုဏ်ထူးဆောင်ဆုအပါအဝင် ဝင်ငွေခွန်အများဆုံးပေးဆောင်နိုင်သူ ၁၀ ဦးစာရင်းမှာ နှစ်ဆုနဲ့ စုစုပေါင်း သုံးဆု လက်ခံရရှိတာဖြစ်ပါတယ်၊ တစ်နိုင်ငံလုံး ဝင်ငွေခွန် သုံးနှစ်ဆက်တိုက် အများဆုံး ထမ်းဆောင်ခဲ့စဉ်တုန်းက နိုင်ငံတော်သမ္မတရဲ့ သုံးနှစ်ဆက် နိုင်ငံ့စွမ်းဆောင်ရည် ဆုရယ်၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံး သယ်ပိုးထမ်းဆောင်သော လုပ်ငန်းရှင် ပထမဆု သုံးနှစ်ဆက်ရရှိခဲ့ပါတယ်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ တိုင်းပြည်ကို တည်ဆောက်တဲ့အခါမှာ ပြည်သူပြည်သားတွေအနေနဲ့ အခွန်ကို တိတိကျကျ ထမ်းဆောင်ခြင်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

**ဦးညီမြင့် (အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ၊ ကမ္ဘောဇလုပ်ငန်းအုပ်စုများ ကုမ္ပဏီ)**

ဒီနေ့ နိုင်ငံတော်သမ္မတရဲ့ ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်မှာ ဝင်ငွေခွန်နဲ့ ကုန်သွယ်ခွန် ပေးဆောင်တဲ့ အဆင့် ၁၀ အတွင်းက ၁၀ ဦးစီနဲ့ စုစုပေါင်း ၂၀ကို ဂုဏ်ပြုဆုပေးတဲ့ အခမ်းအနားဖြစ်ပါတယ်၊ ဒီအခမ်းအနားမှာ ကျွန်တော်တို့ ကမ္ဘောဇဘဏ်က ဆုသုံးဆုရပါတယ်၊ ဝင်ငွေခွန်အများဆုံးပေးဆောင်တဲ့ ဆုရယ်၊ ကျွန်တော်တို့ကုမ္ပဏီ အုပ်စုထဲကဖြစ်တဲ့ ဂျိန်းဖောအောင်ကုမ္ပဏီက ရရှိတဲ့ဆုရယ်၊ လက်ရှိအစိုးရလက်ထက်မှာ ပထမဆုံးချီးမြှင့်တဲ့ နိုင်ငံတော်သမ္မတကပေးတဲ့ ဂုဏ်ထူးဆောင်ဆုရယ် စုစုပေါင်း သုံးဆုလက်ခံရရှိမှာပါ။

နိုင်ငံတော်သမ္မတကြီးပေးတဲ့ ဂုဏ်ထူးဆောင်ဆုကတော့ ကျွန်တော်တို့ ကမ္ဘောဇဘဏ်ကုမ္ပဏီ ဥက္ကဋ္ဌက ၂၀၁၁-၂၀၁၂ကနေစပြီး အခွန်အများဆုံး ခြောက်နှစ်ဆက်တိုက်ဖြစ်တဲ့အတွက် ဒီဆုကိုပေးတာဖြစ်ပါတယ်၊ ကျွန်တော်တို့ ပြီးခဲ့တဲ့ ခြောက်နှစ် ကာလအပါအဝင် အခွန်ဆောင်ခဲ့တာဆိုရင် ၁၀၇ ဘီလီယံ ရှိပါတယ်၊ အခွန်စည်းကြပ်ပြီးဖြစ်တဲ့ ၂၀၁၇-၂၀၁၈ အတွက် ပေးသွင်းထားတဲ့ ဝင်ငွေခွန်က ၃၂ ဘီလီယံ အပါအဝင် ဆိုရင် ဘီလီယံ ၁၄၀ နီးနီး နိုင်ငံတော်အတွက် ပေးသွင်းပြီးဖြစ်ပါတယ်၊ နိုင်ငံတိုင်းမှာဆိုရင်လည်း သက်ဆိုင်ရာ အစိုးရတွေက ကိုယ့်နိုင်ငံရဲ့ ပြည်သူ ပြည်သားတွေအတွက် ကဏ္ဍအသီးသီးကို ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတော်ဘတ်ဂျက်အတွက် အခွန်ကလည်း အဓိက ပါဝင်ပါတယ်။

အခွန်ဆောင်ရမှာကို တာဝန်သိစွာနဲ့ မဖြစ်မနေ အလေးထားပေးသွင်းပြီး ထမ်းဆောင်ရပါတယ်၊ ဒီလိုထမ်းဆောင်တဲ့အတွက်လည်း နိုင်ငံတော်မှာ အခွန်လုံလောက်စွာရရှိပြီး တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ရမယ့် လုပ်ငန်းကဏ္ဍအသီးသီးကို လုပ်ပေးနိုင်မှာဖြစ်ပါတယ်၊ ကျွန်တော်တို့နိုင်ငံမှာလည်း အခွန်အသိစိတ်ဓာတ်တွေ တဖြည်းဖြည်းရှိလာကြပါပြီ၊ နိုင်ငံတော်ကလည်း အခွန်ကိုအလေးထားတယ်၊ အခွန်ပေးဆောင်ဖို့အတွက် စနစ်တွေလည်း ဆောင်ရွက်ပေးတယ်၊ ကျွန်တော်တို့ လုပ်ငန်းရှင်တွေအနေနဲ့ကလည်း အခွန်ကို ပေးဆောင်ကြတယ်၊ တစ်ဖက်ကလည်း နိုင်ငံသားတွေအနေနဲ့ အခွန်ပေးဆောင်တဲ့ စိတ်ဓာတ်ကို ပိုမိုသိရှိလာပြီး ပြည်သူပြည်သားအားလုံးက တစ်ဦးချင်းတာဝန်ကျေပွန်ကြမယ်ဆိုရင် နိုင်ငံတော်အခွန်ဘဏ္ဍာ တောင့်တင်းပါမယ်။

နိုင်ငံတော် အခွန်ဘဏ္ဍာတောင့်တင်းရင် နိုင်ငံတော် တိုးတက်ရာ တိုးတက်ကြောင်း လုပ်ငန်းတွေကို ပိုပြီးဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ဒီအခွန်ထမ်းဆောင်ခြင်းဟာ မရှိမဖြစ်အရေးကြီးတဲ့ ကိစ္စဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့လည်း ခုလိုအရေးကြီးတဲ့ကိစ္စမှာ တစ်ထောင့်တစ်နေရာက ပါဝင်ရတဲ့အတွက်လည်း များစွာ ဂုဏ်ယူဝမ်းမြောက်ပါတယ်၊ ကျွန်တော်တို့ ကမ္ဘောဇအုပ်စုအနေနဲ့ ပြည်သူတွေရဲ့ အားပေးမှုနဲ့အတူ ဆက်လက်ကြိုးစားဆောင်ရွက်သွားပါမယ်၊ အခွန်ဆောင်စရာရှိတာကိုဆောင်ပြီး ရရှိတဲ့အကျိုးအမြတ်ကိုလည်း ပြည်သူ့အကျိုးပြုအတွက် အဓိကထား လှူဒါန်းသွားပါမယ်။

**ဒေါ်ဝင်းဝင်းတင့် (မန်နေဂျင်းဒါရိုက်တာ၊ City Mart Holding Co.,Ltd.)**

ကျွန်မတို့ City Mart Holding ကုမ္ပဏီအနေနဲ့ကတော့ ကုန်သွယ်ခွန် အဆင့် ၉ အနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ အခွန်ထမ်းဆောင်ခဲ့ပါတယ်၊ ဒီလိုအခွန်ဆောင်ခဲ့တဲ့အတွက် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က ဂုဏ်ပြုဆုချီးမြှင့်တဲ့အတွက် များစွာဝမ်းသာ ဂုဏ်ယူမိပါတယ်၊ အခွန်ထမ်းဆောင်တဲ့ ပြည်သူတစ်ယောက်အနေနဲ့ အခွန်တာဝန်ကျေတဲ့ ကုမ္ပဏီတစ်ခုအနေနဲ့ ရပ်တည်ခွင့်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာဂုဏ်ယူရပါတယ်၊ အခွန်နဲ့ ပတ်သက်လို့ကတော့ တိုင်းသူပြည်သားတစ်ယောက်အနေနဲ့ နိုင်ငံတော်အပေါ်မှာ အခွန်ဆောင်ရမယ့် တာဝန်ရှိပါတယ်၊ ကုမ္ပဏီလုပ်ငန်းတစ်ခုအနေနဲ့ ရပ်တည်မယ်ဆိုရင်လည်း ကုမ္ပဏီက ကျသင့်တဲ့အခွန်ကို ထမ်းဆောင်ရမယ့် တာဝန်တွေရှိပါတယ်၊ ကုမ္ပဏီလုပ်ငန်းတွေအတွက်ကတော့ ရောင်းချမှုအပေါ်မှာ ကျသင့်တဲ့ ကုန်သွယ်ခွန်နဲ့ အမြတ်ပေါ်မှာ ထမ်းဆောင်ရတဲ့ ဝင်ငွေခွန်ဆိုပြီး ရှိပါတယ်၊ တစ်ဦးချင်းအနေနဲ့ကတော့ အရင်အခွန်ဥပဒေအရ လစာ ၄၈ သိန်းကျော်တာနဲ့ လစာရဲ့ တစ်စိတ်တစ်ပိုင်းကို ဝင်ငွေခွန်အနေနဲ့ထမ်းဆောင်ရပါတယ်။

ဒါကတော့ personal ဝင်ငွေခွန်ဖြစ်ပါတယ်၊ ကျွန်မတို့ တာဝန်ကျေတဲ့ ကုမ္ပဏီအနေနဲ့ ကျသင့်တဲ့အခွန်တွေကို ထမ်းဆောင်ရင်းနဲ့ တစ်ဖက်တစ်လမ်းကနေ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တစ်စိတ်တစ်ပိုင်း ပါဝင်ခွင့်ရသလို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မယ်ဆိုရင်လည်း တစ်ဖက်ကနေပြီး တိုင်းပြည်ရဲ့ လုပ်ငန်းတွေ၊ နိုင်ငံသူနိုင်ငံသားတွေအတွက် ပိုပြီးတိုးတက်နိုင်မယ့် အခွင့်အလမ်းတွေ ရရှိလာမယ်လို့မြင်ပါတယ်။ ဒါကြောင့် အပြန်အလှန် အကျိုးပြုတဲ့အနေနဲ့ အခွန်ကို လူတိုင်းပေးဆောင်သင့်တယ်လို့ ကျွန်မအနေနဲ့ အကြံပြုလိုပါတယ်။

**ဦးအောင်ဇော်နိုင် (မန်နေဂျင်းဒါရိုက်တာ၊ ရွှေတောင်ကုမ္ပဏီလီမိတက်)**

ကျွန်တော်တို့ ရွှေတောင်ကုမ္ပဏီက ဝင်ငွေခွန်ထမ်းဆောင်မှုအဆင့် ၄ အနေနဲ့ ဂုဏ်ပြုမှတ်တမ်းလွှာ လက်ခံရရှိတာဖြစ်ပါတယ်၊ ၂၀၁၄ ခုနှစ်ကလည်း နိုင်ငံတော်သမ္မတက ဆုချီးမြှင့်တဲ့အခါမှာ အခွန်ထမ်းဆောင်ဆု ရရှိခဲ့ပါတယ်၊ ပြီးတော့ အခွန်ထမ်းဆောင်တဲ့ ထိပ်ဆုံး ၅၀ စာရင်းထဲမှာလည်း ကျွန်တော်တို့ ကုမ္ပဏီနှစ်ခုပါဝင်ပါတယ်၊ နိုင်ငံတော်ကပေးတဲ့ အခွန်ကိစ္စတွေရော၊ အခြားကိစ္စတွေမှာပါ ဆုတွေရတာရှိပါတယ်၊ အခုလိုအခွန်ထမ်းဆောင်ကြတဲ့ ကုမ္ပဏီတွေကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က ချီးမြှင့်တဲ့အတွက် ဝမ်းလည်းဝမ်းသာပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်။

နောက်ထပ်လည်း ဒီထက်ပိုပြီး ဆောင်ရွက်သွားဖို့ ခွန်အားတွေရပါတယ်၊ ဒီထက်ပိုပြီးတော့လည်း နိုင်ငံတော်တည်ဆောက်ရာမှာ လိုအပ်တဲ့ ဘတ်ဂျက်တွေကို ဖြည့်ဆည်းပေးနိုင်တဲ့ အခွန်ထမ်းတစ်ယောက်အဖြစ် ဆက်ပြီးဆောင်ရွက်သွားမှာပါ၊ နိုင်ငံသားတိုင်းဟာ အခွန်ထမ်းဆောင်ဖို့ တာဝန်ရှိပါတယ်။ နိုင်ငံသားတိုင်း အခွန်ထမ်းဆောင်မှသာလျှင် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်လမ်းကြောင်းကို ရောက်ရှိသွားမှာဖြစ်ပါတယ်။

**ဦးအောင်မိုးကျော် (မန်နေဂျင်းဒါရိုက်တာ၊ International Beverages Trading Co.,Ltd. )**

ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ကတော့ ကုန်သွယ်ခွန်ထမ်းဆောင်မှုမှာ ဂုဏ်ပြုဆုရရှိတာဖြစ်ပါတယ်၊ ကျွန်တော်တို့ လွန်ခဲ့တဲ့ ၁၀ နှစ် လောက်ကနေစပြီး အခွန်အများဆုံးပေးတဲ့ ဒုတိယအဆင့်အနေနဲ့ နိုင်ငံတော်က ဆုချီးမြှင့်တာကို အမြဲတမ်းရရှိပါတယ်၊ ကျွန်တော်တို့ နိုင်ငံ့သားကောင်း စီးပွားရေးလုပ်ငန်းရှင်အနေနဲ့ အပြည့်အဝအခွန်ထမ်းဆောင်ဖို့အတွက် ဒါရိုက်တာဘုတ်အဖွဲ့ရော၊ ရှယ်ယာရှင်တွေကပါ ခံယူချက်အပြည့်နဲ့ ထမ်းဆောင်ခဲ့တာဖြစ်ပါတယ်၊ သေချာကျနစွာ နိုင်ငံတော်ရဲ့ဥပဒေနဲ့အညီ ဆောင်ရွက်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ တာဝန်ရှိတယ်လို့ ခံယူထားတဲ့အပြင် နိုင်ငံတော်ကို အသိအမှတ်ပြုတဲ့အနေနဲ့ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။

နိုင်ငံတော်အတွက်လည်း အခွန်က အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်နေတယ်လို့ ယုံကြည်ပါတယ်၊ နိုင်ငံတော်သမ္မတကြီးက အခုလို အခွန်ထမ်းဆောင်တဲ့ နိုင်ငံ့သားကောင်းတွေကို အသိအမှတ်ပြုတဲ့အတွက် အထူးဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်၊ နောက်ပိုင်းတွေမှာလည်း ဒီလိုဆက်ပြီးတော့ လုပ်ဆောင်နိုင်ဖို့ မျှော်လင့်ပါတယ်၊ နိုင်ငံတော်က သွားနေတဲ့လမ်းကြောင်းမှာ အခွန်က နိုင်ငံတော်ရဲ့ အဓိကဘဏ္ဍာငွေအတွက် သုံးစွဲမှာဖြစ်လို့ ကျွန်တော်တို့ တိုင်းသူပြည်သားအားလုံးက ကျရာနေရာကနေ သတ်မှတ်ထားတဲ့ ဥပဒေအတိုင်း လိုက်နာဆောင်ရွက်မယ်ဆိုရင် နိုင်ငံတော်က ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမှာဖြစ်ပါတယ်၊ အခွန်ဥပဒေတွေကလည်း စနစ်တကျနဲ့ စဉ်ဆက်မပြတ်ဆောင်ရွက်လာတော့မှာဖြစ်တဲ့အတွက် နိုင်ငံ့သားကောင်းတွေအနေနဲ့ အခွန်တွေကို ထမ်းဆောင်သွားမယ်ဆိုရင် နိုင်ငံတော်ကလည်း သာယာဝပြောတဲ့ အနေအထားကို ပြန်လည် ဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ပါတယ်။

ကုမ္ပဏီလုပ်ငန်းရှင်များက မိမိတို့ပေးဆောင်ရမည့် အခွန်များကို အပြည့်အဝ ထမ်းဆောင်ခြင်းဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီဆောင်ရွက်နေမှုများနှင့် အခွန်ထမ်းခြင်းအပေါ် ၎င်းတို့၏ ခံယူချက်များကို ပွင့်ပွင့်လင်းလင်းပြောကြားခဲ့မှုများကို ကြားသိရသဖြင့် မိမိတို့နိုင်ငံတွင် တစ်စထက် တစ်စ အခွန်ယဉ်ကျေးမှုများ နိုးကြားမြင့်မားလာတော့မည်ဟု ယုံကြည်လျက်။

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က စပါးတင်း ၁၀၀ လျှင် ကျပ်ငွေ ငါးသိန်းဈေးနှုန်းကို အခြေခံ၍ ဝယ်ယူပေးရန် ထုတ်ပြန်

**နေပြည်တော် မတ် ၆**

မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ အခမ်းအနားတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ကြေညာသည့် အခြေခံရည်ညွှန်း စပါးဈေးနှုန်းအတိုင်း ရောင်းဝယ်ရန် ထုတ်ပြန်ခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**
**ထုတ်ပြန်ကြေညာချက်အမှတ်(၀၈/၂၀၁၈)**
**၂၀၁၈ ခုနှစ်၊ မတ်လ (၆)ရက်**
**အခြေခံရည်ညွှန်း စပါးဈေးနှုန်းအတိုင်း ရောင်းဝယ်ရန် ထုတ်ပြန်ခြင်း**

၁။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အသင်းဝင် ဆန်စက်များ၊ ဆန်စပါးကုန်သည်များ၊ အကျိုးဆောင်များနှင့် ပုဂ္ဂလိကကုမ္ပဏီအဖွဲ့အစည်းများ အနေဖြင့် (အစိုဓာတ် ၁၄%)ရှိပြီး အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲ စသော အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ လျှင် ကျပ်ငွေ ငါးသိန်းဈေးနှုန်းကို အခြေခံ၍ ဝယ်ယူပေးရန် ထုတ်ပြန်အသိပေးအပ်ပါသည်။ ဈေးကွက်ပေါက်ဈေးသည် အခြေခံဈေးနှုန်း၏အပေါ်တွင် ဖြစ်ပေါ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရမည်ဖြစ်ပြီး အကယ်၍ ဈေးကွက်ပေါက်ဈေးသည် အခြေခံ ဈေးနှုန်းအောက်တွင် ကျဆင်းဖြစ်ပေါ်ပါက အခြေခံဈေးအတိုင်း ဝယ်ယူရမည်ဖြစ်ပါသည်။

၂။ ပေါ်ဆန်း၊ အထူးညှော်မထအုပ်စု စသော အချို့သော အဆင့်မြင့်စပါးအုပ်စုတို့သည် တင်း ၁၀၀ လျှင် ခုနစ်သိန်း၊ ရှစ်သိန်းမှ ၁၀ သိန်းကျော်အထိ ဈေးကောင်းရရှိနေပြီဖြစ်၍ အဆိုပါစပါးများကို ဈေးကွက်ပေါက်ဈေးအတိုင်းသာ ရောင်းဝယ်ရန်ဖြစ်ပါသည်။ သို့ရာတွင် လုပ်ကွက်ငယ် တောင်သူလယ်သမားများ အပါအဝင် တောင်သူလယ်သမားအများစု စိုက်ပျိုးသော သာမန်စပါးအမျိုးအစားများသည် စပါးပေါ်ချိန်တွင် ဈေးနှုန်းကျဆင်းလေ့ရှိသောကြောင့် အဆိုပါလုပ်ကွက်ငယ် တောင်သူလယ်သမားအများစု၏ အကျိုးစီးပွားကို ဦးစားပေးသောအားဖြင့် ၎င်းတို့ စိုက်ပျိုးသော စပါးများအတွက် အခြေခံဈေးနှုန်းအဖြစ် သတ်မှတ်ထုတ်ပြန်ပေးခြင်းဖြစ်ပါသည်။ ယခုသတ်မှတ်သော အခြေခံဈေးနှုန်းသည် ၂၀၁၈ ခုနှစ် နွေစပါးပေါ်ချိန်နှင့် ၂၀၁၈ ခုနှစ် မိုးစပါးပေါ်ချိန်တို့အတွက် အဓိက ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ပုဂ္ဂလိက ကုန်သည်/စက်ပိုင်များ၊ ကုမ္ပဏီများကို ဦးဆောင်စည်းရုံး၍ လုပ်ကွက်ငယ်တောင်သူလယ်သမားအများစု စိုက်ပျိုးထုတ်လုပ်သော စပါးများကို စပါးပေါ်ချိန်တွင် ဈေးကောင်းရရှိရေးအတွက်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် တိုးမြှင့်တင်ပို့ရောင်းချနိုင်ရေးအတွက်လည်းကောင်း ဦးဆောင်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အခြေခံစပါးဈေးနှုန်း သတ်မှတ်ခြင်းကိုလည်း တောင်သူလယ်သမားများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်၊ အကျိုးအမြတ်၊ ပြည်တွင်းဈေးကွက် ဈေးနှုန်းများ၊ နိုင်ငံတကာဈေးနှုန်းများ စသော အခြေအနေများကို မျက်ခြည်မပြတ် လေ့လာသုံးသပ်ပြီး သက်ဆိုင်ရာ စိုက်ပျိုးထုတ်လုပ်မှု ရာသီအတွက် ဖြစ်သင့်သော အခြေခံဈေးနှုန်းကို ရာသီအလိုက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အခြေခံဈေးနှုန်းဖြင့် ရောင်းချရန် အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များထံဖြစ်စေ၊ အသင်းချုပ်ရုံးချုပ်သို့ဖြစ်စေ ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**
**အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ UMFCCI ၊ ၉ လွှာ၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၁-၂၁၈၂၆၆~၆၈၊ ၀၁-၂၃၀၁၁၂၈~၂၉**

# နိုင်ငံများအားလုံး ပူးပေါင်းတိုက်ဖျက်ရမည့် အကြမ်းဖက်ဝါဒ

■ ကိုရင်ညြ

၂၀၁၇ ခုနှစ် ဩဂုတ်လနှောင်းပိုင်းက မြန်မာနိုင်ငံ ရခိုင်ပြည်နယ်၌ နောက်ဆုံးဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်သည် ကမ္ဘာ့အခြားသော နေရာဒေသများအထိ၊ အထူးအားဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့အပေါ် ဂယက်ရိုက်ခတ်မှု ဖြစ်ပေါ်စေခဲ့သည်ဟု အစချီရေးသားထားသော ဆောင်းပါးတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရလေသောအခါ အနောက်တံခါးဘက်မှ မြည်ဟိန်းထွက်လာသော အသံဗလံများနှင့်ပတ်သက်၍ စေ့ငုလေ့လာမိလေ၏။

**မငြိမ်းဖွယ်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာရပုံကို ထောက်ပြထား**

ဆောင်းပါးရှင်မှာ အိန္ဒိယသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ Ashok Sajjanhar ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလထုတ် Defence and Security Alert အမည်ရှိစာစောင်တွင် "Creative Tightrope Walk" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားလေသည်။

၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ARSA အဖွဲ့မှ စစ်သွေးကြွများက ရဲတပ်ဖွဲ့စခန်းပေါင်း ၃၀ ကို တိုက်ခိုက်ခဲ့ရာမှ အကျယ်အကျယ် မငြိမ်းဖွယ်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာရပုံကို စာရေးသူက ထောက်ပြထားလေသည်။

ARSA အဖွဲ့၏ ခေါင်းဆောင်မှာ အတ္တားအူလာ ဆိုသူဖြစ်ပြီး ပါကစ္စတန်ဇာတိဖွားဖြစ်ကာ ဆော်ဒီအာရေဗျနိုင်ငံ၌ ကြီးပြင်းခဲ့သည်ဆို၏။

ARSA အဖွဲ့သည် ၂၀၁၃ ခုနှစ်မှစ၍ အကြမ်းဖက်မှု လေ့ကျင့်ရေးသင်တန်းများကို ပေးလာခဲ့သော်လည်း ၂၀၁၆ ခုနှစ် အောက်တိုဘာလရောက်မှသာ ပထမဆုံးသော အကြမ်းဖက်တိုက်ခိုက်မှုကို ပြုလုပ်ခဲ့လေသည်။

အကြမ်းဖက် တိုက်ခိုက်ခံရမှုနှင့်အတူ လူ့အခွင့်အရေးဆိုင်ရာ စွပ်စွဲမှုများကို တွေ့ကြုံရသည်က မြန်မာအစိုးရဖြစ်၏။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကမူ နိုင်ငံတကာမီဒီယာများ၏ ရေးသားဖော်ပြချက်များမှာ သတင်းအတုအယောင် ရေခဲတောင်ကြီး၏ ထိပ်ဖျားပိုင်းလောက်ကိုသာ ဖော်ပြပေးနိုင်သည့် အနေအထားတွင်ရှိသည်ဟု ဝေဖန်ပြောကြားခဲ့သည်ကိုလည်း စာရေးသူက ထောက်ပြထားပြန်သည်။

**သတင်းအတုအယောင်တွေကြောင့် တင်းမာမှုတွေ ကျယ်ပြန့်**

"အကြမ်းဖက်သမားတွေရဲ့ အကျိုးစီးပွားတွေကို မြှင့်တင်ပေးတဲ့ သတင်းအတုအယောင်တွေကြောင့် တင်းမာမှုတွေ ကျယ်ပြန့်သည်ထက် ကျယ်ပြန့်သွားခဲ့ရပါတယ်"ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့လေသည်။

ရခိုင်ပြည်နယ်မှ အလုံးအရင်းအလိုက် စွန့်ခွာသွားခဲ့သူ များပြားရခြင်း၏အကြောင်းတရားများကို နိုင်ငံတကာမီဒီယာက လျစ်လျူရှုထားသည်ဟုလည်း ဒေါ်အောင်ဆန်းစုကြည်က စက်တင်ဘာ ၁၉ ရက်က ပြောကြားခဲ့သည့် မိန့်ခွန်းတွင် ဖော်ညွှန်းခဲ့သည်ဆို၏။

တစ်စစကြီးထွားလာနေသော အကျပ်အတည်းဆိုက်မှုသည် အိန္ဒိယနိုင်ငံကို အကျပ်ရိုက်စေသည်ဟု ဆောင်းပါးရှင်က ရှုမြင်သည်။

ဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာ ၅ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့စဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်၏ခေါင်းဆောင်မှုနှင့်ပတ်သက်၍ မိုဒီက အားတက်သရော ချီးကျူးထောမနာပြုခဲ့သေးသည်။မြန်မာလုံခြုံရေးတပ်ဖွဲ့များအား ပစ်မှတ်ထားသော အကြမ်းဖက်တိုက်ခိုက်မှုများကို သူအပြည့်အဝ ဆန့်ကျင်သည်ဟုလည်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ရခိုင်ပြည်နယ်၌ လူမှုစီးပွားရေးအခြေအနေများ တိုးတက်ကောင်းမွန်လာစေရေးအတွက် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟုလည်း အိန္ဒိယခေါင်းဆောင်က ဆိုမိန့်ခဲ့လေသည်။

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ကြွယ်ဝတိုးတက်ရေးတို့အတွက် အထူးပင်အရေးကြီးသော နိုင်ငံဖြစ်သည်။ အထူးအားဖြင့် ယင်း၏အရှေ့မြောက်ဘက်ရှိ နိုင်ငံများအတွက် အရေးကြီးလှပေသည်။ မြန်မာနိုင်ငံသည် အာဆီယံအသင်းနှင့် အိန္ဒိယတို့ စီးပွားရေးဆက်ဆံမှု မြှင့်တင်နိုင်ရေးနှင့် ချိတ်ဆက်မှုပြုလုပ်နိုင်ရေးတို့အတွက် အဓိကမိတ်ဖက်နိုင်ငံလည်း ဖြစ်လေသည်။


တစ်ပြိုင်နက်တည်းမှာပင် အိန္ဒိယနိုင်ငံအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်ရေးမှာ မြန်မာနိုင်ငံနည်းတူပင်သာတူညီမျှ အရေးကြီးလှပေသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဒုက္ခသည်ပြဿနာကို အဆိုးရွားဆုံး တွေ့ကြုံရသည့် နိုင်ငံဖြစ်သည်ဟု ဆောင်းပါးရှင်က ထောက်ပြသည်။ ပြဿနာစတင်ချိန်နောက်ပိုင်း ဒုက္ခသည် ၆၀၀၀၀၀ ကျော်အထိ ယင်းနိုင်ငံက လက်ခံထားရသည်ဟု သတင်းများအဆိုအရ သိရသည်။

**အလွန်အမင်းစိုးရိမ်ဖွယ်ရာ ကောင်းလှ**

အိန္ဒိယနိုင်ငံအတွင်း၌မူ ဒုက္ခသည်ပြဿနာနှင့်ပတ်သက်၍ သဘောထားအမြင်ကွဲလွဲမှုကြီးထွားလာခဲ့သည်။ အိန္ဒိယနိုင်ငံသည် ၁၉၅၁ ခုနှစ် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ ကွန်ဗင်းရှင်း၌ ပါဝင်လက်မှတ်ရေးထိုးထားခြင်း မရှိစေကာမူ အာဖဂန်နစ္စတန်မှဖြစ်စေ၊ ဘင်္ဂလားဒေ့ရှ်မှဖြစ်စေ၊ မြန်မာမှဖြစ်စေ၊သီရိလင်္ကာမှဖြစ်စေ၊ တိဘက်မှဖြစ်စေ၊ မည်သည့်နေရာမှမဟူရောက်ရှိလာသော ဒုက္ခသည်အားလုံးကို ကြိုဆိုသည့်အစဉ်အလာရှိခဲ့သည်။

သို့တစ်မူကား ပစ္စက္ခအနေအထားအရ ဒုက္ခသည်များအတွင်း ARSA အဖွဲ့၏ အဖွဲ့ဝင်ဖြစ်နိုင်သူများ ပါဝင်နိုင်သည်ဆိုသောအချက်မှာ အလွန်အမင်းစိုးရိမ်ဖွယ်ရာ ကောင်းလှသည်ဟု စာရေးသူက ရှုမြင်လေသည်။ ARSA အဖွဲ့သည် အယ်လ်ခိုင်ဒါအဖွဲ့၊ အစ္စလာမ့်စ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့၊ ဂျမားအတွတ်ဒါဝါအဖွဲ့၊ လက်ရှ်ခါအီးတိုင်ဘာ အဖွဲ့ စသည့် အကြမ်းဖက်အဖွဲ့များနှင့် ချိတ်ဆက်မှုများ ရှိထားသည်ဟု ဆိုသည်။

ပါကစ္စတန်နိုင်ငံရှိ ISI ထောက်လှမ်းရေးအဖွဲ့သည် ဒုက္ခသည်များအတွင်းရှိ အကြမ်းဖက်သမား အင်အားစုများကို တက်တက်ကြွကြွလေ့ကျင့်သင်တန်းပေးနေသည်ဟု သတင်းများတွင် ဖော်ပြထားကြောင်း ဆောင်းပါးရှင်က ထောက်ပြထားသည်။ ဤသို့ဆိုလျှင်ကား ယင်းအနေအထားက အိန္ဒိယနိုင်ငံအတွက် လုံခြုံရေးစိန်ခေါ်ချက် ကြီးကြီးမားမား ဖြစ်ပေါ်


rohingya crisis WHAT SHOULD INDIA DO?

CREATIVE TIGHTROPE WALK

Solution of the issue lies in Myanmar, not in Bangladesh or India or any other country. Vitriolic criticism of Daw Aung San Suu Kyi by international community will not make Myanmar to change its position. Diplomacy and discussion is the only way to persuade Myanmar to modify its approach. Myanmar needs to be convinced that it is in its own interest to have an urgent, inclusive, peaceful resolution of the matter.

ASHOK SAJJANHAR

The writer, a postgraduate in Physics from Delhi University and a career diplomat, has served as the Ambassador of India to Kazakhstan, Sweden and Latvia. He has also held several significant positions in Indian Embassies in Moscow, Tehran, Geneva, Dhaka, Bangkok, Washington and Brussels. He negotiated for India in the Uruguay Round of Multilateral Trade Negotiations. He has been an active participant in many of the International Seminars organised by the UNCTAD and the WTO.

The latest Rohingya crisis suddenly burst upon the consciousness and conscience of the international community about four months ago, end-August 2017 to be precise. Impact on Myanmars' neighbours, particularly Bangladesh and India, has been much more intense and severe than on countries situated far away.

WITHIN INDIA, THE ISSUE HAS BECOME EXTREMELY DIVISIVE.

စေနိုင်သည်ကား အမှန်ပင်ဖြစ်လိမ့်မည်ဟု ဆိုသည်။

**စွပ်စွဲပြစ်တင်ပြောဆိုမှုများကို ခါးခါးသီးသီး ပယ်ချခဲ့**

အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာခဲ့ကြသော ဒုက္ခသည် ၄၀၀၀၀ ကို ဌာနေပြန်ပို့ရန် ရည်ရွယ်ခဲ့ရခြင်းမှာ အိန္ဒိယအစိုးရ ရင်ဆိုင်လာရသော ယင်းစိန်ခေါ်မှုအရ ဖြစ်သည်။ ရိုဟင်ဂျာဟု မိမိကိုယ်မိမိ ခေါ်တွင်နေကြသူများသည် အိန္ဒိယနိုင်ငံကို လုံခြုံရေးအရ အကြီးအကျယ် ခြိမ်းခြောက်နေသည်ဟု အိန္ဒိယအစိုးရက တရားရုံးချုပ်ထံ စက်တင်ဘာ ၁၈ ရက်က အသိပေးအကြောင်းကြားခဲ့သည်။ ဒုက္ခသည်နှစ်ဦး၏ လျှောက်ထားလွှာကိုတုံ့ပြန်လျက် ယင်းသို့ အသိပေးအကြောင်းကြားခဲ့ခြင်းဖြစ်သည်။ ဂျမ္မူး၊ ဒေလီ၊ ဟိုက်ဒရာဘတ်နှင့် မဲဝါးမြို့တို့၌ ယာယီအခြေစိုက်ခဲ့ကြသော ဒုက္ခသည်များအတွင်း စစ်သွေးကြွတက်ကြွလှုပ်ရှားသူများကို တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

ယင်းဒုက္ခသည်များကို ဌာနေပြန်ပို့ရန် အိန္ဒိယအစိုးရက ဆုံးဖြတ်ခဲ့ခြင်းအတွက် ပြည်တွင်းရှိ အတိုက်အခံပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက ဝေဖန်ပြစ်တင်ခဲ့ပုံကိုလည်း စာရေးသူက အလေးအနက်တင်ပြထားသည်ကို တွေ့ရလေသည်။ အိန္ဒိယအစိုးရကမူ စွပ်စွဲပြစ်တင်ပြောဆိုမှုများကို ခါးခါးသီးသီး ပယ်ချခဲ့သည်။

**သဘောထားရပ်တည်ချက်ကို ပြောင်းလဲမည်ကားမဟုတ်**

ရခိုင်ပြည်နယ်နှင့် ဆက်နွှယ်နေသော ပြဿနာအတွက် အဖြေမှာ ဘင်္ဂလားဒေ့ရှ် (သို့မဟုတ်) အိန္ဒိယ (သို့မဟုတ်) အခြားနိုင်ငံတစ်နိုင်ငံအတွင်း၌ တည်ရှိသည် မဟုတ်မူ၍ မြန်မာနိုင်ငံအတွင်း၌သာ တည်ရှိသည်ဟု ဆောင်းပါးရှင်က သုံးသပ်ထားသည်။ နိုင်ငံတကာ အသိုက်အဝန်းက ဒေါ်အောင်ဆန်းစုကြည်အား မည်သို့ဝေဖန်ကြစေကာမူ မြန်မာနိုင်ငံအတွက် ယင်း၏ သဘောထားရပ်တည်ချက်ကို ပြောင်းလဲမည်ကားမဟုတ်ဟု စာရေးသူက ဆိုသည်။

မြန်မာနိုင်ငံ၏ လက်ရှိချဉ်းကပ်ပုံပြောင်းလဲစေလိုလျှင် မြန်မာနိုင်ငံအား စည်းရုံးနားချနိုင်စေရေးအတွက် သံတမန်ရေးအရနှင့် ဆွေးနွေးမှုများအရတို့သာလျှင် လုပ်ဆောင်ရန်ရှိသည်ဟု ဆောင်းပါးရှင်က ရှုမြင်လေသည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံနှင့် သံတမန်ရေး နည်းလမ်းအရ ဆွေးနွေးမှုများကို အရေးတယူ တွန်းတွန်းတိုက်တိုက် ပြုလုပ်သွားရန် လိုအပ်လှသည်။ အိန္ဒိယနိုင်ငံသည် အထူးတလည် အရေးပါလှသော အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့နှင့် တွေ့ထိဆက်ဆံရာတွင် တွေ့ကြုံနေရသော စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရန်လည်း လိုအပ်ပေဦးမည်။ အိန္ဒိယနိုင်ငံအဖို့ မြန်မာနှင့် သံတမန်ရေး ဆက်ဆံရာတွင် ကြိုးတန်းပေါ် လမ်းလျှောက်ရသလို အတိမ်းအစောင်းမခံနိုင်သည့် အခြေအနေကို ရောက်ရှိနေကြောင်း စာရေးသူက သုံးသပ်ထားလေသည်။

**ARSA အရေး ရတက်မအေးဖွယ်**

ဆောင်းပါးရှင် Ashok Sajjanhar ထောက်ပြထားသလိုပင် ARSA အဖွဲ့၏ အကြမ်းဖက်မှု လုပ်ရပ်များကြောင့် ရခိုင်ပြည်နယ်၏ အကျပ်အတည်းမှာ ပိုမိုဆိုးရွားလာသည်ဟု ကျွန်ုပ်ရှုမြင်မိလေသည်။

ပြီးခဲ့သည့် ဩဂုတ် ၂၅ ရက်က မောင်တောဒေသရှိ ရဲတပ်ဖွဲ့စခန်းပေါင်း ၃၀ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်အပြီးမှစ၍ မြန်မာနိုင်ငံကို ကမ္ဘာက (အနောက်အုပ်စုက) အာရုံစိုက်လာသည်ကား ထင်ရှားလှ၏။

ARSA အဖွဲ့သည် ဒေသခံရွာသားများကို စည်းရုံးကာ အသုံးချနေသည်မှာ ထင်ရှားသော်လည်း အကြမ်းဖက်အဖွဲ့ဖြစ်သည့် အားလျော်စွာ သိုသိပ်လှသဖြင့် အထောက်အထားများ ပြသဖို့တော့ လောလောဆယ် ခဲယဉ်းနေဦးမည်ဟု ကျွန်ုပ်ယူဆမိ၏။

အကြမ်းဖက်အဖွဲ့၏ မဟာတာဝန်မှာ ဇာတ်နာအောင်ကပြရေးဖြစ်ပေရာ ဒုက္ခသည်များပြားလေလေ ကမ္ဘာကရင်ထုမနာဖြစ်လေလေဟု ဆိုရချိမ့်မည်။ ARSA အဖွဲ့၏ ပုလင်းတူဘူးဆို့သဖွယ် ဝါဒဖြန့်ချိသူများက မုသာဝါဒသတင်းများကို ဖြန့်ချိခဲ့လေရာ ဇာတ်မှာ ပို၍နာခဲ့ရလေသည်။

**အကြမ်းဖက်လုပ်ရပ်ကို ရည်မှန်းချက်ရှိရှိလုပ်ဆောင်နေ**

အကြမ်းဖက်လုပ်ရပ်ကို ရည်မှန်းချက်ရှိရှိ လုပ်ဆောင်နေပုံကို ထင်ရှားသည့် သာဓကအဖြစ် ယင်းအဖွဲ့က တူးထားသောဥမင်လိုဏ်ခေါင်းများကို မောင်တော၊ အင္ဂူမော်ကားလမ်း၏ အောက်ခြမ်းနားတွင် ရှာဖွေတွေ့ရှိခဲ့

❝ မြန်မာ၏ အိမ်နီးချင်းနိုင်ငံများအနေဖြင့် အရေးကြီးသွေးနီးရမည် ဟူဘိသို့ပင် အကြမ်းဖက်မှု တည်းဟူသော အမိုက်ဇာတ်ကို စစ်သွေးကြွတို့ ဆက်လက် မကနိုင်စေရန် ပူးပေါင်း ဆောင်ရွက်သင့်လှသည်။ အိမ်နီးချင်းကောင်း ဆက်ဆံရေးအမြင်ဖြင့် ဒေသဆိုင်ရာ လုံခြုံရေးပြဿနာ တစ်ရပ်အဖြစ် သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်ဆောင်ရွက်သင့် ❞

သည်။ နောက်ဆုံး နိုဝင်ဘာ ၁၃ ရက်က ဖော်ထုတ်တွေ့ရှိရသော ဥမင်လိုဏ်ခေါင်းမှာ ကျောက်ပန္နအမည်ရှိ ဟိန္ဒူရွာနှင့် တည့်တည့်ခန့် တောင်ကြောပေါ်တွင် ရှိသည်။ ယင်းဥမင်များအားလုံးသည် အင္ဂူမော်ဆိပ်ကမ်းနှင့် ပိုနီးသော နေရာတွင်ဖြစ်သည်။ လူသူ၊ လက်နက်၊ ရိက္ခာစုဆောင်းရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။ နောက်ဆုံးသတင်းများအရ ဒီဇင်ဘာ ၆ ရက်က ကျောက်ပန္န (စေတီရွာ)အနီး လက်လုပ်မိုင်း ပြုလုပ်ရာတွင် အသုံးပြုနိုင်သော ကားပစ်စတင် ၉၇ လုံး ရှာဖွေတွေ့ရှိခဲ့ရသည်။

ဘူးသီးတောင်-မောင်တောကားလမ်းကို လူအင်အား၊ လက်နက်အင်အား ရှိလျှင် ပိတ်ဆို့နိုင်လောက်ပြီး အင္ဂူမော်ဘက်ခြမ်းကိုပါ ပိတ်ဆို့မည်ဆိုပါက မောင်တောသည် အခိုက်အတန့်အားဖြင့် ဖိလစ်ပိုင်နိုင်ငံရှိ မာရာဝီမြို့ကဲ့သို့ ဖြစ်သွားနိုင်သည်ဟု လုံခြုံရေးကျွမ်းကျင်သူများက သုံးသပ်ထားသည်။ မောင်တော၏ ပထဝီဝင်အနေအထားကို စစ်ရေးအမြင်ဖြင့် ကြည့်ကာ ကြိုတင်တားဆီးကာကွယ်မှုပြုလုပ်လျက်ရှိသည်ဟု ကျွန်ုပ်လေ့လာတွေ့ရှိရသည်။

**ဒုက္ခသည် ဇာတ်ထုပ်ကြီးအပေါ် မှနေ၍ အသုံးချနိုင်သေး**

ARSA အဖွဲ့၏အင်အားမှာ ၆၂၀၀ ကျော်မှ ၁၀၀၀၀ ခန့်အထိ ရှိနိုင်ကြောင်း တပ်မတော် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားပေရာ မည်သို့မျှ လျှော့တွက်ခြင်းငှာ မဖြစ်သင့်သော အင်အားအထိ စုစည်းထားနိုင်ပြီဟု အခိုင်အမာ ထောက်ချင့်သိရှိနိုင်သည်။

ARSA အဖွဲ့သည် လတ်တလောတွင် စစ်ရေးလှုပ်ရှားမှု ထပ်မံပြုလုပ်ဖွယ် မရှိဟု ယူဆရသည်။ လူပေါင်း ၆၀၀၀၀၀ ကျော်အထိ ထွက်ပြေးခဲ့ရသော ဖြစ်စဉ်နှင့် ပတ်သက်၍ ဖြစ်ပေါ်လာသော စွပ်စွဲချက်များကို အသုံးချကာ နိုင်ငံရေးတိုက်ကွက် ထိရောက်မှုရှိနေခြင်းကို ယင်းအဖွဲ့က အရှိန်အဟုန်တစ်ရပ်အဖြစ် ဆက်လက်ထိန်းနေဦးမည့်သဘောကို တွေ့မြင်ရသည်။

စာမျက်နှာ ၇ သို့ ○

# အိမ်ရာလုံးဝမဝယ်ယူနိုင်သည့် ပြည်သူများ၊ ဝန်ထမ်းများအတွက် အငှားအိမ်ရာစနစ်ဖြင့် အများဆုံး ၅ နှစ်အထိ ငှားပေးရန်နှင့် ၅ နှစ်ပြည့်ပါက အငှားအိမ်ရာမှ အရောင်းအိမ်ရာသို့ ပြောင်းရွှေ့ဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ကျင်းပစဉ်။

**နေပြည်တော် မတ် ၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ အမည်ပြောင်းလဲဖွဲ့စည်းခြင်းနှင့် ပယ်ဖျက်ခြင်း၊ ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်း၊ အိမ်ရာဖွံ့ဖြိုးရေးအတွက် ချေးငွေရယူရန် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ကို ပြင်ဆင်သည့် ဒုတိယအခြေပြစာချုပ်အား မြန်မာနိုင်ငံမှ အတည်ပြုနိုင်ရေးအတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ အစီရင်ခံစာတစ်ခုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် ယဉ်ကျေးမှုဝတ္ထုပစ္စည်းများ ခိုးယူမှု သို့မဟုတ် တရားမဝင် တင်ပို့မှုအပေါ် UNIDROIT အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုကွန်ဗင်းရှင်း(၁၉၉၅)တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စရပ်အား လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

နိုင်ငံတော်သမ္မတရုံးမှ ပေးပို့ထားသော ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်တွင် ကျေးရွာ ၂၃ ရွာ တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာ ၆၈ ရွာ ပယ်ဖျက်ခြင်းနှင့် ကျေးရွာ ၃၉ ရွာ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၏ ဥပဒေအကြောင်းအရာများ၊ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် ဇလွန်မြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်မင်းက အဆိုတင်သွင်းရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းဥပဒေကြမ်းတစ်ရပ်လုံးအား လွှတ်တော်၏ အတည်ပြုချက်ရယူရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန် ယန်း ၁၅ ဘီလီယံ ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဝန်ကြီးဌာနအနေဖြင့် သိန်း ၁၀၀ အောက်တန်ဖိုးဖြင့် ရောင်းချပေးနိုင်မည့် အိမ်ခန်းမျိုးကို တန်ဖိုးနည်းအိမ်ရာအဖြစ် သတ်မှတ်ထားပါကြောင်း၊ သိန်း ၁၀၀ အောက် တန်ဖိုးကို လက်ငင်းမဝယ်ယူနိုင်ပါက ၁၅ နှစ် အရစ်ကျပေးသွင်းသည့်စနစ်ဖြင့် ရောင်းချပေးသွားရန် စီမံဆောင်ရွက်ထားရှိပါကြောင်း၊ နိုင်ငံတကာတွင်လည်း မိသားစုတစ်စု၏ စုစုပေါင်း ဝင်ငွေ ၃၀ ရာခိုင်နှုန်းကိုသာ အိမ်ရာအတွက် အသုံးပြုသည်ကို တွေ့ရှိရပါကြောင်း။

အိမ်ရာလုံးဝမဝယ်ယူနိုင်သည့် ပြည်သူများ၊ ဝန်ထမ်းများအတွက် အငှားအိမ်ရာစနစ်ဖြင့် အများဆုံး ၅ နှစ်အထိ ငှားပေးမည့် အစီအစဉ်ရှိပြီး ငှားရမ်းခများကိုလည်း သင့်တင့်သောနှုန်းထားဖြင့် သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပါကြောင်း၊ ၅ နှစ်ပြည့်ပါက အငှားအိမ်ရာမှ အရောင်းအိမ်ရာသို့ ပြောင်းရွှေ့ဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝင်ငွေနည်းပြည်သူများ အိမ်ရာဝယ်ယူနိုင်ရန်အတွက် ရန်ကုန်မြို့၌ လှိုင်သာယာ၊ ရွှေပြည်သာ၊ ဒဂုံမြို့သစ် မြို့နယ်များတွင်လည်းကောင်း၊ မန္တလေးမြို့၌ မြရည်နန္ဒာ၊ မယ်ကင်းကုန်း နေရာများတွင် လည်းကောင်း၊ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့များတွင်လည်း တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ လည်းကောင်း ရောင်းချပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၊ လစာအလယ်အလတ်ရရှိသော နိုင်ငံ့ဝန်ထမ်းများအား ကိုယ်ပိုင်အိမ်ရာများဖြင့် စိတ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ပြည်ထောင်စုဘတ်ဂျက်၊ PPP စနစ် ရင်းနှီးမြှုပ်နှံမှုတို့ဖြင့် တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာ စီမံကိန်းများအား ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေမည့် ဂျပန်နိုင်ငံ JICA မှ သက်သာသော အတိုးနှုန်းထားဖြင့် နှစ်ရှည်ချေးယူမည့် ဂျပန် ယန်း ၁၅ ဘီလီယံအား ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

အလားတူ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆက်လက်ရှင်းလင်းတင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် ဒုတိယအခြေပြစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြုရေးကိစ္စနှင့် စပ်လျဉ်း၍ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ ဒေါ်ထုမေတို့က ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေက ယခုအာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များမှ မိမိနိုင်ငံအကျိုးဖြစ်ထွန်းမည့် အစီအမံများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်နေပါကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံများအကြား အကျိုးစီးပွားနှင့် အာဆီယံအကျိုးစီးပွားတို့ကို ထည့်သွင်းစဉ်းစားပြီး အာဆီယံစီးပွားရေးအသိုက်အဝန်းထဲတွင် ဝင်ဆံ့နိုင်ရန် ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ၌ လက်မှတ်ရေးထိုးခြင်းမှသည် အကျိုးအမြတ်ကို နိုင်ငံသူ နိုင်ငံသားများ လက်တွေ့အကျိုးကျေးဇူးများ ရရှိနိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုတိုင်းတွင် နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးခြင်းများ တစ်ပြိုင်တည်း လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူများ အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များ၏ အကျိုးကို သိရှိခံစားနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ ၆ လပတ် အခွန်ကောက်ခံရရှိမှု အခြေအနေအစီရင်ခံစာနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၄/၂၀၁၈) တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက အခွန်ယဉ်ကျေးမှု တိုးတက်ရန်ဆိုလျှင် ပြည်သူများ သံသယကင်းစွာ အခွန်ပေးဆောင်လာစေရန် လိုအပ်ပြီး ရသင့်ရထိုက်သည့် သယံဇာတနှင့် သွင်းကုန်ထုတ်ကုန်များမှ အခွန်မယိုဖိတ်စေရန်လည်း အရေးကြီးပါကြောင်း၊ ခေတ်အဆက်ဆက် မှောင်ခိုလမ်းကြောင်းမှ တစ်ဆင့် စစ်ဆေးရေးဂိတ်အသွယ်သွယ်ကိုဖြတ်ပြီး ပုံစံအမျိုးမျိုးလွှတ်မြောက်နေသည်မှာ နှစ်ပေါင်းများစွာ အတွေ့အကြုံများက သက်သေပြနေပါကြောင်း၊ ယင်းကိစ္စကို အလေးထားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းတို့က ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ယဉ်ကျေးမှုဝတ္ထုပစ္စည်းများ ခိုးယူမှု သို့မဟုတ် တရားမဝင် တင်ပို့မှုအပေါ် UNIDROIT အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုကွန်ဗင်းရှင်း (၁၉၉၅) တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်က ယခုစာချုပ်ကို ၁၉၉၅ ခုနှစ် ဇွန်လတွင် လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် မိမိတို့ နစ်နာမှု၊ ဆုံးရှုံးမှုများကို ပြန်လည်ရရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် UNIDROIT အပြည်ပြည်ဆိုင်ရာ သဘောတူညီမှု ကွန်ဗင်းရှင်း (၁၉၉၅)အား မြန်မာနိုင်ငံပါဝင် လက်မှတ်ရေးထိုးရေးကိစ္စကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ လှိုင်ကော် မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ သိန္နီမဲဆန္ဒနယ်မှ စိုင်းဦးခမ်း၊ ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ကျောက်တော် မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်ထွန်းအောင်နှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်တို့က ဆွေးနွေးကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ပင်လယ်ကမ်းရိုးတန်း နယ်နိမိတ်အပါအဝင် နယ်မြေချင်းထိစပ်နေသည့် မိုင်ပေါင်းမှာ ၅၀၀၀ ကျော်ရှိပါကြောင်း၊ အဆိုပါ ထိစပ်နေသည့် နယ်နိမိတ်မှ မြန်မာတိုင်းရင်းသားတို့၏ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများမှာ အိမ်နီးချင်းနိုင်ငံများသို့ ရောက်ရှိနေပါကြောင်း၊ UNIDROIT အပြည်ပြည်ဆိုင်ရာ သဘောတူညီမှု ကွန်ဗင်းရှင်း (၁၉၉၅) အား မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးခြင်းတွင် အပိုင်းနှစ်ပိုင်းရှိပါကြောင်း၊ ပထမတစ်ပိုင်းမှာ မိမိတို့နိုင်ငံမှ အခြားနိုင်ငံများသို့ ရောက်ရှိနေသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို ပြန်လည်တောင်းယူရေးကိစ္စဖြစ်ပါကြောင်း၊ ဒုတိယအပိုင်းမှာ ပြည်ပနိုင်ငံများသို့ တရားမဝင် ရောက်ရှိမသွားစေရေးအတွက် ယခုစာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြင့် ရောက်ရှိသည့် နိုင်ငံများသို့ ပြန်လည်တောင်းယူနိုင်ရေးအပိုင်းဖြစ်ပါကြောင်း၊ မြန်မာတိုင်းရင်းသားတို့၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားသည့်အတွက် နိုင်ငံတော်အတွက် များစွာ ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**မျိုးမြင့်၊ အေးအေးသန့်(သတင်းစဉ်)**

---

**○ စာမျက်နှာ ၆ မှ**

မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဟူဘိသို့ပင် ရှင်း၍မပြီးဆုံးနိုင်သော ဒုက္ခသည်ဇာတ်ထုပ်ကြီးအပေါ်မှနေ၍ ယင်းအဖွဲ့က အသုံးချနိုင်သေးသည်။

**တစ်ဖက်သတ် မဝေဖန်ကြဘဲ လုပ်ဆောင်ကြဖို့ လိုအပ်**

ပြဿနာကြီးထွားနေချိန်တွင် မိမိ၏ ကိုယ်ကျိုးစီးပွားအလို့ငှာ ရေနစ်သူကို ဝါးကူထိုးခြင်းမရှိကြဖို့ လိုအပ်ပုံကို ကမ္ဘာ့နိုင်ငံများ အလေးထားသင့်ပေသည်။ နိုင်ငံတကာဆက်ဆံရေး အနေအထားများအပေါ် မီးစင်ကြည့်ကကာ ကျယ်ကျယ်လောင်လောင် ဝေဖန်နေမှုများကိုလည်း ကျွန်ုပ်တို့ ကြားသိနေရဆဲဖြစ်သည်။

မိမိနိုင်ငံ၏ အကျိုးစီးပွားများကို ရှေ့တန်းမတင်ဘဲ လူ့အခွင့်အရေးရှုထောင့်တစ်ခုတည်းမှ ကြည့်၍ တစ်ဖက်သတ် မဝေဖန်ကြဘဲ လုပ်ဆောင်ကြဖို့ လိုအပ်ပေမည်။

မတရားခိုးဝင် ပြောင်းရွှေ့နေထိုင်မှု ပြဿနာနှင့် အစ္စလမ်စစ်သွေးကြွဝါဒတို့မှာ ပြဿနာ၏ ပင်မရေသောက်မြစ်များတွင် ပါဝင်နေသည်။ နိုင်ငံတကာ၏ တုံ့ပြန်မှုများမှ တစ်ဆင့် မိမိတို့ရည်မှန်းထားသော အကွက်ထဲသို့ ဝင်လာအောင် ဆွပေးရန် ရည်မှန်းချက်ဖြင့် ARSA အဖွဲ့က လုပ်ဆောင်ခဲ့သည်မှာကား ထင်ရှားလှပေသည်။

နိုင်ငံတကာ၏ အာရုံစူးစိုက်မှုကို ARSA အဖွဲ့က ရရှိခဲ့ပြီး ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့ထံမှ ငွေကြေးအထောက်အပံ့များ ယင်းအဖွဲ့ ရရှိလာသည်။ ခံပြင်းဒေါသထွက်နေသော လူငယ်လူသစ်များကို အသုံးချကာ အဖွဲ့ဝင် အင်အားတိုးချဲ့နိုင်ခြင်းမှာလည်း ယင်းအဖွဲ့၏ ဗျူဟာတစ်ရပ်ဖြစ်ပေလိမ့်မည်။

ARSA ခေါင်းဆောင်များနှင့် အစွန်းရောက်အုပ်စုများ ဆက်စပ်မှုသည် ဒေသတွင်း၌ စစ်သွေးကြွများ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားလာမည့် လက္ခဏာကို ပြသနေသည်ဟု အကဲခတ်များက ဆိုကြသည်။

ARSA အဖွဲ့၏ခေါင်းဆောင်မှာ ရခိုင်ပြည်နယ်မှ မဟုတ်မူ၍ ပြည်ပအခြေစိုက်ကာ လှုပ်ရှားနေသူဖြစ်သဖြင့် နိုင်ငံတကာ အကြမ်းဖက်မှု ကွန်ရက်များနှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။

စစ်သွေးကြွများ အင်အားကောင်းလာလျှင် ဒေသတွင်း၌ စစ်သွေးကြွလှုပ်ရှားမှုများ အားကောင်းလာကာ အလွန်ဆိုးသည့် အကျိုးသက်ရောက်မှုများကို တွေ့လာရမည်ကား မလွဲပါချေ။ ဤတွင် ဖိလစ်ပိုင်ရှိ မာရာဝီမြို့ဖြစ်စဉ်ကို ကျွန်ုပ်တို့ အလေးအနက်ထားကာ သင်ခန်းစာ ယူသင့်လှပေသည်။

**အိမ်နီးချင်းနိုင်ငံများအနေဖြင့် အရေးကြီး သွေးနီးရမည်ဟူဘိသို့**

မြန်မာ၏ အိမ်နီးချင်းနိုင်ငံများအနေဖြင့် အရေးကြီးသွေးနီးရမည်ဟူဘိသို့ပင် အကြမ်းဖက်မှုတည်းဟူသော အမိုက်ဇာတ်ကို စစ်သွေးကြွတို့ ဆက်လက်မကနိုင်စေရန် ပူးပေါင်းဆောင်ရွက်သင့်လှသည်။ အိမ်နီးချင်းကောင်းဆက်ဆံရေးအမြင်ဖြင့် ဒေသဆိုင်ရာ လုံခြုံရေးပြဿနာတစ်ရပ်အဖြစ် သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်ဆောင်ရွက်သင့်ကြသည်။

ဒေသတွင်း၌ အကြမ်းဖက်သမားများ၏ အခြေစိုက်စခန်းသစ် ပေါ်ပေါက်မလာရေးအတွက် မိမိတို့က အတွေ့အကြုံ ဗဟုသုတများကို မျှဝေကူညီသွားမည်ဟူသော အင်ဒိုနီးရှား လုံခြုံရေး၊ တရားဥပဒေနှင့် နိုင်ငံရေးရာဝန်ကြီး ဝီရန်တိုက မကြာသေးမီက ပြောကြားခဲ့သည့် သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသည့်အခါ ဒေသငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက် ရောင်ခြည်တစ်ခုအဖြစ် ရှုမြင်မိ၏။ အကြမ်းဖက်ဝါဒကို တစ်နိုင်ငံတည်းက တိုက်ဖျက်ရန်မဖြစ်နိုင်၊ အကြမ်းဖက်ဝါဒသည် နယ်နိမိတ်အပိုင်းအခြားမရှိ၊ မည်သည့်လုပ်ထုံးလုပ်နည်းစည်းကမ်းမျှမရှိသဖြင့် နိုင်ငံများပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ဆိုသော ဝီရန်တို၏ ပြောကြားချက်ကို ကြားယောင်မိရင်း "တစ်ပွဲတစ်လမ်း အကဲစမ်း ARSA ခြေလှမ်း" ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

# မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ အခမ်းအနားကျင်းပ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မတ် ၆**

မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာဝင်းမြတ်အေး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီဝင်များ၊ သံအမတ်ကြီးများနှင့် သံတမန်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ ဗဟိုအလုပ်အမှုဆောင်များနှင့် အမှုဆောင်များ၊ ကုန်စည်ဒိုင်များမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ဆန်စပါးသမိုင်းနှင့် မြန်မာ့ဆန်စပါးကဏ္ဍ၏ တိုးတက်ပြောင်းလဲမှု ဗီဒီယိုဖိုင်ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကားကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် စပါးစိုက်တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြင့်တင် ဖော်ဆောင်ပေးနိုင်မည့် အခြေခံရည်ညွှန်း စပါးဈေးနှုန်းကို ထုတ်ပြန်ကြေညာသည်။ **(အဆိုပါ ထုတ်ပြန်ကြေညာချက်ကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ အကြံပေးအဖွဲ့ ခေါင်းဆောင် ဦးတင်ထွဋ်ဦးက မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ အကြံပြုတင်ပြချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး K.W.N.D Karunaratne က မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ ဆန်တန်ချိန် ၃၀၀ လှူဒါန်းပေးမှုနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်က နိဂုံးချုပ် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဆွေးနွေးပွဲတွင် တောင်သူလယ်သမားများ၏ ထုတ်လုပ်နိုင်မှုစွမ်းအားနှင့် စပါးစိုက် တောင်သူများအတွက် အကျိုးအမြတ်ရရှိရေး ခေါင်းစဉ်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးစင်တာ ညွှန်ကြားရေးမှူး ဒေါက်တာဥမ္မာခိုင်၊ စိုက်ပျိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကော်မတီ ဥက္ကဋ္ဌ ဦးရန်လင်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးသူနှင့် မျိုးစေ့ထုတ်လုပ်သူ ဦးစိုးလင်းထွန်းတို့က လည်းကောင်း၊ ဆန်စက်လုပ်ငန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ သိုလှောင်နိုင်မှုစွမ်းရည် တိုးမြှင့်ရေးနှင့် အရည်အသွေး စံချိန်စံညွှန်းများ ကောင်းမွန်စေရေး ခေါင်းစဉ်နှင့်စပ်လျဉ်း၍ ဆန်စက်နည်းပညာ ကျွမ်းကျင်ပညာရှင် ဒေါက်တာရဲအောင်၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကျော်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဦးနေလင်းဇင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝေရည်လင်းနှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း၏ အကြံပေး Dr.Larry Wong တို့က လည်းကောင်း၊ ရေရှည်တည်တံ့အောင်မြင်စေရေးအတွက် ဆန်းသစ်တီထွင်ဆောင်ရွက်ရန် လိုအပ်မှုနှင့် ခေတ်ကာလနှင့်လျော်ညီစွာ ပြုပြင်ပြောင်းလဲရန် လိုအပ်မှုများအပေါ် ဆွေးနွေးခြင်း ခေါင်းစဉ်နှင့်စပ်လျဉ်း၍ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာထိန်လင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းဝင်းနှင့် မျိုးစေ့ထုတ်လုပ်သူ ဦးဌေးရှိန်တို့က လည်းကောင်း၊ ပို့ကုန်မြှင့်တင်ရေး၊ ဈေးကွက်များ ရေရှည်ရရှိစေရေး ခေါင်းစဉ်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးလူမော်မြင့်မောင်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာသိင်္ဂီမြင့်တို့ကလည်းကောင်း ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်တို့က မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပပြီး ပြည်တွင်းပြည်ပသတင်းမီဒီယာများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့ကြသည်။ **သတင်းစဉ်**



**မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကား ပြောကြားစဉ်။**


**မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကြည့်ရှုစဉ်။**

○ ရှေ့ဖုံးမှ

အနိုင်ကျင့်ဖို့ဆိုတာ လုံးဝစိတ်ထဲမှာမရှိပါဘူး။ ပြည်သူကလည်း အစိုးရကို အနိုင်ကျင့်ချင်တဲ့စိတ် မရှိဖို့ လိုပါတယ်။ ထို့နည်းတူပဲ ဆန်ကုန်သည်ကြီးတွေကလည်း တောင်သူလယ်သမားတွေကို အနိုင်ကျင့်ချင်တဲ့စိတ်မရှိရဘူး။ တောင်သူလယ်သမားတွေကလည်း ဆန်ကုန်သည်ကြီးတွေကို အနိုင်ကျင့်ချင်တဲ့စိတ် မရှိရဘူး။ တစ်ဦးနဲ့တစ်ဦးကို ရန်သူလိုမမြင်ဘဲနဲ့ မိတ်ဆွေလို လုပ်ဖော်ကိုင်ဖက်လို မြင်မှသာ အဆင်ပြေမှာဖြစ်ပါတယ်။

**ကိုယ့်အကျိုး၊ အများအကျိုး**

တစ်ဖက်က တိုးတက်မှ တစ်ဖက်က အောင်မြင်နိုင်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ လုပ်သွားမယ်ဆိုရင် အောင်မြင်မှုဆိုတာဟာ မလွဲမသွေဖြစ်မယ့်ကိစ္စ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ဟာ ဆန်ကို ကျွန်မတို့ ပြည်သူပြည်သား အဓိကစားသုံးနေတဲ့ အစားအစာ ပစ္စည်းဖြစ်တာကြောင့်မို့ ဒီနိုင်ငံထဲမှာ မှန်ကန်တဲ့ဈေးနဲ့ ဆန်ရနိုင်ဖို့ အရေးကြီးပါတယ်။ ဒါကိုလည်း ကျွန်မတို့ ကြည့်ရတယ်။ တစ်ဖက်မှာလည်း ကျွန်မတို့ ပြည်ပကိုပို့ဖို့ ပို့ကုန်တစ်ခုအနေနဲ့၊ ဆန်ဟာ ကျွန်မတို့နိုင်ငံအတွက် အကျိုးအမြတ်ရစေဖို့ ပစ္စည်းတစ်ခုအနေနဲ့၊ စီးပွားရေးလက်နက်တစ်ခုအနေနဲ့လည်း ကျွန်မတို့ ကြည့်ဖို့လိုပါတယ်။ ဒီလိုနှစ်ခုစလုံးဘက်က ကြည့်မှ ကျွန်မတို့ဟာ အောင်မြင်နိုင်မှာပါ။ ကျွန်မတို့ဟာ အခုဆိုလို့ရှိရင် တောင်သူလယ်သမားတွေကို ဘာသီးနှံစိုက်ပါလို့ မပြောတာဟာ တောင်သူလယ်သမားတွေဟာ ကိုယ့်ရဲ့ လိုအပ်ချက်ကို ကိုယ်နားလည်တယ်။ ကိုယ့်မြေရဲ့ အကောင်းဆုံးအခြေအနေကို ဘယ်လိုဖြစ်အောင် လုပ်ရမယ်ဆိုတဲ့ အခြေခံယုံကြည်ချက်အရ ကျွန်မတို့ဟာ ကိုယ့်ဘာသာ စိုက်ချင်တာ စိုက်ကြပါ။ သို့သော်လည်း ကိုယ့်အကျိုး၊ အများအကျိုးကို ကြည့်ပြီး စိုက်ကြပါလို့ ပြောချင်ပါတယ်။

အခု ဒီအခမ်းအနားမစခင်မှာ လုပ်ငန်းရှင်ငယ်တွေနဲ့ လူငယ်လုပ်ငန်းရှင်တွေနဲ့ တွေ့ပါတယ်။ တွေ့တဲ့အခါကျတော့ အဲဒီမှာ ကျွန်မပြောတာက ကျွန်မတို့ အရေးကြီးတဲ့ ကိစ္စတစ်ခုကတော့ ပညာသစ်တွေ ရယူဖို့ပဲ။ ကျွန်မတို့ရဲ့ တောင်သူလယ်သမားကြီးတွေဟာ ရဲရဲဝံ့ဝံ့နဲ့ စွန့်စားပြီးတော့ နည်းသစ်လမ်းသစ်တွေကို သုံးရဲရမယ်၊ ရှာရဲရမယ်။ နောက်ပြီးတော့ ကိုယ့်ရဲ့ ဘိုးဘွားဘီဘင်တွေ လုပ်ခဲ့တဲ့အတိုင်း အမြဲပဲလုပ်သွားမယ်ဆိုတဲ့ စိတ်မရှိဘဲနဲ့ အရင်ထက်ပိုပြီးတော့ ကောင်းအောင်လို့၊ ခုခေတ်ကမ္ဘာကြီးနဲ့ ဆီလျော်အောင်လို့ နည်းသစ်တွေ ရှာဖို့ဆိုတာဟာ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ ပြည်ပကို ဆန်တင်တဲ့အခါမှာ တစ်ချိန်တစ်ခါတုန်းကဆိုရင် ကျွန်မတို့နိုင်ငံဟာ ကမ္ဘာ့ဆန်အိုးကြီးပေါ့။ ကျွန်မတို့နိုင်ငံနဲ့ ယှဉ်နိုင်တဲ့နိုင်ငံမရှိဘူး။ အခုကတော့ ထိပ်တန်းမှာ မဟုတ်တော့ပေမယ့်လည်း ထိပ်တန်းမှာ ပြန်ပြီးတော့ ရနိုင်တဲ့ အခြေအနေတွေပေးနေပါပြီ။ ဒီအခြေအနေတွေကြောင့် တကယ်ပဲ အသီးအပွင့်တွေကို ဖြစ်လာအောင်ဆိုရင်တော့ အားလုံးဝိုင်းပြီးတော့ ကြိုးစားဖို့လိုပါတယ်။

**လောကနိယာမအရ**

အခု ဒီနှစ်မှာဆိုရင် ပြည်ပကို ဆန်တန်ချိန် သုံးသန်းကျော် တင်ပို့နိုင်တယ်ဆိုတာ နှစ်ပေါင်း ၇၀ အတွင်း ပထမဆုံး ဒီလိုဖြစ်လာတာ၊ ဒီလို ပြန်ပြီးတက်လာတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ ဒါထက်ပိုပြီး တိုးတက်အောင်လို့တော့ အမြဲပဲလုပ်နေရမယ်။ လောကနိယာမအရ ဘယ်အရာကမှ ငြိမ်ပြီးတော့မနေဘူး။ တိုးတက်ရင် တိုးတက်မယ်၊ မတိုးတက်ရင် ဆုတ်ယုတ်မယ်။ ဒီလိုပဲ ငြိမ်ပြီးတော့နေတာ မရှိဘူး။ အဲဒီတော့ ကျွန်မတို့ တိုးတက်အောင် ဆက်ပြီးတော့ လုပ်သွားဖို့လိုပါတယ်။ အရည်အသွေးတိုးတက်ရေးကလည်းပဲ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ အရည်အသွေးတိုးတက်ရေးဆိုတာ နှစ်မျိုးပါ။ လက်ရှိကိုယ်ထုတ်နေတဲ့ ကုန်တွေ၊ ဆန်ဆိုလည်း ဆန်စပါးပေါ့။ ဆန်စပါး အရည်အသွေး တိုးတက်ရေးလည်းဖြစ်တယ်။ အရည်အသွေးကောင်း ပစ္စည်းသစ်တွေ ထွက်လာဖို့လည်း လိုပါတယ်။ အဲဒါကြောင့် ကမ္ဘာ့အခြေအနေ၊ ကမ္ဘာမှာရှိတဲ့ လူသားတွေရဲ့ လိုအပ်ချက်တွေ၊ အကြိုက်တွေကို တစ်ချိန်လုံး လေ့လာနေဖို့လိုပါတယ်။ ဘယ်လိုဆန်မျိုးကို လူတွေက ကြိုက်တာလဲ၊ ဘယ်လိုဆန်မျိုးက ဈေးကွက်ရှိလဲ အဲဒါက တစ်ဖက်၊ တစ်ဖက်ကလည်း ကျွန်မတို့ ရောင်းချင်တဲ့ဆန်ကို ဝယ်ချင်အောင်လို့ အဲဒီနည်းတွေလည်း ရှာရမှာပါ။ အဲဒါက ဈေးကွက်ရှာနည်း။ Marketing ပေါ့။ ဈေးကွက်ရှာနည်းကလည်း အရေးကြီးပါတယ်။ ကိုယ့်ရဲ့ ပစ္စည်း၊ ကိုယ်ထုတ်တဲ့ ပစ္စည်းဟာ ဘယ်လောက်ပဲ အရည်အသွေးကောင်းကောင်း၊ ဈေးကွက်မရှာတတ်လို့ရှိရင် ဒီဟာ စီးပွားရေးအတွက် အကျိုးအမြတ်မဖြစ်နိုင်ပါဘူး။ ဒါကြောင့်မို့ ကျွန်မတို့ဟာ အရည်အသွေးတက်အောင်လည်း လုပ်ရမယ်။ နောက်ပြီး အရည်အသွေးတက်အောင် လုပ်တဲ့အခါမှာ ကျွန်မတို့ စီးပွားရေးမျက်စိနဲ့ ကြည့်တဲ့အခါမှာ သိပ်ပြီးတော့ ကျဉ်းကျဉ်းမြောင်းမြောင်း ကြည့်ဖို့မလိုပါဘူး။ စောစောက ပြသွားတဲ့အထဲမှာလည်း ဒီဥစ္စာနဲ့ ပတ်သက်လို့ မြေဩဇာနဲ့ ပတ်သက်လို့ ဓာတ်မြေဩဇာ၊ ဇီဝမြေဩဇာ၊ ဓာတုမြေဩဇာ မျှတအောင်လို့ သုံးတတ်ရမယ်၊ ဒါပေမယ့်လည်း ကျွန်မတို့ခေါင်းထဲမှာထားရမှာက ကမ္ဘာကြီးက ဘယ်ဘက်ကိုရွေ့နေလဲ၊ ဘယ်ဘက်ကို ရွေ့နေတယ်ဆိုတာ တော်တော်များများလည်း သိကြမှာပါ။ Organic Farming ပေါ့။ သဘာဝကိုပဲ အခြေခံတဲ့ စားကုန်ပစ္စည်းတွေ ထုတ်တဲ့ဘက်ကို ရွေ့နေတယ်။

**ကျန်းမာရေးအတွက်**

ဘာဖြစ်လို့လဲဆိုတော့ ဒီလိုထုတ်တဲ့ စားကုန်ပစ္စည်းတွေဟာ လူရဲ့ ကျန်းမာရေးအတွက် အကောင်းဆုံးပဲဆိုတာ တဖြည်းဖြည်း ပိုပိုပြီးတော့ ထင်ရှားလာတယ်။ ပြီးတော့ ကမ္ဘာကြီးကို ခြုံငုံပြီးကြည့်လိုက်မယ်ဆိုရင် လူတွေရဲ့ သက်တမ်းက ရှည်လာတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေက ကောင်းလာတယ်။ ဒါပေမယ့် အသက်ရှည်လာတာနဲ့အမျှ လူတွေဟာ၊ လူသားတွေဟာ ကျန်းမာချင်တယ်။ အသက်ရှည်ပြီး မကျန်းမာရတာက ခန္ဓာဝန်ထုပ်ကြီးဟာ ပိုပိုပြီး လေးလေးလာတယ်ပေါ့။ အဲဒါကြောင့်မို့ ကျန်းမာရေးနဲ့ ကိုက်ညီတဲ့ စားသုံးကုန်တွေ ထုတ်လုပ်ရေးဆိုတာဟာ ကျွန်မတို့အတွက်လည်း ကောင်းတယ်၊ ကျွန်မတို့ စီးပွားရေးအတွက်လည်းကောင်းတယ်၊ ကျွန်မတို့ ကျန်းမာရေးအတွက်လည်း ကောင်းတယ်။ အဲဒါကြောင့်မို့ ကျွန်မတို့ဟာ ဒီလိုနည်းသစ်တွေ ဘာတွေကိုရှာတဲ့အခါမှာ အရှေ့ကို လှမ်းပြီးတော့ ကြည့်စေချင်တယ်။ အရှေ့ကို လှမ်းပြီးတော့ မြင်စေချင်ပါတယ်။ တခြားသူတွေထက် အမြဲပဲ တစ်လှမ်း၊ နှစ်လှမ်းလောက် ပြေးနိုင်မှ တော်တော်ရယ်ပါ။ ကျွန်မတို့ လွတ်လပ်ရေးရခါနီးအချိန်မှာ ဖေဖေပြောခဲ့တဲ့ စကားတစ်ခုရှိပါတယ်။ တခြားသူတွေ လမ်းလျှောက်တဲ့အချိန်မှာ ကျွန်မတို့ပြေးမှ တော်ရုံပဲတဲ့။ ဘာဖြစ်လို့လဲဆိုတော့ အင်မတန်မှ စစ်တွင်းတုန်းက ထိခိုက်ခဲ့တာတွေရှိတဲ့အတွက်ကြောင့် ဒီလိုကိုယ်ကနေ ပိုပြီး ကြိုးစားနိုင်မှ တခြားသူတွေနဲ့ တန်းတူဖြစ်နိုင်မယ်ဆိုပြီး ပြောခဲ့တာ၊ တစ်ခါတလေလည်း ဝမ်းနည်းစရာပေါ့။ အခုခေတ်လည်း ဒီလိုပဲ ဆက်ပြီးပြောရမလိုတောင် ဖြစ်နေပြီ။ ကျွန်မတို့ အခုအချိန်မှာ ပြေးမှ တခြားသူတွေ လမ်းလျှောက်နေတဲ့သူတွေကို မီမှာဖြစ်ပါတယ်။ တိုးတက်မှုဟာ ကျွန်မတို့ နိုင်ငံမှာ နောက်ကျခဲ့တာဟာ ဆယ်စုနှစ်တွေနဲ့ ချီခဲ့ပါတယ်။

**နည်းပညာသုံး**

ဒီဟာတွေအတွက် ကျွန်မတို့ ပိုပြီးတော့ ကြိုးစားရမယ်။ အထူးသဖြင့် လူငယ်များဟာ ပိုပြီးတော့ ကြိုးစားဖို့လိုပါတယ်။ အခု နည်းပညာထိထိရောက်ရောက် အသုံးပြုရေးကိုလည်း ကျွန်မတို့ အစိုးရအနေနဲ့ရော၊ လုပ်ငန်းရှင်တွေအနေနဲ့ရော အလေးထားတယ်ဆိုတာ အားလုံးသိပြီးသားဖြစ်မှာပါ။ ကျွန်မတို့ ဒီလို နည်းပညာသုံးတဲ့နေရာမှာ နည်းပညာသုံးတာဟာ ကျွန်မတို့ နိုင်ငံတစ်နိုင်ငံလုံးအတွက်လည်းဖြစ်ရမယ်၊ လယ်ယာစိုက်ပျိုးမှုကဏ္ဍအတွက်လည်း ဖြစ်ရမယ်။ ကျွန်မတို့ရဲ့ ကမ္ဘာကြီးဟာ ဘယ်လိုပဲ တိုးတက်တယ်၊ တိုးတက်တယ် ပြောပြော နောက်ဆုံးကျတော့ အစားမစားလို့မရဘူး။ ကျွန်မတို့ လူသားတွေ အစားအစာတော့ အမြဲလိုမှာပဲ၊ အစာအာဟာရဟာ အမြဲပဲလိုနေမှာပဲ၊ စားကုန်ထုတ်တယ်ဆိုတာ ကျွန်မအမြဲပဲ ပြောပါတယ်။ နောက်ဆုံးကျတော့ မြေကြီးက ထွက်တာပဲ၊ ဘယ်လိုပဲ စက်ရုံသွားပြီး ဘယ်လိုပုံစံပဲ ထုတ်ထုတ်၊ ဥပမာဆိုပါတော့ မုန့်တွေထုတ်တယ်။ စက်ရုံမှာထုတ်တယ်။ မုန့်တွေလုပ်တဲ့ ဂျုံတို့ ဆန်တို့ဆိုတာဟာ ပထမဦးဆုံးမြေကြီးကပဲ ထွက်တာပဲ၊ မြေကြီးက ထွက်ပြီးမှ သူ့ရဲ့ လမ်းကြောင်းအတိုင်းသွားပြီး နောက်ဆုံးကျ အထုပ်ကလေးနဲ့ မုန့်ကလေးနဲ့ ဈေးဆိုင်ထဲ ရောက်လာတာပေါ့။ အဲဒီတော့ ကျွန်မတို့ရဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍဟာ အရေးကြီးပါတယ်။ ကမ္ဘာကြီးရဲ့ အစားအစာဖူလုံမှုအတွက် သိပ်ပြီးတော့ အရေးကြီးပါတယ်။ ဒါကြောင့် တချို့ကနေပြီးတော့ စက်မှုနိုင်ငံဖြစ်ဖို့၊ စက်မှုနိုင်ငံဖြစ်ဖို့ ဒါလည်းအရေးကြီးတယ်။ စက်မှုနိုင်ငံဆိုတာဟာ လယ်ယာစိုက်ပျိုးရေးကို အခြေခံပြီးတော့ အားကိုးတဲ့ ပြည်သူ ပြည်သားများလို့ စက်မှုနိုင်ငံ မဖြစ်နိုင်ဘူးဆိုတာ မဟုတ်ပါဘူး။ ဒီနှစ်ခုကို ချိတ်ဆက်ပြီးလုပ်ဖို့ လိုပါတယ်။ ကမ္ဘာမှာ လူသားတွေဟာ တခြားပဲစွန့်လွှတ် စွန့်လွှတ် နောက်ဆုံးကျတော့ အစာကို စွန့်လွှတ်လို့မရပါဘူး၊ လူသားအများစုရဲ့လိုအပ်ချက်ကို ကျွန်မတို့က ကြည့်ပြီးတော့ အလုပ်လုပ်ဖို့လိုပါတယ်။ နည်းပညာတွေကို သုံးတဲ့နေရာမှာဆိုရင် တစ်ကမ္ဘာလုံးမှာ ဘာတိုးတက်မှုတွေရှိနေလဲ၊ ကမ္ဘာ့လူသားတွေရဲ့ လိုအပ်ချက်တွေက ဘာတွေရှိနေလဲ၊ ကျွန်မတို့က ဘယ်လိုပုံစံနဲ့ ဈေးကွက်တွေကို ရှာမလဲ၊ ဘယ်သူ့ဆီကနေ နည်းသစ်တွေသင်ယူနိုင်မလဲဆိုတာ သင်ယူတဲ့အပြင် ကျွန်မတို့နိုင်ငံ တောင်သူလယ်သမားတွေအတွက် ယှဉ်ကျေးမှုအသစ်တစ်ရပ်ကို အားပေးချင်တယ်။

**တိုးတက်နေတဲ့နိုင်ငံ**

အဲဒါက ဘာလဲဆိုတော့ တောင်သူလယ်သမားမျိုးရိုးက ပေါက်ဖွားလာတဲ့ လူငယ်များဟာ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာနေပြီးတော့ တိုးတက်နိုင်တဲ့၊ ခေတ်မီနိုင်တယ်ဆိုတဲ့ စိတ်ဓာတ်တွေဖြစ်လာစေချင်ပါတယ်။ နိုင်ငံတော်တော်များများကဆိုရင် အင်မတန်မှာ တိုးတက်နေတဲ့ နိုင်ငံတချို့မှာဆိုရင် ရွာတွေက လူမရှိတော့ဘူး၊ ခြောက်ကပ်နေတယ်၊ ခြောက်ကပ်သွားတယ်။ လူငယ်တွေက ရွာတွေကနေ စွန့်ခွာသွားပြီးတော့ မြို့ကြီးတွေကို သွားကြတယ်။ အဲဒီတော့ လယ်ယာစိုက်ပျိုးရေးအတွက်လည်း ပြဿနာတွေတက်လာတယ်။ ဒါတွေကို ကျွန်မတို့က သင်ခန်းစာယူပြီးတော့ ဒါတွေဖြစ်ဖို့လိုသလား။ ကျွန်မတို့ရဲ့ တောင်သူလယ်သမားများရဲ့ သားသမီးများ၊ မြေးမြစ်များဟာ ကိုယ့်ရဲ့ ဘိုးဘွားဘီဘင် အစဉ်အဆက်နေခဲ့တဲ့ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတဲ့ဒေသတွေမှာနေပြီးတော့ စီးပွားရေးအရကော မဖွံ့ဖြိုးနိုင်ဘူးလား။ အဲဒါကို ကျွန်မ စဉ်းစားစေချင်ပါတယ်။ အဲဒီဟာကို စီးပွားရေးအတွက် အစားအစာလိုအပ်ချက်အပေါ်မှာ အခြေခံပြီးတော့ စဉ်းစားစေချင်တယ်။ နောက်ပြီးတော့ ကျွန်မတို့ နိုင်ငံရဲ့ လုပရေး၊ တည်ငြိမ်ရေး၊ စိမ်းလန်းစိုပြည်ရေးအပေါ်မှာ အခြေခံပြီးတော့လည်း စဉ်းစားစေချင်ပါတယ်။ အဲဒါကြောင့် ကျွန်မတို့ နည်းသစ်တွေရှာတဲ့အခါမှာ ပတ်ဝန်းကျင်ကို မထိခိုက်မယ့် နည်းတွေကို ရှာတတ်ဖို့လိုပါတယ်။ ပတ်ဝန်းကျင်ကို ဘယ်တော့မှ မပြောင်းလဲဘူးဆိုတာမဖြစ်နိုင်ပါဘူး၊ အချို့က သဘာဝပတ်ဝန်းကျင်ကို စောင့်ရှောက်ထိန်းသိမ်းတယ်ဆိုတာ ဘာမှမပြောင်းရဘူးလို့ ထင်ပါတယ်၊ ဘာမှမပြောင်းရင် ဘာမှဖြစ်လာမှာမဟုတ်ဘူး၊ ပြောင်းလဲသင့်တာ ပြောင်းရမှာပဲ။ စောစောက ပြသွားတဲ့အထဲမှာ တိရစ္ဆာန်တွေကို ရိုက်နေရတဲ့အဆင့်ကနေပြီးတော့ တောင်သူက တူရွင်းနဲ့ဆော်လိုက်တာနဲ့ပဲ လယ်ယာစိုက်ပျိုးရေးဘက်ကို ရောက်သွားသလိုပေါ့။ ပြောင်းလဲတာတော့ ပြောင်းလဲရမှာပဲ။ မှန်ကန်တဲ့နည်းနဲ့ ကျွန်မတို့ ပြောင်းလဲရမယ်။ လုံးဝမပြောင်းဘဲနဲ့ ဒီအတိုင်းပဲ နေသွားမယ်ဆိုတာ ဖြစ်နိုင်မှာမဟုတ်ပါဘူး။

**စက်မှုနိုင်ငံတစ်ခု**

ကျွန်မတို့ရဲ့ တောင်သူလယ်သမားကြီးများဟာ မိမိတို့ရဲ့ မိသားစုများ လယ်ယာစိုက်ပျိုးခြင်းရဲ့ ဂုဏ်သိက္ခာ၊ လယ်ယာစိုက်ပျိုးခြင်းရဲ့ တန်ဖိုးကိုလည်း နားလည်အောင်လို့ လုပ်ပေးစေချင်တယ်။ ဒါကိုလည်း ကျွန်မတို့ အစိုးရက ဒီဘက်မှာ ကူညီမစပေးစေချင်တယ်။ လယ်ယာကဏ္ဍဆိုတာဟာ အထင်သေးစရာ ကဏ္ဍမဟုတ်ဘူး၊ လယ်ယာကဏ္ဍဟာ နည်းပညာအမျိုးမျိုးတိုးတက်နိုင်တဲ့ အခွင့်အရေးတွေလည်းရှိတယ်။ ဒီလိုတိုးတက်ခြင်းအားဖြင့် ကျွန်မတို့ရဲ့ နိုင်ငံဟာ တခြားနိုင်ငံတွေနဲ့မတူ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အခြေခံတဲ့၊ ဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံတစ်ခုဖြစ်အောင်လို့ ကျွန်မတို့ မလုပ်နိုင်ဘူးလား၊ ဒါတွေကို ကျွန်မတို့ကနေပြီးတော့ တီထွင်ဉာဏ်နဲ့ ရဲရဲရင့်ရင့်စဉ်းစားပြီးတော့ အကောင်အထည်ဖော်စေချင်ပါတယ်။ ဒီတောင်သူလယ်သမားများအခွင့်အရေး၊ ကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးပေါ့နော်၊ ဒါနဲ့ပတ်သက်လို့ရှိရင်လည်း ကျွန်မတို့ ပထမအကြိမ် လွှတ်တော်ကနေစပြီးတော့ ဥပဒေပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေပြဋ္ဌာန်းတဲ့အချိန်မှာတုန်းက ကျွန်မလည်း လွှတ်တော်ထဲမှာ ရှိတဲ့အခါကျတော့ ဒါတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးတဲ့အခါမှာလည်း ပါခဲ့ပါတယ်။ တော်တော်ကို အလေးထားပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ ဘယ်ဥပဒေမဆို ပြင်စရာမလိုဘူးဆိုတာတော့ မရှိပါဘူး။ ခေတ်နဲ့အညီ လိုအပ်သလိုတော့ ပိုပြီးတော့ကောင်းအောင် လုပ်သွားဖို့ဖြစ်ပါတယ်။ ဒီဥပဒေဟာ တောင်သူလယ်သမားကြီးများရဲ့ အကျိုးကို ကာကွယ်ဖို့၊ တောင်သူလယ်သမားကြီးများရဲ့ အကျိုးကို ကာကွယ်ဖို့ဆိုတာထက် ကျွန်မတို့နိုင်ငံရဲ့ အကျိုးကို ကာကွယ်ဖို့ပဲဖြစ်ပါတယ်။ အဲဒါကြောင့် ဥပဒေထွက်လာတာဟာ ကျွန်မတို့ လယ်ယာဖွံ့ဖြိုးရေးအတွက် အများကြီးအထောက်အကူပြုမယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။ အရင်တုန်းက ဥပဒေကို ပြဋ္ဌာန်းစဉ်ကလည်းယုံကြည်တယ်၊ အခုလည်း ဆက်ပြီးတော့ ယုံကြည်ပါတယ်၊ အခုဆိုရင် တောင်သူလယ်သမားတွေရဲ့ အကျိုးအတွက် ကျွန်မတို့ လုပ်ဆောင်တဲ့အထဲမှာဆိုရင် ယခင်က တစ်ဧက တစ်သိန်းပေးတာကို တစ်သိန်းခွဲ အစိုးရက ပံ့ပိုးပါတယ်။ နောက်ပြီးတော့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို စနစ်တကျ ပြုပြင်ပြောင်းလဲမှုတွေလုပ်ထားတယ်။ ဒါကြောင့် တောင်သူလယ်သမားတွေအတွက် ပိုပြီးတော့ အထောက်အကူဖြစ်နိုင်မယ်လို့ ကျွန်မတို့က ယုံကြည်ပါတယ်။

**ပူးပေါင်းဆောင်ရွက်**

တစ်နှစ်နဲ့တစ်နှစ် ဒီထက်ပိုပြီး တိုးတက်အောင်လို့ ကျွန်မတို့က ကြိုးစားသွားမှာဖြစ်ပါတယ်။ အခြေခံ ရည်ညွှန်းစပါးဈေးနှုန်းကိစ္စ၊ အဲဒါက စပါးစိုက်တဲ့ တောင်သူလယ်သမားတွေရဲ့ ဝင်ငွေနဲ့ အကျိုးစီးပွားကို အာမခံဖြစ်စေဖို့အတွက် တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့က ၂၀၁၈ ခုနှစ် မိုးစပါးရာသီမှာ စိုက်ပျိုးထုတ်လုပ်တဲ့ စပါးသီးနှံအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ဒီနေ့ အခမ်းအနားမှာ ထုတ်ပြပေးမှာ ဖြစ်ပါတယ်တဲ့။ ကျွန်မက မထုတ်ပြရင် မတက်ဘူးလို့ ပြောထားပါတယ်။ အဲဒီတော့ ထုတ်ပြကို ထုတ်ပြရမှာဖြစ်ပါတယ်။ ဒါဟာ ဘာကိုပြတာလဲဆိုတော့ ကျွန်မတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်တဲ့ တစ်ဖက်အကျိုးအတွက်ပဲလုပ်နေတာမဟုတ်ပါဘူး။ ကျွန်မတို့ရဲ့ ဆန်ကုန်သည်ကြီးတွေက ငါတို့သူဌေးဖြစ်ဖို့ဆိုတဲ့ စိတ်ဓာတ်ကြီးတွေနဲ့ လုပ်နေတာမဟုတ်ပါဘူး။ ကျွန်မတို့ နိုင်ငံရဲ့ စပါးဈေး၊ ပြည်တွင်းစပါးဈေး တည်ငြိမ်ဖို့ဆိုတာလည်း အရေးကြီးတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်မတို့ရဲ့ တောင်သူလယ်သမားကြီးတွေရဲ့ အခြေအနေက ပိုပြီး တိုးတက်လာဖို့လည်း အရေးကြီးပါတယ်။ အဲဒါကြောင့်မို့ ကျွန်မတို့ စိုက်ပျိုးရေးဝန်ကြီးနဲ့ ဆန်ကုန်သည်ကြီးများအသင်းနဲ့ ညှိနှိုင်းပြီးတော့ ဒီလိုအဖြေတစ်ခု ပေါ်လာတာဖြစ်ပါတယ်။ ဒီဟာပေါ်လာတဲ့အတွက် ကျွန်မ အများကြီး ကျေးဇူးတင်တယ်၊ အဘက်ဘက်ကို ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ရဲ့ ဆန်ကုန်သည်ကြီးများကိုလည်း ကျေးဇူးတင်တယ်။ ဒီဟာကို ဖြစ်အောင်လို့ စိတ်ရှည်လက်ရှည်နဲ့ ဆွေးနွေးပေးခဲ့တဲ့ ဝန်ကြီးဒေါက်တာအောင်သူကိုလည်း ကျေးဇူးတင်တယ်။ ဒီလိုပါဝင်ပြီးတော့ ပူးပေါင်းဆောင်ရွက်ပေးတဲ့ တောင်သူလယ်သမားကြီးများကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီဟာတွေနဲ့ ပတ်သက်လို့တော့ ကျွန်မက အသေးစိတ်မပြောတော့ပါဘူး။ ကျွန်မက ရှင်းရှင်းပဲပြောတာ၊ အဲဒါ ကြေညာရင် ကြေညာ၊ မကြေညာနိုင်ရင် မတက်ဘူးပေါ့၊ ကျန်တာတွေကိုတော့ ကိုယ့်ဘာသာကိုယ်ရှင်းပေါ့။ အသေးစိတ်ကို ကြေညာချက်ထဲမှာ အားလုံး အသေးစိတ်ပါပြီးပြီဆိုတော့ ကျွန်မဒီမှာ မပြောတော့ပါဘူး၊ အားလုံးကလည်း ကြိုဆိုမယ်လို့ထင်ပါတယ်။ ဒါဟာ အစပဲပေါ့နော်။ ကျွန်မတို့ ပူးပေါင်းဆောင်ရွက်ခြင်း လယ်ယာကဏ္ဍနဲ့ပတ်သက်လို့ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်းရဲ့ အစလို့ပဲမြင်စေချင်ပါတယ်၊ အဆုံးမဟုတ်ပါဘူး၊ အစမိုလို့ နောင်တိုးတက်မှုတွေ ရလာမယ်လို့ ကျွန်မအနေနဲ့ မျှော်လင့်ပါတယ်။

**သုတေသနပြုလုပ်ဖို့လို**

ဒီမှာ စိုက်ပျိုးရေး သုတေသနနဲ့ ပတ်သက်ပြီးတော့ ကျွန်မတို့နိုင်ငံမှာ ဒီကဏ္ဍမှာအားနည်းနေတယ်ဆိုပြီး သတိပေးဖို့ ကျွန်မကို ပြောထားပါတယ်။ ကျွန်မကလည်း ဒါသိပါတယ်၊ အစကလည်း ကျွန်မတို့ရဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွေကို မြန်မာနိုင်ငံ ပညာရေးပေါ့နော်၊ ပညာရေးကဏ္ဍမှာ သုတေသနဘက်မှာ အားနည်းနေတာကို ကျွန်မတို့ သတိပြုမိပါတယ်။ သုတေသနဘက်မှာ အားသန်တယ်ဆိုတာ ကျွန်မတို့ရဲ့ တီထွင်မှုအသစ်တွေ ဖြစ်နိုင်ဖို့ ကျွန်မတို့နိုင်ငံရဲ့ တိုးတက်မှုအတွက် အားတွေဖြစ်နိုင်တယ်။ ဒါတွေကို ကျွန်မတို့ အားထားပါတယ်။ သုတေသနလုပ်တယ်ဆိုတာ တချို့ဘာလုပ်မှာလဲပေါ့၊ သုတေသနလုပ်လည်း ဘယ်ရောက်မှာလဲ၊ သုတေသနမှန်မှန်ကန်ကန် ကိုယ့်နိုင်ငံအပေါ် လိုအပ်ချက်တွေမှာ အခြေခံပြီးတော့လုပ်ရင် အများကြီး ကျွန်မတို့အတွက် အကျိုးစီးပွားဖြစ်နိုင်ပါတယ်။ အရေးကြီးတာက ရာသီဥတုပြောင်းလဲရေးနဲ့ ပတ်သက်လို့ သုတေသနလုပ်ဖို့လိုပါတယ်။ တချို့နိုင်ငံတွေမှာဆိုရင် အခုကတည်းကစပြီး လုပ်နေပါတယ်၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဘယ်လိုစိုက်ပျိုးရေးကဏ္ဍမှာ အပြောင်းအလဲတွေ ဖြစ်လာနိုင်မလဲ၊ ရာသီဥတုပြောင်းလဲမှုနဲ့ ဆီလျော်အောင် ဘယ်လိုပုံစံနဲ့ ပြောင်းရမလဲဆိုတဲ့ သုတေသနတွေကို တချို့နိုင်ငံတွေက လုပ်နေပါပြီ၊ ကျွန်မတို့နိုင်ငံလည်း အင်မတန်မှ အရေးကြီးပါတယ်၊ မုတ်သုံရာသီဆို အရင်တုန်းကလိုမဟုတ်တော့ပါဘူး၊ ကျွန်မတို့ ငယ်ငယ်ကဆိုရင် တိတိကျကျကို တွက်လို့ရတယ်။ မေလ ၁၅ ရက်နေ့လောက်ဆိုရင် မိုးစပြီး အောက်တိုဘာလ ၁၅ ရက်နေ့လောက်ဆိုရင် မိုးပြတ်ပြီ၊ အခုတော့ ဒီလိုမဟုတ်တော့ဘူး၊ အခုတော့ ဒီလိုမဟုတ်တဲ့အပြင် မုန်တိုင်းတွေဝင်လာလို့ရှိရင် တချို့တွေက မထင်မှတ်ဘဲနဲ့ဖြစ်တယ်၊ အရေးပေါ်ဖြစ်တယ်လို့ထင်ကြတယ်။ အဲဒါတွေဟာ မထင်မှတ်ဘဲ ဖြစ်တဲ့ဟာတွေမဟုတ်ပါဘူး၊ ပုံစံသစ်လို့ ကျွန်မတို့ မြင်ရပါမယ်။ ကျွန်မတို့ရဲ့ တောင်သူလယ်သမားကြီးတွေရော၊ ကျွန်မတို့ သုတေသနလုပ်တဲ့ ပညာရှင်တွေရောပါ ကျွန်မတို့ ပုံစံသစ်ဖြစ်တဲ့ ရာသီဥတုပြောင်းလဲမှုအပေါ်မှာ အခြေခံပြီးတော့ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးဖို့အတွက် ဘာတွေလုပ်ဖို့လိုလဲဆိုတာကို စဉ်းစားဖို့အင်မတန်မှ အရေးကြီးပါတယ်။

**စာမျက်နှာ ၁၀ သို့ ☆**

# ပြည်တွင်းရေးရာ

**☆ စာမျက်နှာ ၉ မှ**

ဒီမှာ စွန့်ပစ်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲရေးတဲ့ ဒါဟာ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ကျဉ်းမြောင်းတဲ့ကဏ္ဍမဟုတ်ဘဲနဲ့ ကျယ်ကျယ်ဝင့်ဝင့် ဖြစ်လာအောင်လို့ ကြိုးစားမှုတစ်ရပ်ဖြစ်ပါတယ်၊ ကိုယ့်ရဲ့ ဘေးထွက်ပစ္စည်းတွေ၊ စွန့်ပစ်ပစ္စည်းတွေ ဖွဲ၊ စပါးခွံတို့ အလကားမဖြစ်ဘဲနဲ့ အသုံးကျအောင်၊ ဆီထွက်အောင်၊ စွမ်းအင်ထွက်အောင်လို့ ဒီလိုလုပ်နည်းတွေကို ကျွန်မတို့ရှာရမယ်။ လုပ်နည်းတွေကလည်း ဈေးမှန်ရမယ်၊ လုပ်တာက မတန်မဆဈေးကြီးနေလို့ရှိရင် ဒါဟာ လက်တွေ့မကျပါဘူး၊ အဲဒါကြောင့် ဒီလိုနည်းသစ်တွေကို ထွင်တဲ့နေရာမှာ စောစောက ကျွန်မပြောသလိုပဲ ကျွန်မတို့ရဲ့ တောင်သူလယ်သမား သားသမီးများဟာ တက်တက်ကြွကြွနဲ့ ငါတို့ကြီးလာရင် ငါတို့က တီထွင်တဲ့ ပုဂ္ဂိုလ်တွေ၊ နည်းသစ်တွေ ထွင်တဲ့ ပုဂ္ဂိုလ်တွေ၊ နည်းသစ်တွေရှာတဲ့ ပုဂ္ဂိုလ်တွေ၊ သုတေသနမှာ အောင်မြင်တဲ့ ပုဂ္ဂိုလ်တွေ၊ ငါတို့ရဲ့ ဘိုးဘွားဘီဘင်တွေ အဆက်ဆက်လုပ်ခဲ့တဲ့ လယ်ယာကဏ္ဍကို တကယ့်ခေတ်မီတိုးတက်တဲ့ လယ်ယာကဏ္ဍဖြစ်သွားအောင် လုပ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်တွေဆိုတဲ့ ယုံကြည်ချက်တွေနဲ့ ပြည့်ဝအောင်လို့ ကျွန်မတို့အစိုးရလည်း တတ်နိုင်သမျှ ပံ့ပိုးကူညီပေးရမယ်၊ ပညာရေးကဏ္ဍဘက်ကလည်း ပံ့ပိုးပေးရမယ်၊ ကျွန်မတို့ ဆန်ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်များကလည်း ငွေရေးကြေးရေးနဲ့ ထောက်ပံ့သင့်တဲ့ ဘက်ကနေ ထောက်ပံ့ပေးဖို့လိုမယ်။

တောင်သူလယ်သမားကြီးများကိုယ်တိုင်ကလည်း တာဝန်ယူပြီးတော့ ထောက်ပံ့ပေးဖို့ လိုပါလိမ့်မယ်၊ ဒီလိုကျွန်မတို့ အဘက်ဘက်ကနေ လုပ်မယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ မလွဲမသွေအောင်မြင်မယ်လို့ ယုံကြည်ပါတယ်၊ ကျွန်မတို့ နိုင်ငံဟာ စိန်ခေါ်မှု အမျိုးမျိုးနဲ့ ရင်ဆိုင်နေရတယ်၊ တစ်ခုမဟုတ်တစ်ခု ပေါ်နေ၊ တစ်နေ့တစ်မျိုး မရိုးရဘူး၊ ကျွန်မတို့ကို မပျင်းအောင်ထားတယ်လို့ပဲ ဒီလိုပဲ စိတ်ထဲမှာ မှတ်ပါတယ်၊ ဒါတွေက စိန်ခေါ်မှုတွေပဲ၊ ကျွန်မတို့ အားလုံးက ညီညီညွတ်ညွတ်နဲ့ ရင်ဆိုင်လို့ရှိရင် မကျော်လွှားနိုင်တာ ဘာမှမရှိပါဘူး၊ ဒါ့ကြောင့်မို့ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိပါ၊ ကိုယ့်နိုင်ငံရဲ့ ညီညွတ်မှုအင်အားပေါ်မှာ ယုံကြည်မှုရှိပါ၊ အခုစပြီးတော့ ဒီခန်းမကနေ ညီညွတ်မှုအင်အားကို ပြလိုက်တာပါပဲ၊ အစိုးရပါတယ်၊ စီးပွားရေးလုပ်ငန်းရှင်တွေပါတယ်၊ တောင်သူလယ်သမားတွေပါတယ်၊ ဒီသုံးစု သုံးဖွဲ့ထဲမှာ ပညာရှင်တွေကတော့ အစိုးရဘက်လည်း ပါပါတယ်၊ လုပ်ငန်းရှင်တွေဘက်ကလည်း ပါပါတယ်၊ တောင်သူလယ်သမားတွေဘက်ကလည်း ပါပါတယ်၊ ပညာရှင်ဆိုတာလည်း အရေးကြီးပါတယ်၊ သုံးဘက်တင်မဟုတ်ဘူး၊ လေးဘက်ပေါ့၊ ပညာရှင်တွေ အားလုံးပါလာပြီး ကျွန်မတို့ လက်တွဲပြီးတော့ လုပ်လို့ရှိရင် နောက်နှစ် ဒီလို ဒီအချိန်မှာ တိုးတက်မှုရှိရင် ကျွန်မ နောက်တစ်ခါ ပြန်လာတက်မယ်၊ တိုးတက်မှုရှိနိုင်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်။

တစ်နှစ်ထက် တစ်နှစ်၊ တစ်ရက်ထက် တစ်ရက်၊ တစ်လနဲ့ တစ်လ တိုးတက်မှုရှိအောင်လို့ အားလုံးဝိုင်းပြီး ကူညီကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ ဒါကြောင့် ဒီနေ့အခမ်းအနားကို တက်လာတဲ့ ကျွန်မတို့ရဲ့ ပြည်သူပြည်သားများအားလုံး၊ မိတ်ဆွေ ရဲဘော်ရဲဘက်များ အားလုံးဟာ လက်တွဲပြီးတော့ မြန်မာနိုင်ငံ ဆန်စပါးတိုးတက်ရေး၊ မြန်မာနိုင်ငံစိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေး၊ မြန်မာနိုင်ငံ စီးပွားရေးကဏ္ဍတိုးတက်ရေး၊ မြန်မာနိုင်ငံဟာ ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာရှိပြီးတော့ အင်မတန်မှ အင်အားတောင့်တင်းတဲ့ နိုင်ငံအဖြစ်ရပ်တည်ရေးအတွက် ဝိုင်းဝန်းပြီးတော့ လုပ်ပေးနိုင်ကြပါစေလို့ ကျွန်မအနေနဲ့ ဆုတောင်းမေတ္တာပို့ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

**✪ (၁၉)ကြိမ်မြောက်မှ**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့တွင် အာဆီယံဒေသတွင်း ဆက်သွယ်ရေးစီမံကိန်းများ၊ အာဆီယံ အသိအမြင်များ မြှင့်တင်ခြင်းစီမံကိန်းများနှင့် အာဆီယံနှင့် အာဆီယံဒေသ ပြင်ပမိတ်ဖက်နိုင်ငံများအကြား နားလည်မှုများ၏ အယူအဆများ ပြန်လည်သုံးသပ်စဉ်းစားကြရန် အာဆီယံကိုယ်စားလှယ်များ စုဝေးကြသည့် အရေးအကြီးဆုံး အစည်းအဝေးများထဲမှ တစ်ခုဖြစ်သော 19th SCI Meeting ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့်အတွက် မြန်မာနိုင်ငံ အထူးသဖြင့် ပြန်ကြားရေးဝန်ကြီးဌာနအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ဤအရေးကြီးသည့် အစည်းအဝေးသို့ တက်ရောက်ရန် မိမိတို့၏ တန်ဖိုးရှိသည့်အချိန်များကို သုံးစွဲလျက်ခရီးဝေးမှ လာရောက်ကြသည့် အာဆီယံကိုယ်စားလှယ်များအားလုံးကို မိမိအနေဖြင့် နွေးထွေးစွာ ကြိုဆိုပါကြောင်း၊ အာဆီယံသွင်ပြင်လက္ခဏာနှင့် အာဆီယံအသိုက်အဝန်း တည်ထောင်မှုတွင် အာဆီယံအသိအမြင်များ တိုးမြှင့်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ထပ်မံတိုးမြှင့်မည်ဟုလည်း ပြောကြားလိုပါကြောင်း။

ငြိမ်းချမ်းမှု၊ အားလုံးပါဝင်မှု၊ ကြံ့ခိုင်မှု၊ ကျန်းမာမှုနှင့် လိုက်ဖက်သည့် လူ့အဖွဲ့အစည်းတစ်ရပ်အတွက် ယဉ်ကျေးမှု ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အာဆီယံ ကြေညာစာတမ်းကို ၁၃-၁၁-၂၀၁၇ ရက်တွင် ကျင်းပခဲ့သည့် 31st ASEAN Summit ၌ အာဆီယံခေါင်းဆောင်များမှ အတည်ပြုခဲ့ပါကြောင်း၊ ထိုကြေညာစာတမ်းနှင့် စပ်လျဉ်းပြီး အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်မှုနှင့် အာဆီယံအသိုက်အဝန်းကပေးသည့် အကျိုးကျေးဇူးများနှင့် အခွင့်အလမ်းများဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်းတွေကို အားပေးတိုက်တွန်းပြီး အပြန်အလှန်လေးစားမှုနှင့် ASEAN Strategic Plan for Information and Media (2016-2025)နှင့်အညီ အသိအမှတ်ပြုမှုအမျိုးမျိုးတွေကို မိမိတို့အနေဖြင့် မြှင့်တင်သွားသင့်ပါကြောင်း။

မိမိတို့အနေဖြင့် မီဒီယာဗဟုဝါဒ၏ မီဒီယာဓလေ့ထုံးစံနှင့် ငြိမ်းချမ်းမှု၊ ပြည်သူဗဟိုပြုယန္တရားများဖန်တီးမှုတွင် လူမှုတာဝန်ရှိသည့် မီဒီယာနှင့် အစိုးရနှစ်ခုအကြား၊ အစိုးရနှင့်စီးပွားရေးလုပ်ငန်းများအကြားနှင့် အာဆီယံဆွေးနွေးဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုဖြင့် အသိုက်အဝန်းထူထောင်မှုကို မြှင့်တင်ရန် လိုအပ်ပါကြောင်း။

လူမှုမီဒီယာ၏ လျင်မြန်မှုကြောင့် နိုင်ငံတိုင်းသည် သတင်းမှား/တုများဖြင့် ကြုံတွေ့နေရပြီး အသိုက်အဝန်းအသီးသီး၏ တည်ငြိမ်အေးချမ်းရေးကို ခြိမ်းခြောက်လျက်ရှိနေပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အထူးသဖြင့် လူငယ်များအကြား မီဒီယာကျွမ်းကျင်မှုကို မြှင့်တင်ရန် အစီအစဉ်များ၊ မာလ်တီမီဒီယာဖွံ့ဖြိုးတိုးတက်ရန်နှင့် ဆိုက်ဘာလုံခြုံမှုအတွက် အသိပညာများတိုးမြှင့်ရန်တို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။




**(၁၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေး ဆပ်ကော်မတီအစည်းအဝေး ကျင်းပစဉ်။**

ယခု တက်ရောက်လာကြသော ကိုယ်စားလှယ်များ၏ အမြင်များနှင့် ထောက်ခံအကြံပြုချက်များသည် အာဆီယံပြန်ကြားရေးကဏ္ဍကို ရေရှည်တည်တံ့စွာ တိုးတက်အားကောင်းလာရန်အတွက် အကူအညီအထောက်အပံ့များဖြစ်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ အာဆီယံပြန်ကြားရေးကဏ္ဍ တိုးတက်မှုများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် အာဆီယံနိုင်ငံများအားလုံးအနေဖြင့် သက်ဆိုင်ရာနိုင်ငံအလိုက် ဆက်သွယ်ရေးစီမံကိန်းများ၊ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း အခြေပြမြေပုံနှင့် အာဆီယံသတင်းအချက်အလက်နှင့် မီဒီယာ ၂၀၁၆-၂၀၂၅ မဟာဗျူဟာစီမံကိန်း စသည်တို့ အကောင်အထည်ဖော်မှုများတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူညီထောက်ပံ့ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသူလေးများက "တို့ အာဆီယံနှင့် ထာဝရမြန်မာ" တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယဉ်ကျေးမှု အဆို၊ အကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် (၁၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံထိပ်သီးအစည်းအဝေးများနှင့် မဏ္ဍိုင်အသီးသီးရှိ အစည်းအဝေးများမှ ပြန်ကြားရေးကဏ္ဍဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် လက်ရှိပြန်ကြားရေးကဏ္ဍဆိုင်ရာလုပ်ငန်းစဉ်များအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များအတွက် ဘတ်ဂျက်လျာထားခြင်း၊ အာဆီယံယဉ်ကျေးမှုရန်ပုံငွေ(ASEAN Cultural Fund) သုံးစွဲမှု၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အကြိမ်(၂၀)မြောက် SCI Meeting ကျင်းပမည့် နိုင်ငံရွေးချယ်အတည်ပြုခြင်းများကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

(၁၉) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် မတ် ၆ ရက်မှ ၇ ရက်အထိ လက်ခံကျင်းပသွားမည်ဖြစ်သည်။

(၁၈) ကြိမ်မြောက်အာဆီယံ ပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးကို ယမန်နှစ်က မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သည်။ **သတင်းစဉ်**

**❖ AFC Cup မှ**

ဒါကြောင့် ခက်ခက်ခဲခဲယှဉ်ပြိုင်ရမှာပါ၊ ကျွန်တော်တို့အနေနဲ့ အကောင်းဆုံးရလဒ်တစ်ခုရဖို့ ကြိုးစားမှာပါ၊ အသင်းမှာ လက်ရှိ ကြုံတွေ့နေရတဲ့ ပြဿနာက အဓိက ကစားသမားတွေ ဒဏ်ရာရနေတာပါ၊ ပြီးခဲ့တဲ့ မကွေးနဲ့ ပြည်တွင်းလိဂ်ပွဲတွေမှာ ကစားသမားတွေဒဏ်ရာရခဲ့ပါတယ်၊ ဂိုးသမား ကျော်ဇင်ထက်အပါအဝင် နောက်ခံလူ မိုကာလူးနဲ့ ပြည့်ဖြိုးဇော်၊ တောင်ပံကစားသမား မောင်မောင်လွင်တို့ ဒဏ်ရာရနေပါတယ်၊ ဦးခေါင်းဒဏ်ရာရထားတဲ့ ဂိုးသမားကျော်ဇင်ထက်ရဲ့ အနေအထားကို စောင့်ကြည့်ရဦးမှာပါ၊ အကောင်းဆုံးလူစာရင်းနဲ့ပွဲထွက်ပြီး အနိုင်ရအောင် ကြိုးစားမှာပါ"ပြောကြားသည်။ ဂလိုဘယ်အသင်း နည်းပြချုပ် အယ်လာဒိုက "ကျွန်တော်တို့အတွက် အရေးကြီးတဲ့ပွဲပါ၊ ဒီပွဲအနိုင်ရမှ နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်နိုင်မှာပါ၊ ရန်ကုန်အသင်းကစားခဲ့တဲ့ အုပ်စုနှစ်ပွဲက ခြေစွမ်းကိုလည်း လေ့လာထားပါတယ်၊ မြန်မာကလပ်အသင်းတွေဖြစ်တဲ့ ရတနာပုံ၊ မကွေးတို့နဲ့ ကစားဖူးတာကြောင့် ဒီအတွေ့အကြုံက ရန်ကုန်နဲ့ပွဲအတွက် အထောက်အကူပြုပါတယ်၊ ရတနာပုံနဲ့ မကွေးကို အနိုင်ကစားထားပေမယ့် ရန်ကုန်အသင်းက သူတို့ထက် ပိုကောင်းမယ်လို့ ထင်ပါတယ်၊ အနိုင် သုံးမှတ်အတွက် ကြိုးစားမှာပါ"ဟု ပြောသည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**❒ ကျောဖုံးမှ**

ကလပ်အသင်းများအပြင် အပျော်တမ်းအသင်းများပါဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ယခုပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၅၀ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ငါးသင်း ၁၀ အုပ်စုခွဲကာ ကျင်းပလျက်ရှိသည်။ ပြိုင်ပွဲကို မတ် ၆ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲများမှာ မတ် ၂၄ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ် ကလပ်အသင်းများဖြစ်သည့် MIC၊ VUC၊ UM၊ မြို့မ၊ UPT နှင့် Titans XII အသင်းတို့လည်း ယှဉ်ပြိုင်မည်ဖြစ်သည်။ ယနေ့ကျင်းပသည့် ပထမနေ့တွင် GV Athletic အသင်းက Yeik Thar အသင်းကို ၁၀ ဂိုး-တစ်ဂိုး၊ မြို့မလှသီတာအသင်းက Monster Hero အသင်းကို ၁၁ ဂိုး-ဂိုးမရှိ၊ Best Friends အသင်းက MSJ အသင်းကို လေးဂိုး-နှစ်ဂိုး၊ RDZ အသင်းက Family United အသင်းကို ၁၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ဖူဆယ်ဖွင့်ပွဲမတိုင်မီ သုဝဏ္ဏမြက်ခင်းတုကွင်း၌ ဖွင့်လှစ်နေသော နွေရာသီ လူငယ်ဘောလုံးသင်တန်းသို့ သွားရောက်ကာ တက်ရောက်သင်ကြားနေသော ကလေးသူငယ်များနှင့် ၎င်းတို့၏မိဘများအား တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**

## မြန်မာ-တရုတ် နယ်စပ်ဆက်ဆံရေးရုံး(မြစ်ကြီးနား)ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၆**

မြန်မာ-တရုတ် နယ်စပ်ဆက်ဆံရေးရုံး(မြစ်ကြီးနား) ဖွင့်ပွဲအခမ်းအနားကို မတ် ၆ ရက် နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စုပေါင်းရုံးရှိ အခန်းအမှတ်(၂၀၂)၌ ကျင်းပခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် အလုပ်အမှုဆောင်အတွင်းရေးမှူးချုပ် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးထိန်းချုပ်ရေး ဗျူရိုညွှန်ကြားရေးမှူးချုပ် Mr. Liang Yun နှင့် အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် အလုပ်အမှုဆောင်အတွင်းရေးမှူးချုပ် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးထိန်းချုပ်ရေးဗျူရို ညွှန်ကြားရေးမှူးချုပ် Mr. Liang Yun တို့က အဖွင့်အမှာစကားပြောကြားပြီး နယ်စပ်ဆက်ဆံရေးရုံးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှု အလုပ်သဘောတွေ့ဆုံဆွေးနွေးမှုကို အဆိုပါရုံး၌ ဆက်လက်ပြုလုပ်ခဲ့ပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှု ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ မှုခင်းသတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာ-တရုတ် နယ်စပ်ဆက်ဆံရေးရုံးများအနေဖြင့် မြန်မာနိုင်ငံတွင် လွယ်ဂျယ်၊ ချင်းရွှေဟော်၊ လောက်ကိုင်နှင့် မူဆယ်တို့ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုထပ်မံဖွင့်လှစ်သော မြန်မာ-တရုတ် နယ်စပ် ဆက်ဆံရေးရုံး (မြစ်ကြီးနား) သည် မြန်မာနိုင်ငံ ကချင်ပြည်နယ်နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့အကြား နယ်စပ်ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ လက်နက်မှောင်ခိုမှုများ၊ ငွေစက္ကူအတုပြုလုပ်မှုများ စသည့် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံအကြောင်းကို ဒေသတွင်းနိုင်ငံအချင်းချင်းသာမက အခြားနိုင်ငံများကပါသိဖို့ သတင်းတွေ ဘယ်လိုဖြန့်ချိမယ်၊ ဖလှယ်မယ်ဆိုတာ အဓိကထား ဆွေးနွေးကြမှာပါ

တွေ့ဆုံမေးမြန်း - သတင်းလုလင်၊ ရီရီမြင့်၊ မြတ်စန္ဒီ
ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွဋ်

**ရန်ကုန် မတ် ၆**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသူလေးများ၏ "အာဆီယံ" တေးသီချင်းနှင့် "တို့အာဆီယံနှင့် ထာဝရမြန်မာ" တေးသီချင်းတို့ဖြင့် ကပြဖျော်ဖြေတင်ဆက်နေမှုက အာဆီယံ၏ စည်းလုံးညီညွတ်မှု သရုပ်သကန်ကို ဖော်ကျူးပြသနေသည်။

အဆိုပါ မြင်ကွင်းမှာ ရန်ကုန်မြို့ တာမွေမြို့နယ် Sky Star Hotel ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် ဖြစ်သည်။

(၁၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ယနေ့မှ မတ် ၇ ရက်အထိ လက်ခံ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါ အစည်းအဝေးနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အာဆီယံပြန်ကြားရေးကိုယ်စားလှယ်များအား သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းသည်များကို ဖော်ပြအပ်ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်**
**ပြန်ကြားရေးဝန်ကြီးဌာန**

ဒီနေ့ကျင်းပတဲ့ (၁၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးမှာ အာဆီယံနိုင်ငံများ အချင်းချင်းအကြား သတင်းပြန်ကြားရေးနဲ့ပတ်သက်တဲ့ ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့၊ အာဆီယံနိုင်ငံတွေရဲ့အကြောင်းကို နိုင်ငံအချင်းချင်းထဲမှာလည်းသိဖို့၊ ဒီနယ်နိမိတ်အပြင် အခြားနိုင်ငံဒေသကပါ သိရှိဖို့အတွက် သတင်းတွေကို ဘယ်လိုဖြန့်ချိမယ်၊ ဖလှယ်မယ်ဆိုတဲ့အကြောင်းတွေကို အဓိကထား ဆွေးနွေးမှာပါ။ ပိုပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့ ကောင်းမွန်တဲ့ နည်းလမ်းတွေ ဆက်လက် ရှာဖွေတွေ့ရှိမယ်၊ ဆက်လက်ပြီး ဘာတွေဘယ်လို ပူးပေါင်းဆောင်ရွက်မယ်ဆိုတဲ့ ပိုမိုကောင်းမွန်တဲ့ရလဒ်တွေ ထွက်ပေါ်လာဖို့ရှိပါတယ်။

အာဆီယံ သတင်းအချက်အလက်နဲ့ မီဒီယာမဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေနဲ့ ပတ်သက်ပြီးတော့လည်း ဒီကနေ့မှာ တက်ရောက်လာတဲ့ အာဆီယံ ၁၀ နိုင်ငံကိုယ်စားလှယ်များက ဆက်လက်ပြီး ဆွေးနွေးဖို့ရှိပါတယ်။ ပြီးရင် သူတို့လည်း သတင်းထုတ်ပြန်ပါလိမ့်မယ်။ အဓိကကတော့ အာဆီယံနိုင်ငံတွေ ပူးပေါင်းဆောင်ရွက်ပြီး သတင်းဖလှယ်ရေးနဲ့ ဆက်စပ်ပြီး ဒီကိစ္စတွေ အဓိက ဆောင်ရွက်ဖို့ရှိပါတယ်။ ပြီးတော့ နိုင်ငံအများမှာဖြစ်ပေါ်နေတဲ့ မီဒီယာနဲ့ပတ်သက်တဲ့ ပြဿနာအခက်အခဲတွေကိုလည်း ညှိနှိုင်းအဖြေရှာဖို့ရှိပါတယ်။ ဥပမာအားဖြင့် ပြီးခဲ့တဲ့နှစ်ပိုင်းမှာ ထင်ထင်ရှားရှားဖြစ်ခဲ့တဲ့ မဟုတ်မမှန်တဲ့ သတင်းအတုနဲ့ပတ်သက်တဲ့ ပြဿနာတွေကိစ္စပါ။ ဒီကိစ္စတွေက အာဆီယံနိုင်ငံတွေမှာရော နိုင်ငံအားလုံးလိုလိုမှာလည်း ရှိပါတယ်။ ဒါတွေကို အာဆီယံနိုင်ငံတွေ အချင်းချင်းလည်းပဲ ကိုယ့်နိုင်ငံအသီးသီးမှာတော့ ဒီကိစ္စတွေကို ဘယ်လိုကိုင်တွယ်တယ်၊ ဘယ်လိုဖြေရှင်းကြတယ်ဆိုတဲ့ အကြောင်းအရာတွေကို ဖလှယ်ပြီး တစ်ဦးရဲ့နည်းလမ်းကို တစ်ဦးက ဝေငှတဲ့ သဘောမျိုးလုပ်ဖို့ရှိပါတယ်။ ဒီလိုနည်းအားဖြင့် အကျိုးကျေးဇူးတွေ ရရှိမှာပါ။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်




ဦးမြင့်ထွေး



ဦးဇေယျာ



Mr. Has Sam Ath



Ms. Mufidah Binti Abdul Hakim

**ဦးမြင့်ထွေး**
**19th SCI Meeting Chairman**
**ညွှန်ကြားရေးမှူးချုပ်**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

ဒီအစည်းအဝေးကနေပြီး ပြန်ကြားရေးကဏ္ဍကို အထောက်အကူပြုမှာတွေ အများကြီးရှိပါတယ်။ အာဆီယံနိုင်ငံတွေအချင်းချင်း ပြန်ကြားရေးကဏ္ဍမှာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတွေ၊ သတင်းပိုင်းဆိုင်ရာ ဖလှယ်မှုတွေ၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် အပြန်အလှန်ဆောင်ရွက်မယ့် စီမံကိန်းတွေ အများကြီးထည့်ထားပါတယ်။ ဒီနေ့အစည်းအဝေးမှာ ပြီးခဲ့တဲ့နှစ်တွေက ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းတွေကို ပြန်လည်သုံးသပ်မယ်။ မပြီးသေးတဲ့ စီမံကိန်းတွေကို ပြီးအောင်လုပ်မယ်၊ လက်ရှိလုပ်နေဆဲ စီမံကိန်းတွေလည်း ရှိပါတယ်။ ဒါတွေကို ဘယ်လိုဆက်ပြီး အောင်မြင်အောင် အကောင်အထည်ဖော်မလဲဆိုတာကို ဆွေးနွေးပါမယ်။ လာမယ့် ၂၀၁၉ ခုနှစ်မှာ ဆောင်ရွက်မယ့် စီမံကိန်းတွေကိုလည်း ဒီအစည်းအဝေးမှာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီမှာ ဆွေးနွေးမယ့်အကြောင်းအရာ တော်တော်များများက ပြန်ကြားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မယ့် အစီအစဉ်တွေပဲ ဖြစ်ပါတယ်။

နှစ်အလိုက်ပဲ SCI အစည်းအဝေး Working Level မှာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဆွေးနွေးပြီးတော့ တချို့စီမံကိန်းတွေကို ဒီမှာပဲအတည်ပြုပါတယ်။ တချို့ သိပ်ပြီးငွေကြေးများမယ့် စီမံကိန်းတွေကိုတော့ COCI အစည်းအဝေးမှာ ဆက်ပြီးတင်ပါမယ်။ COCI ပြည်ထောင်စုဝန်ကြီးအဆင့် Level တွေလုပ်တဲ့ အစည်းအဝေးမှာ ဆက်ပြီး အတည်ပြုသွားမှာ ဖြစ်ပါတယ်။ ရှေ့လျှောက်လည်း အာဆီယံနိုင်ငံအတွင်းမှာရှိတဲ့ နိုင်ငံအားလုံး ပြန်ကြားရေးကဏ္ဍမှာ ဒီထက်ပိုပြီး ပွင့်ပွင့်လင်းလင်းနဲ့ ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကိုလည်း ကဏ္ဍတစ်ရပ်အနေနဲ့ အစည်းအဝေးမှာ ထည့်သွင်းဆွေးနွေးကြမှာ ဖြစ်ပါတယ်။

အာဆီယံနိုင်ငံ အချင်းချင်းမှာ အပြန်အလှန်ဖလှယ်နေတဲ့ တီဗွီအစီအစဉ်တွေ ရှိပါတယ်။ Asean and Asia အစီအစဉ်တွေ ရှိပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ယဉ်ကျေးမှုဆိုင်ရာတွေ၊ အဲဒီနိုင်ငံရဲ့ အကြောင်းအရာတွေကို အာဆီယံက သတ်မှတ်ထားတဲ့ ဝက်ဘ်ဆိုက်တွေမှာတင်ပြီး တခြားနိုင်ငံတွေအားလုံးက မျှဝေပြီး ယူသုံးမယ်။ သူတို့ နိုင်ငံရဲ့ ဘာသာစကားနဲ့ ယူသုံးမယ်။ အဲဒီအစီအစဉ်တွေရှိပါတယ်။ အဲဒီလို လုပ်ခြင်းအားဖြင့် တစ်နိုင်ငံရဲ့အကြောင်းကို တစ်နိုင်ငံက သိသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း လစဉ် မြန်မာနိုင်ငံရဲ့ အကြောင်းအရာတွေ သုံး၊ လေးခု တင်ပေးရတယ်။ အဲဒီလိုပဲ အခြားနိုင်ငံတွေရဲ့ တင်တဲ့အကြောင်းအရာတွေကိုလည်း ယူပြီးတော့ သုံးပါတယ်။ အဓိကတော့ လက်ရှိ ဆွေးနွေးနေတဲ့ အပေါ်မူတည်ပြီး ပြောရရင် ပုဂ္ဂလိကမီဒီယာတွေအနေနဲ့ နောက်ပိုင်း ဒီမှာဝင်ပြီး ချိတ်ဆက်သွားလို့ရမှာ ဖြစ်ပါတယ်။ ဒီအတွက်လည်း ထည့်သွင်းစဉ်းစားထားကြပါတယ်။

**ဦးဇေယျာ၊ ညွှန်ကြားရေးမှူး**
**မြန်မာ့အသံ**

ဒီအစည်းအဝေးကတော့ တစ်နှစ်တစ်ကြိမ် အာဆီယံနိုင်ငံတွေမှာ အက္ခရာစဉ်အလိုက် အလှည့်ကျကျင်းပနေတာဖြစ်ပါတယ်။ အခုနှစ်မှာ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအနေနဲ့ လက်ခံကျင်းပတာ ဖြစ်ပါတယ်။ အာဆီယံမှာ နိုင်ငံရေးနဲ့ လူမှုရေးဆိုင်ရာ အသိုက်အဝန်း၊ အာဆီယံစီးပွားရေးဆိုင်ရာ အသိုက်အဝန်းနဲ့ အာဆီယံလူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ အသိုက်အဝန်းဆိုပြီး မဏ္ဍိုင်သုံးရပ်ရှိပါတယ်။ ဒီမဏ္ဍိုင်သုံးရပ်ထဲမှာမှ အာဆီယံလူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ အသိုက်အဝန်းရဲ့လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဖို့အတွက် ယဉ်ကျေးမှုဆိုင်ရာ ဆပ်ကော်မတီနဲ့ ပြန်ကြားရေးဆိုင်ရာ ဆပ်ကော်မတီဆိုပြီး နှစ်ခုထပ်ခွဲထားပါတယ်။ ပြန်ကြားရေးဆိုင်ရာ ဆပ်ကော်မတီရဲ့ လက်ရှိဥက္ကဋ္ဌအနေနဲ့ ၂၀၁၈ ခုနှစ်တစ်ခုလုံး မြန်မာနိုင်ငံက တာဝန်ယူရတာဖြစ်ပါတယ်။ နောက်နှစ်မှာတော့ အက္ခရာစဉ်အတိုင်း ဖိလစ်ပိုင်နိုင်ငံက ဆက်လက်တာဝန်ယူသွားမှာ ဖြစ်ပါတယ်။ ဒီနေ့မှာ အဓိကကတော့ ပြန်ကြားရေးဆပ်ကော်မတီရဲ့ အစည်းအဝေးတွေမှာ အထူးသဖြင့် အာဆီယံမဏ္ဍိုင်သုံးရပ် တည်ထောင်မှုနဲ့ ပတ်သက်ပြီး အာဆီယံဆိုင်ရာ အသိအမြင်တွေကို ပြည်သူလူထုတွေ ပိုပြီးရရှိလာဖို့ ဒေသတွင်းမှာရှိတဲ့သူတွေက အာဆီယံနိုင်ငံသားဖြစ်ရတာ ဂုဏ်ယူတယ်ဆိုတဲ့ စိတ်မျိုးတွေဖြစ်လာအောင် မီဒီယာနည်းလမ်းနဲ့ ပူးပေါင်းဆောင်ရွက်ပေးရတာဖြစ်ပါတယ်။ အထူးသဖြင့် အာဆီယံလူမှုရေးနဲ့ ပြန်ကြားရေးဆိုင်ရာ အသိုက်အဝန်း အကောင်အထည်ဖော်တဲ့နေရာမှာ အာဆီယံမိသားစုရဲ့စိတ်ဓာတ်တွေကို ပိုပြီးမြှင့်တင်ရာ ရောက်တဲ့ ရုပ်/သံအစီအစဉ်တွေ ပိုပြီးရရှိလာအောင် ဘယ်လိုလှုပ်ရှားမှု၊ ဘယ်လိုပရောဂျက်တွေ ဆောင်ရွက်ကြမလဲဆိုတာမျိုးတွေကို ဆွေးနွေးတယ်။ နောက်အာဆီယံယဉ်ကျေးမှုဆိုင်ရာ ရန်ပုံငွေဆိုတာ ရှိပါတယ်။ ဒါကို ဘယ်လိုပရောဂျက်ခေါင်းစဉ်တွေနဲ့ ဘယ်သူတွေက ခွဲသုံးကြမလဲဆိုတာ ဆွေးနွေးတာတွေရှိပါတယ်။ နောက်တစ်ခါ အာဆီယံပြန်ကြားရေး ဆပ်ကော်မတီရဲ့ ရှေ့လုပ်ငန်းစဉ်တွေကို ဆွေးနွေးကြမှာတွေ ရှိပါတယ်။ ဆွေးနွေးတာက ဒီနေ့အပြင် မနက်ဖြန် နေ့လယ်အထိ တစ်ရက်ခွဲစာ ဆွေးနွေးကြမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ လက်ရှိ ပြန်ကြားရေးဆိုင်ရာ ဆပ်ကော်မတီရဲ့ ဥက္ကဋ္ဌ တာဝန်ယူနေတဲ့ကာလမှာ အာဆီယံမှာရှိတဲ့ အမျိုးသမီးလုပ်ငန်းရှင်တွေနဲ့ ပတ်သက်ပြီး ရုပ်မြင်သံကြားအစီအစဉ်တစ်ခု ထုတ်လွှင့်ဖို့ Concept paper အနေနဲ့ ရေးသားထားတာကို တင်ပြပြီး ၁၀ နိုင်ငံလုံး ဝိုင်းဝန်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ နောက်တစ်ခုက အာဆီယံ+၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား) ပေါင်းပြီး ပရောဂျက်အနေနဲ့ လူငယ်ရေဒီယို ပရိုဂျူဆာတွေ အလုပ်ရုံဆွေးနွေးပွဲဆောင်ရွက်ဖို့ Concept paper ရေးထားတာကို ဆက်လက်အကောင်အထည်ဖော်ဖို့ရှိပါတယ်။ ကျန်တဲ့အပိုင်းတွေကတော့ အာဆီယံမှာ ပုံမှန်ဆောင်ရွက်နေကြ "ရှုဖွယ်စုံလင် အာဆီယံတစ်ခွင်" ဆိုတဲ့ အစီအစဉ်မျိုးတွေကို ဘာသာပြန်မယ်၊ ထုတ်လွှင့်မယ်။ ရေဒီယိုအစီအစဉ် ပူးပေါင်းထုတ်လုပ်တာတွေ၊ တီဗွီအစီအစဉ် ဖလှယ်ပြီး ထုတ်လွှင့်တာတွေ၊ အာဆီယံဉာဏ်စမ်းပဟေဠိအစီအစဉ်တွေ၊ အာဆီယံဂျာနယ်လစ်တွေ စေလွှတ်တာမျိုးတွေ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အလားတူ အာဆီယံ ၁၀ နိုင်ငံက တင်ပြလာတဲ့ အချက်အလက်တွေထဲမှာ လုပ်သင့်လုပ်ထိုက်တာတွေကို လက်ခံပြီး အာဆီယံ ၁၀ နိုင်ငံနဲ့အတူ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အာဆီယံဆိုတာ တစ်ခုတည်း တစ်စိတ်တစ်ဝမ်းတည်း ဖြစ်တယ်ဆိုတာ၊ အာဆီယံနိုင်ငံသားဖြစ်ရတာ ဂုဏ်ယူတယ်ဆိုတာ ဒီလိုစိတ်ဓာတ်တွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ရရှိတဲ့အကျိုးကျေးဇူး အသီးအပွင့်တွေကို ပြည်သူတွေ ခံစားနိုင်အောင် အာဆီယံဆိုင်ရာ အသိအမြင် မြှင့်တင်ပေးမှုတွေ ပိုပြီးတော့ တိုးမြှင့်လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။

**Mr. Has Sam Ath**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**ကမ္ဘောဒီးယားနိုင်ငံ**
**ပြန်ကြားရေးဝန်ကြီးဌာန**

ဒီနေ့ပြုလုပ်တဲ့ အစည်းအဝေးကတော့ အများသိရှိကြတဲ့အတိုင်း (၁၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးဖြစ်ပါတယ်။ အစည်းအဝေးကျင်းပရခြင်းရဲ့ အဓိက ဦးတည်ချက်ကတော့ အာဆီယံနဲ့ အာဆီယံဒေသပြင်ပနိုင်ငံတွေအတွင်းမှာ အပြန်အလှန်နားလည်မှုမြှင့်တင်နိုင်ကြဖို့၊ အာဆီယံရဲ့ ပြန်ကြားရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဒေသတွင်းရှိ နိုင်ငံတွေက ပြည်သူတွေရဲ့အသိတရားကိုမြှင့်တင်ပေးနိုင်ဖို့ ရည်ရွယ်ပါတယ်။ ဒေသဆိုင်ရာ သတင်းပြန်ကြားရေး အစီအစဉ်တွေနဲ့၊ စီမံကိန်းတွေနဲ့ ပတ်သက်ပြီး မနှစ်ကလုပ်ဆောင်ခဲ့တာတွေ၊ ယခုနှစ်လုပ်ဆောင်မှာတွေကို သုံးသပ်ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

ယခုကျင်းပတဲ့ အစည်းအဝေးမှာ အကောင်အထည်ဖော်ဆဲ လုပ်ငန်းတွေနဲ့ ဆက်လက်လုပ်ဆောင်သွားမယ့် ဒေသဆိုင်ရာ ပြန်ကြားရေးစီမံကိန်းတွေကို ပြန်ပြောင်းသုံးသပ်ကြပါမယ်။

ဒ့ါအပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက စီမံကိန်းအသစ်နဲ့ပတ်သက်ပြီးတော့ အဆိုပြုချက်တွေ တင်သွင်းကြ၊ ဆွေးနွေးကြမှာဖြစ်ပါတယ်။ အထူးအားဖြင့် ယခု အစည်းအဝေးကျင်းပခြင်းဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူတွေ တွေ့ဆုံခွင့်ရရှိကြပြီး ပူးပေါင်းဆောင်ရွက်နိုင်မယ့် ကိစ္စရပ်တွေနဲ့ပတ်သက်လို့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခွင့်ရရှိကြမှာ ဖြစ်ပါတယ်။

အခုအချိန်အထိ ကျွန်တော်တို့နိုင်ငံနဲ့ မြန်မာနိုင်ငံအကြား မီဒီယာပူးပေါင်း ဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးလုပ်ကိုင်ခြင်း မရှိသေးပေမယ့် လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကစလို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်ပြုလုပ်လာကြပါတယ်။ လတ်တလောမှာ မြန်မာနဲ့ကမ္ဘောဒီးယားတို့က တစ်နိုင်ငံနဲ့တစ်နိုင်ငံ အကြား ပြည်သူတွေသိရှိရလေအောင် သတင်းအချက်အလက်တွေဖြန့်ချိပေးနိုင်မှု အားနည်းနေသေးတယ်လို့ ဆိုနိုင်ပါဦးမယ်။ ဒါပေမယ့် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားရုပ်မြင်သံကြားဌာနနဲ့ မြန်မာနိုင်ငံရုပ်မြင်သံကြားဌာနတို့က တစ်နိုင်ငံရဲ့ သတင်းတွေကို တစ်နိုင်ငံက ထုတ်လွှင့်ပေးနိုင်ဖို့ ပိုမိုလုပ်ဆောင်လာနိုင်ကြမယ်လို့ ရှုမြင်မိပါတယ်။ မိမိတို့နှစ်နိုင်ငံအကြား မီဒီယာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ပြုလုပ်သွားမှာဖြစ်ပါတယ်။

**Ms. Mufidah Binti Abdul Hakim**
**ပြန်ကြားရေးအရာရှိ**
**ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ**

အာဆီယံအဖွဲ့ဝင် နိုင်ငံတွေရဲ့ အရေးပါတဲ့တွေ့ဆုံပွဲမှာ ဒေသတွင်းရှိ နိုင်ငံတွေအတွင်း ပြန်ကြားရေးလုပ်ငန်းမှာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ဖို့ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

အာဆီယံ အသိုက်အဝန်းရဲ့ ပြန်ကြားရေးနဲ့ သတင်းမီဒီယာဆိုင်ရာ စီမံကိန်းတွေနဲ့အညီ အဖွဲ့ဝင်နိုင်ငံတွေ အတွင်းမှာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ကိုင်သွားနိုင်ကြမှာ ဖြစ်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တွေအနေနဲ့ ဒေသဆိုင်ရာ ပြန်ကြားရေးစီမံကိန်းတွေနဲ့ အစီအစဉ်တွေကို တိုးတက်အောင် အကောင်အထည်ဖော်နိုင်ကြဖို့ မိမိတို့ရဲ့ ရှုထောင့်အမြင်တွေကို သုံးသပ်ဆွေးနွေးကြမှာဖြစ်တာကြောင့် အာဆီယံအသိုက်အဝန်း အတွင်းရှိ ပြည်သူတွေအကြား တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပိုမိုသိရှိနားလည်နိုင်အောင် အကျိုးကျေးဇူးဖြစ်ထွန်းစေပါမယ်။

အာဆီယံနိုင်ငံတွေ အတွင်းမှာသာမက ဒေသဆိုင်ရာ နိုင်ငံတွေအကြား ပြန်ကြားရေးလုပ်ငန်းမှာ ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်နိုင်မယ့် စီမံကိန်းတွေနဲ့ အစီအစဉ်တွေကိုရေးဆွဲပြီး အကောင်အထည်ဖော်လျက် ရှိနေပါတယ်။ ဒီအစည်းအဝေးမှာ ရှေ့လုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်သွားနိုင်မှာဖြစ်ပြီး ညှိနှိုင်းဆွေးနွေးနိုင်ကြပါမယ်။ အာဆီယံအဖွဲ့ဝင် နိုင်ငံတွေရဲ့ ပြန်ကြားရေးကဏ္ဍနဲ့ သက်ဆိုင်နေတဲ့ ဆုံးဖြတ်ချက်တွေကို ပြန်လည်သုံးသပ်ကြမှာဖြစ်ပြီး လာမယ့်နှစ်အတွက် စီမံကိန်းဆိုင်ရာ အဆိုပြုချက်တွေကို တင်သွင်းကြပြီး အပြန်အလှန်ဆွေးနွေးကြမှာဖြစ်ပါတယ်။ ။

# တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်း

**တောင်ကြီး မတ် ၆**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး တတိယအကြိမ် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို မတ် ၅ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသောတိုင်းရင်းသားလူမျိုးစုများအား လေ့လာကြည့်ပါက ကိုယ်ပိုင်ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် စာပေရှိသည့် တိုင်းရင်းသားလူမျိုးစုများ ရှိသလို ဘာသာစကားသာရှိပြီး စာပေမရှိသေးသည့် တိုင်းရင်းသားလူမျိုးစုများလည်း တွေ့ရှိရပါကြောင်း၊ တိုင်းရင်းသားလူမျိုးစုများအနေဖြင့် စာပေယဉ်ကျေးမှု အမွေအနှစ်များ အသီးသီးရှိနေသော်လည်း၊ အချို့မှာ တိမ်မြုပ်ပျောက်ကွယ်လျက် ရှိသလို အချို့လူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ပျောက်ပျက်မသွားစေရေး အားပေးဖော်ထုတ်၍ မြှင့်တင်ပေးရန် လိုအပ်လျက်ရှိနေကြောင်း၊ တိုင်းရင်းသားလူမျိုးစုစာပေ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပြန်လည်ဖော်ထုတ်ရန်၊ ထိန်းသိမ်းရန်နှင့် မြှင့်တင်ပေးရန် လိုအပ်လျက်ရှိသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းပြီး တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အဓွန့်ရှည်တည်တံ့စေရန်၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင် ပစ္စည်းများကို အားပေးမြှင့်တင်ရန်၊ တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ခင်မှုမှတစ်ဆင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာ အားကောင်းလာစေရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူဖြစ်စေရန် စတဲ့ ကောင်းမွန်သည့် ရည်ရွယ်ချက်များနှင့် ရှမ်းပြည်နယ်တိုင်းရင်းသားလူမျိုးစုစာပေစာတမ်းဖတ်ပွဲ၊ ရိုးရာယဉ်ကျေးမှုပြပွဲကို အောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစုများအနေဖြင့် စာပေဆိုင်ရာစာတမ်း ၁၄ စောင်၊ ရိုးရာယဉ်ကျေးမှုဓလေ့ဆိုင်ရာစာတမ်း ၁၂ စောင် စုစုပေါင်းစာတမ်း ၂၆ စောင် တင်သွင်းဖတ်ကြားသွားမည်ဖြစ်ပြီး ရိုးရာယဉ်ကျေးမှုအသုံးအဆောင်ပစ္စည်းများပြခန်း ၂၃ ခန်း ခင်းကျင်းပြသရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် နေ့စဉ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရသည့်အတွက် ပွဲတော်ကျင်းပရသည့် ဦးတည်ရည်ရွယ်ချက်များ ပိုမိုအောင်မြင်နိုင်မည်ဟုယုံကြည်ပါကြောင်း ပြောကြားသည်။



ဆက်လက်၍ ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က ပွဲတော်ကျင်းပရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဦးစီးကော်မတီဝင် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်က ပွဲတော်ကျင်းပမည့်နေ့ရက်၊ ကျင်းပမည့်နေရာနှင့် ကျင်းပမည့် အစီအစဉ်များအား ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနားပြင်ဆင်ရေး လုပ်ငန်းကော်မတီ၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးလုပ်ငန်းကော်မတီ၊ ဖျော်ဖြေရေးလုပ်ငန်းကော်မတီ၊ ပြပွဲ၊ ပြခန်းခင်းကျင်းပြသရေးနှင့် ဂုဏ်ပြုလက်ဆောင် ချီးမြှင့်ရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီ၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ၊ စာတမ်းစိစစ်ရေးလုပ်ငန်းကော်မတီ၊ သတင်း၊ မှတ်တမ်းနှင့် ပြန်ကြားရေး လုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေးနှင့် တည်းခိုနေရာချထားရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ၊ သန့်ရှင်းရေး ဆောင်ရွက်မှုလုပ်ငန်းကော်မတီစသည့် ကော်မတီအသီးသီးတို့က တင်ပြဆွေးနွေးကြသည်။

အဆိုပါပွဲတော်ကို မတ် ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရှမ်းပြည်နယ် တိုင်းရင်းသားလူမျိုးစု စာပေစာတမ်းဖတ်ပွဲကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှုပြခန်းများ၊ ရိုးရာအကပဒေသာ ကပွဲများနှင့် ဈေးရောင်းပွဲတော်ကို တောင်ကြီးမြို့ အဝေရာကုန်းသာယာကွင်း၌ လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး ဆောင်ရွက်ရာတွင် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပေးပို့လာသည့်ပုံစံများမှာ နှစ်နိုင်ငံညှိနှိုင်းသဘောတူထားသည့် ပုံစံမျိုးမဟုတ်သည့်အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၆**

ရခိုင်ပြည်နယ် မောင်တောဒေသမှ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ တောင်ပြိုလက်ဝဲ စိစစ်ပြန်လည်လက်ခံရေးစခန်း၊ ငါးခူရ စိစစ်ပြန်လည်လက်ခံရေးစခန်းနှင့် ယာယီနေထိုင်မည့် လှဖိုးခေါင်ကြားစခန်းတို့ ဖွင့်လှစ်ပြီး ပြန်လည်လက်ခံရေး ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် သဘောတူညီချက်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး သဘောတူညီချက်အတိုင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ပြန်လည်လက်ခံရေး ပူးတွဲလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

နှစ်နိုင်ငံပြန်လည်လက်ခံရေး ပူးတွဲလုပ်ငန်းအဖွဲ့ဝင်များ ပထမအကြိမ် အစည်းအဝေးကို ဇန်နဝါရီ ၁၅ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ပြီး Physical Arrangement For Repatriation of Displaced Myanmar Residents Form Bangladesh ကို လက်မှတ်ရေးထိုးခဲ့သည်။

ပထမအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လိုသူများ ဖြည့်သွင်းရမည့် ပုံစံကိုနှစ်ဖက်အကျေအလည် ဆွေးနွေးခဲ့ကြသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၌ လုံခြုံရေးနှင့်တရားဥပဒေ စိုးမိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဒုတိယအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၇ ရက်ထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းပေးမည့် နေရပ်စွန့်ခွာသူ အိမ်ထောင်စု ၁၆၇၃ စု၊ လူဦးရေ ၈၀၃၂ ဦး၏ အချက်အလက်များကို မြန်မာနိုင်ငံဘက်သို့ ပေးအပ်ခဲ့သည်။

အဆိုပါ နေရပ်စွန့်ခွာသူများ၏စာရင်းကို နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့မှ ညှိနှိုင်းသဘောတူထားသည့် ပုံစံကိုအသုံးပြုထားမှုမရှိဘဲ သီးခြားပုံစံဖြင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်မှ ပြုစုပေးပို့ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ဘက်မှ ပေးပို့လာသောပုံစံများမှာ နှစ်နိုင်ငံလုပ်ငန်းအဖွဲ့ ကိုယ်စားလှယ်များ သဘောတူထားသည့် ပုံစံမဟုတ်သည့်အတွက် နေထိုင်ခဲ့ခြင်း ရှိ၊ မရှိ စိစစ်ရာတွင် အခက်အခဲများစွာ တွေ့ကြုံရပြီး တွေ့ကြုံရသည့် အခက်အခဲများမှာ -

- မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လိုမှု ဟုတ်/မဟုတ် စိစစ်၍ မရနိုင်ခြင်း၊
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများကို လေးစားလိုက်နာပါမည်ဖြစ်ကြောင်း ဝန်ခံလက်မှတ်များ မရရှိနိုင်ခြင်း၊
- ပုံစံပါအချက်အလက်များ မှန်ကန်ကြောင်း ကာယကံရှင်က လက်မှတ်ရေးထိုးထားသည့် (သို့မဟုတ်)လက်ဗွေရိုက်နှိပ်ဖော်ပြထားသည့် အချက်အလက်များ မပါရှိခြင်း၊ ပုံစံခေါင်းစဉ်ကိုက်ညီမှုမရှိခြင်း၊
- ပုံစံနံပါတ်နှင့် ဖြည့်သွင်းရက်စွဲများ မပါရှိခြင်း၊
- အိမ်ထောင်ဦးစီး၏ ထင်ရှားသော အမှတ်အသားနှင့် လက်ဗွေများမပါရှိခြင်း၊
- မြန်မာနိုင်ငံအစိုးရက ထုတ်ပေးထားသော ယခင်ကိုင်ဆောင်ခဲ့သည့် လက်မှတ်နှင့် နံပါတ်များ ရှိ၊ မရှိ ဖော်ပြမထားသဖြင့် စိစစ်၍မရနိုင်ခြင်း၊ အိမ်ထောင်ဦးစီး၏ မိဘများ မြန်မာနိုင်ငံ၌ နေထိုင်ခဲ့သည့် နေရပ်လိပ်စာမပါရှိ၍ ဆက်စပ်ရှာဖွေရန် ခက်ခဲခြင်း၊
- ဆန္ဒအလျောက် ပြန်လာလိုသူ၏ ဓာတ်ပုံနှင့်ယခင်မြန်မာနိုင်ငံ၌ နေထိုင်ခဲ့စဉ်က ပြုစုထားသော အိမ်ထောင်စုအလိုက် ဓာတ်ပုံတို့ကို ခေတ်မီနည်းပညာဖြင့် စစ်ဆေးရန် ဆောင်ရွက်ထားသော်လည်း ပေးပို့လာသော ဓာတ်ပုံများ၏ အရည်အသွေး မပြည့်မီမှုကြောင့် တိုက်ဆိုင်စစ်ဆေး၍ မရနိုင်ခြင်း၊
- ဖြည့်သွင်းရမည့် ပုံစံ၌ လက်မှတ်ရေးထိုးရမည့်နေရာ၊ လက်ဗွေရိုက်နှိပ်ရမည့်နေရာများ ဖော်ပြထားသော်လည်း ယခုအခါ လက်မှတ်ရေးထိုးထားခြင်း၊ လက်ဗွေရိုက်နှိပ်ထားခြင်းမရှိ၍ အတင်းပြန်ပို့ရန် ဆောင်ရွက်နေသည်ဆိုသည့် သတင်းစကားကို မှား၊ မှန် ဆုံးဖြတ်၍မရသည့် ပုံစံဖြစ်နေခြင်း၊
- အိမ်ထောင်စုစာရင်းဝင် တစ်ဦးချင်း အဘအမည်၊ အမိအမည် မပါရှိ၍ အခြားသူများ ရောနှောပါရှိလာနိုင်ခြင်း၊
- အိမ်ထောင်စုဝင် သားသမီးများ၏ မွေးရပ်မဖော်ပြထား၍ မသက်ဆိုင်သူများ ပါရှိလာနိုင်ခြင်း၊
- ကိုင်ဆောင်သည့် လက်မှတ်နံပါတ်များ မဖော်ပြထားခြင်းကြောင့် မိမိဘက်မှ မှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးရန်အခွင့်မရှိခြင်း၊
- အခြားတင်ပြလိုသည့် အထောက်အထားများ ပူးတွဲတင်ပြထားသည့် အနေအထားမရှိ၍ စိစစ်မှုတွင် အထောက်အကူမဖြစ်ခြင်း၊
- နှစ်နိုင်ငံသဘောတူထားသော ပုံစံတွင် မိသားစုဝင်တစ်ဦးချင်း၏ ဓာတ်ပုံနှင့် လက်ဗွေများ ရိုက်နှိပ်ရန် ပါရှိသော်လည်း ယခုပေးပို့လာမှုတွင် ဓာတ်ပုံနှင့် လက်ဗွေများ မရရှိခြင်း၊
- မိသားစုဓာတ်ပုံပါသော်လည်း ထင်ရှားမှုမရှိခြင်း၊
- ပြန်လည်စိစစ်လက်ခံရေးအဖွဲ့မှ စိစစ်လက်ခံသူများ လက်မှတ်ရေးထိုးမှုမပါရှိ၍ နောင်တွင် ရှုပ်ထွေးမှုများစွာ ဖြစ်လာနိုင်ခြင်းတို့ကို တွေ့ရှိရသဖြင့် နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့က အတည်ပြုထားသော သဘောတူညီချက် နောက်ဆက်တွဲ ဖော်ပြပါပုံစံ၌ ပြန်လည်ဖြည့်စွက်ပြီး သံတမန်လမ်းကြောင်းမှ ပြန်လည်ပေးပို့ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အကြောင်းကြားထားကြောင်း သိရသည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးပူးတွဲလုပ်ငန်းအဖွဲ့၏ ယခင်နှစ်နိုင်ငံသဘောတူထားသည့်ပုံစံကို ဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လိုသူများ ဖြည့်သွင်းရမည့်ပုံစံကို ပထမအကြိမ်ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် နှစ်ဖက်အကျေအလည် ဆွေးနွေးထားပြီးဖြစ်ရာ ဆက်လက်၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို နှစ်နိုင်ငံအကြား သဘောတူညီချက်များနှင့်အညီ အမြန်ဆုံးစိစစ်လက်ခံနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**Entertainment Channel**

**၇-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၀၅း၂၀ | ပြည်သူ့နီတိ “အတုမြင်အတတ်သင်” |
| ၀၅း၄၀ | ဆန်းသစ်လှပ မြန်မာ့အက |
| ၀၅း၅၅ | Rakhine Tourist Area |
| ၀၆း၂၅ | Beach Food Delivery |
| ၀၆း၄၀ | Marvelous Solo Cane Ball Playing |
| ၀၆း၅၅ | Hip-Hop and Design |
| ၀၇း၀၀ | Surprise Meals |
| ၀၇း၃၀ | ပြောင်းလဲတီထွင် ရိုးရာအဆင် (ဗမာ၊မွန်၊ရခိုင်၊ရှမ်း) |
| ၀၇း၄၅ | နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၀၈း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “ဆုံစည်းခဲ့လေသူ” (အပိုင်း-၈၉ ) |
| ၀၈း၃၅ | MRTV Entertainment Music |
| ၀၉း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း” (အပိုင်း- ၁၇၁) |
| ၀၉း၄၀ | နိုင်ငံခြားရုပ်ရှင် "Bbuddah Hoga Terra Baap" |
| ၁၁း၃၀ | ဆန်းသစ်လှပ မြန်မာ့အက |
| ၁၁း၄၅ | မြန်မာဗီဒီယိုဇာတ်လမ်း “သမက်နှင့် ယောက္ခမ ပွင့်လင်းမြင်သာ ရှိကြပါစေ” |
| ၁၃း၃၅ | Rakhine Tourist Area |
| ၁၄း၀၅ | Beach Food Delivery |
| ၁၄း၂၀ | Law of Jungle (Ep-251) |
| ၁၅း၀၅ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “ဆုံစည်းခဲ့လေသူ” (အပိုင်း-၈၉) |
| ၁၅း၃၅ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း” (အပိုင်း- ၁၇၁) |
| ၁၆း၁၀ | နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၁၆း၂၅ | ကက်ဆက်ဇာတ်လမ်း “ပုဂံမြို့သူ” |
| ၁၇း၃၀ | ကာတွန်းအစီအစဉ် "Chhota Bheem (Episode-10)" |
| ၁၈း၀၀ | Law of Jungle (Ep-251) |
| ၁၈း၄၅ | MRTV Entertainment Music |
| ၁၉း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “ဆုံစည်းခဲ့လေသူ” (အပိုင်း-၈၉) |
| ၁၉း၃၀ | MRTV Entertainment Music |
| ၁၉း၅၅ | Now in Inle |
| ၂၀း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း” (အပိုင်း- ၁၇၂) |
| ၂၀း၃၀ | Game Show "10 to Million Myanmar" (Epi-91) |
| ၂၁း၂၀ | နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၂၁း၃၀ | မြန်မာဗီဒီယိုဇာတ်လမ်း “ကြေးစား” |
| ၂၃း၂၀ | Rakhine Tourist Area |
| ၂၃း၅၅ | Beach Food Delivery |

**၈-၃-၂၀၁၈ (ကြာသပတေးနေ့)**

| | |
|---|---|
| ၀၀း၀၅ | Marvelous Solo Cane Ball Playing |
| ၀၀း၂၅ | Hip-Hop and Design |
| ၀၀း၃၀ | နိုင်ငံခြားရုပ်ရှင် "Bbuddah Hoga Terra Baap" |
| ၀၂း၂၅ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “ဆုံစည်းခဲ့လေသူ” (အပိုင်း- ၉၀) |
| ၀၃း၀၀ | မြန်မာဗီဒီယိုဇာတ်လမ်း “အချစ်ချင်းတူရင် တိုက်စားပေးမယ်” |
| ၀၅း၀၀ | အစီအစဉ်ပြီး၏။ |

# ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒဖြင့် တရုတ်နိုင်ငံသားများ၏ လူနေမှုဘဝကို မြှင့်တင်ပေးခဲ့



**ပေကျင်း မတ် ၆**

လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံသားများ၏ လူနေမှုဘဝ မြင့်မားရေးအတွက် အလေးထား ဆောင်ရွက်ခဲ့ကြောင်း တရုတ်ဝန်ကြီးချုပ် လီခချန်းက မတ် ၅ ရက်တွင် ကျင်းပသည့် (၁၃) ကြိမ်မြောက် အမျိုးသားပြည်သူ့ ကွန်ဂရက် ပထမအကြိမ်အစည်းအဝေးသို့ လုပ်ငန်းအစီရင်ခံစာ တင်သွင်းရာတွင် ပြောကြားသည်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဦးစားပေးဆောင်ရွက်ခဲ့ရာတွင် ကျေးလက်ဒေသများ၌ မသင်မနေရပညာရေးစနစ်နှင့် အတူ စာသင်ကျောင်းဆောက်လုပ်မှုများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကျေးလက်တောရွာ ဆရာ ဆရာမများ၏ ခံစားခွင့်များကို တိုးမြှင့်ပေးခဲ့ကြောင်း၊ ကျေးလက်ဒေသများရှိ ကျောင်းသား ကျောင်းသူ ၃၆ သန်းအတွက် အာဟာရဖြည့်စွက်ပေးခဲ့ကာ ကမ္ဘာ့အဆင့်မီ တက္ကသိုလ်များ တည်ဆောက်ပေးခဲ့ပြီး အဆင့်မြင့်တက္ကသိုလ်ကျောင်းများတွင် ကျေးလက်ဒေသများနှင့် ဆင်းရဲနွမ်းပါးသောဒေသများရှိ ကျောင်းသားကျောင်းသူများ ပညာသင်ယူခွင့်ကို ဦးရေ ၁၀၀၀၀မှ ၁၀၀၀၀၀ အထိ တိုးမြှင့်ပေးခဲ့ကြောင်း၊ ဆင်းရဲနွမ်းပါးသော ကျောင်းသားကျောင်းသူသန်း ၄၃၀ တို့အတွက် ထောက်ပံ့ကြေးများပေးခြင်းကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းရဲမှုပပျောက်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ရာ ငါးနှစ်အတွင်း ဗဟိုအစိုးရဘဏ္ဍာငွေမှ ယွမ် ၂၈၀ ဘီလီယံကျော် အသုံးပြုခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

ပြည်သူလူထု၏ ဆေးဝါးကုသမှု အာမခံထောက်ပံ့ငွေကို တစ်ဦးလျှင် ယွမ် ၂၄၀ မှ ၄၅၀ အထိ တိုးမြှင့်ပေးခဲ့ပြီး လူပေါင်း ၁၇ သန်း အကျိုးဖြစ်ထွန်းစေခဲ့ကြောင်း၊ သက်ကြီးထောက်ပံ့ငွေကို တိုးမြှင့်ပေးခဲ့ပြီး ကိုယ်လက်အင်္ဂါ မသန်စွမ်းသူများအတွက် ထောက်ပံ့ကြေးငွေများကို ပေးအပ်ခဲ့ကြောင်း၊ အိမ်ထောင်စုတစ်စုလျှင် ကလေးနှစ်ယောက်ယူရေးမူဝါဒကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးခဲ့ပြီး ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများကို တိုးမြှင့်ပေးခြင်းအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။ **ဆင်ဟွာ**

## မင်္ဂလာဆောင်သွားသူများ လိုက်ပါလာသည့် ထရပ်ကား ရေနုတ်မြောင်းအတွင်းထိုးကျ

**နယူးဒေလီ မတ် ၆**

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်တွင် မတ် ၆ ရက်က မင်္ဂလာဆောင်သွားမည့်သူများအား တင်ဆောင်လာသည့် ထရပ်ကားတစ်စီး ရေခန်းခြောက်နေသော ရေနုတ်မြောင်းအတွင်းသို့ ထိုးကျခဲ့ရာ ၂၅ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သတင်း-၁၈ တီဗွီချန်နယ်က သတင်းထုတ်လွှင့်သည်။

ဂူဂျာရတ်ပြည်နယ် ဘဟာနာဂါးစီရင်စု အဝေးပြေးလမ်းမကြီးပေါ်ရှိ ရန်ဟိုလာကျေးရွာအနီးတွင် မတော်တဆမှုဖြစ်ပွားခဲ့သည်။

**ပို့ဆောင်ပေး**

မော်တော်ယာဉ် မတော်တဆမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ အခင်းဖြစ်ပွားသည့်နေရာသို့ ရဲအရာရှိများ ချက်ချင်းသွားရောက်ခဲ့ကြောင်း၊ မော်တော်ယာဉ် မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရသူများကို ဒေသဆိုင်ရာ ဆေးရုံတစ်ရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ**

# တောင်ကိုရီးယား အထူးသံတမန်များအား မြောက်ကိုရီးယားခေါင်းဆောင် လက်ခံတွေ့ဆုံ



**ဆိုးလ် မတ် ၆**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် မတ် ၅ ရက်၌ တောင်ကိုရီးယားနိုင်ငံမှ အထူးသံတမန်များအား လက်ခံတွေ့ဆုံဆွေးနွေးခဲ့ပြီး ၎င်းတို့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း၊ အထူးသံတမန်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် ကျေနပ်ဖွယ်ရာကောင်းသော သဘောတူညီချက်တစ်ရပ် ရရှိခဲ့သည်ဟု မြောက်ကိုရီးယားမီဒီယာက သတင်းထုတ်ပြန်ကြောင်း ကျိုဒိုသတင်းဌာနက မတ် ၆ ရက်တွင် ရေးသားဖော်ပြသည်။

**ကြာမြင့်**

မြောက်ကိုရီးယားခေါင်းဆောင်နှင့် တောင်ကိုရီးယားအထူးသံတမန်များ တွေ့ဆုံဆွေးနွေးခြင်းနှင့် ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံခြင်းတို့မှာ လေးနာရီကြာမျှ အချိန်ကြာမြင့်ခဲ့ကြောင်း၊ ပြုံယမ်းရှိ အာဏာရ အလုပ်သမားများပါတီဌာနချုပ်တွင် တွေ့ဆုံဆွေးနွေးခြင်းနှင့် ညစာစားပွဲ တည်ခင်းဧည့်ခံခြင်းတို့ ပြုလုပ်ခဲ့ကြောင်း တောင်ကိုရီးယားသမ္မတရုံးမှ တာဝန်ရှိသူတစ်ဦးက သတင်းထောက်များအား မတ် ၆ ရက်တွင် ပြောကြားသည်။

**တက်ရောက်**

ညစာစားပွဲအခမ်းအနားသို့ ကင်ဂျုံအန်၏ညီမ ကင်ယိုဂျောင်နှင့် ကင်ဂျုံအန်၏ဇနီး ရီဆိုလ်ဂျူးတို့လည်း တက်ရောက်ခဲ့ကြကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်ရန် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်း ဆန္ဒရှိပုံနှင့် ပတ်သက်၍ အထူးသံတမန်များက ကင်အား အသိပေးပြောဆိုခဲ့ကြကြောင်း၊ မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းဌာနက သတင်းထုတ်ပြန်သော်လည်း အသေးစိတ်ဖော်ပြခြင်းမရှိပေ။

မြောက်ကိုရီးယားနှင့် အမေရိကန်တို့သည် ကိုရီးယားကျွန်းဆွယ်၌ နျူကလီးယားလက်နက် ကင်းရှင်းရေးကိစ္စရပ်နှင့်ပတ်သက်၍ဆွေးနွေးမှုများ ပြန်လည်ကျင်းပပြီးစီးမှသာ ကိုရီးယားနှစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲကို ကျင်းပသင့်ကြောင်း သမ္မတမွန်းက အလေးအနက်အဆိုပြုခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။ **ကျိုဒို**




# ဒုတိယကမ္ဘာစစ်အတွင်းက နစ်မြုပ်ခဲ့သည့် အမေရိကန်လေယာဉ်တင်သင်္ဘောပျက်အား ရှာဖွေတွေ့ရှိ

**ဆစ်ဒနီ မတ် ၆**

ဒုတိယကမ္ဘာစစ်ကာလအတွင်း ကော်ရယ် ပင်လယ်ရေကြောင်းတိုက်ပွဲတွင် နစ်မြုပ်သွားခဲ့သည့် အမေရိကန် လေယာဉ်တင် သင်္ဘောတစ်စင်းကို ဩစတြေးလျနိုင်ငံအရှေ့မြောက်ပိုင်း ပင်လယ်ကမ်းရိုးတန်းမှ ကီလိုမီတာ ၈၀၀ အကွာ ပင်လယ်ရေအောက်တွင် ရှာဖွေတွေ့ရှိရကြောင်း၊ အမေရိကန်ရေတပ်မှ အဆိုပါလေယာဉ်တင် သင်္ဘောနစ်မြုပ်ခဲ့သည်မှာ ၇၆ နှစ်ရှိခဲ့ပြီဖြစ်ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**ကြုံတွေ့**

ပုလဲဆိပ်ကမ်းရှိ အမေရိကန်တပ်ဖွဲ့များ အထိအခိုက် အကျအဆုံးများပြားစေသည့် တိုက်ခိုက်မှုကို ဂျပန်တပ်ဖွဲ့က ပြုလုပ်ခဲ့ပြီး နောက်လအနည်းငယ်အကြာ ၁၉၄၂ ခုနှစ် မေလအတွင်း ဩစတြေးလျသည် ဂျပန်တို့၏ စစ်ရေးအရ ကျူးကျော်ခြိမ်းခြောက်မှု အန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသည်။

ဩစတြေးလျနိုင်ငံအား ဂျပန်တို့၏ တိုးမြှင့်ခြိမ်းခြောက်လာမှုမှ အကာအကွယ်ပေးရန်နှင့် ဂျပန်တို့အား ဟန့်တားနိုင်ရန်အတွက် အမေရိကန်ရေတပ်မှ လေယာဉ်တင်သင်္ဘောများဖြစ်သည့် ယူအက်စ်အက်စ် လက်ဇင်တန်နှင့် ယူအက်စ်အက်စ်ယော့ခ်တောင်းတို့ကို စေလွှတ်ခဲ့ပြီး နာမည်ကျော်ကော်ရယ် ပင်လယ်ရေကြောင်းတိုက်ပွဲတွင် ပါဝင်တိုက်ခိုက်စေခဲ့သည်။

အမေရိကန် လေယာဉ်တင်သင်္ဘော လက်ဇင်တန်သည် ရေကြောင်းတိုက်ပွဲအတွင်း သင်္ဘောကုန်းပတ်ပေါ် ဗုံးကြဲခံရမှုများ၊သင်္ဘောပေါ် မီးလောင်ကျွမ်းမှုများနှင့်တော်ပီဒိုမျိုးစုံတို့ ထိမှန်ခံရသည့် ဒဏ်ရာများရရှိခဲ့ခြင်းကြောင့် ပြုပြင်၍မရနိုင်လောက်အောင် ပျက်စီးကာ နစ်မြုပ်သွားခဲ့ခြင်းဖြစ်သည်။

အမေရိကန်လေယာဉ်တင်သင်္ဘော လက်ဇင်တန်အား ရှာဖွေတွေ့ရှိသူများမှာ အမေရိကန်ကွန်ပျူတာဆော့ဖ်ဝဲကုမ္ပဏီဖြစ်သည့် မိုက်ခရိုဆော့ဖ်ကုမ္ပဏီအား ပူးတွဲတည်ထောင်သူ ပေါလ်အယ်လင်း ပိုင်ဆိုင်သော ပင်လယ်သမုဒ္ဒရာရေနက်ပိုင်း စူးစမ်းရှာဖွေရေးယာဉ်မှ သုတေသနအဖွဲ့ဖြစ်သည်။ ကုဋေကြွယ်သူဌေးတစ်ဦးလည်းဖြစ်သူ အယ်လင်းသည် မကြာသေးမီကမှစ၍ သမုဒ္ဒရာရေနက်ပိုင်းရှာဖွေရေးလုပ်ငန်းဘက်သို့ အာရုံစိုက်လာခဲ့ပြီး အမေရိကန်ရေတပ်မှ နစ်မြုပ်သွားသည့် ခရူဇာစစ်သင်္ဘော အင်ဒီယာနာပိုးလစ်၏ အစိတ်အပိုင်းများ ရှာဖွေရယူရေးအတွက် စီမံခန့်ခွဲမှုကို ယမန် နှစ်အတွင်း ပြုလုပ်ခဲ့သူလည်းဖြစ်သည်။ **ဆင်ဟွာ**

# မပိုလည်းချွေ၊ ပိုလည်းချွေ

စာကြီးသား (ပနီပင်)

၁၉၅၇ ခုနှစ်တွင်မွေးသော ကျွန်တော် ၂၀၁၇ ခုနှစ်တွင် အသက် ၆၀ ပြည့်လေသည်။ ဝန်ထမ်းမို့လည်း အသက် ၆၀ ပြည့်သောအခါ သက်ပြည့် ပင်စင်ယူခဲ့ရလေသည်။

ပင်စင်ယူခါနီး မည်သို့ခံစားခဲ့ရသည်ကို ပင်စင်ယူပြီး သုံးလကျော်တွင် ကျွန်တော်ပြန်စဉ်းစားမိသည်။ သိပ်တော့ထူးထူးခြားခြားမရှိလှဟု ထင်သည်။ လူတိုင်း (ဝန်ထမ်းတိုင်း) သွားသည့်လမ်းကို ကျွန်တော်လျှောက်ရခြင်းသာဖြစ်သည်။ နည်းနည်းပါးပါးတော့ တွေဝေခြင်း သွေးလေချောက်ချားခြင်းတော့ ဖြစ်ခဲ့သည်ကိုဝန်ခံပါသည်။ သည်လိုနဲ့ ကျွန်တော်ပင်စင်ယူခဲ့ရပါသည်။

**ပင်စင်ဝေဒနာ**

ပင်စင်ယူပြီးတော့ ပင်စင်စားတိုင်း ခံစားရသော ဝေဒနာများ ကျွန်တော်ခံစားရပါသည်။ ပင်စင်စားတိုင်း တွေ့ကြုံရသော၊ ကျော်လွှားရသော အခက်အခဲများကို ကျွန်တော် ကျော်လွှားရပါသည်။ ပင်စင်စားတိုင်း စမ်းသပ်လေ့ရှိသည်များကို ကျွန်တော် စမ်းသပ်ခဲ့ပါသည်။

ပို၍ထူးခြားသည်မှာ ပင်စင်ယူပြီးနောက်နေ့မှစကာ ကျွန်တော့ကိုယ်ကျွန်တော် စိတ်ပိုင်းဆိုင်ရာ ပျော့စိစိဖြစ်သွားသည်ဟုခံစားရပါသည်။ ခါတိုင်း မမောမပန်းလုပ်နိုင်သောအလုပ်များကို ကျွန်တော် နားနားပြီး လုပ်ရပါသည်။ မောသည်ဟုခံစားရသည်။ မဟုတ်သေးပါဘူး။ ပင်စင်ယူတာ ရက်ပိုင်းရှိသေး။ ဘာလို့ ပျော့စိစိဖြစ်ရမှာလဲဟု ကိုယ့်ကိုယ်ကိုယ်အားပေးရင်း ပြန်တင်ရပါသည်။ နည်းနည်းတော့ပြန်မာလာပါသည်။ စိတ်ဓာတ် မာကျောလာခြင်းကိုဆိုလိုပါသည်။

**ဝန်ထမ်းများ၏ နွေးထွေးမှု**

ပင်စင်လစာရဖို့ ရုံးလုပ်ထုံးလုပ်နည်းများအတိုင်း ဘဏ်နှင့် ပင်စင်ရုံးကိုသွားရာတွင် သိမ်ငယ်သလိုလို၊ ရှက်ရွံ့သလိုလိုလည်းခံစားရပါသည်။ သို့သော် ပင်စင်ရုံးမှ ဝန်ထမ်းများ၏ နွေးထွေးစွာဝန်ဆောင်မှုပေး၊ ရှင်းလင်းပြောကြား၊ ကူညီဖေးမမှုများကြောင့် ထိုဝေဒနာများ နာရီပိုင်းအတွင်း ပိန်းကြာရွက်ပေါ်ရေမတင်သကဲ့သို့ လျှောကျခဲ့ပါသည်။ အဆိုပါ ဝန်ထမ်းများကို လေးစားမိပါသည်။ အခါခါဦးညွှတ်မိပါသည်။

ပင်စင်ရုံးရောက်မှ တရားရ၊ သံဝေဂရပုံများ ကြုံမှ တင်ပြပါဦးမည်။ ငယ်စဉ်က လိုင်းကားစီးကာ လိုင်းကားကို လက်ချောင်းသုံးချောင်းလောက်တွဲရရုံ၊ ခြေမ တစ်ချောင်းတင်လို့ရရုံမျှဖြင့် ခိုစီးကာတောင်ဥက္ကလာပမှ ကမာရွတ်ရှိ ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သို့ မနက်သွားညနေပြန် စီးခဲ့သော ကျွန်တော်သည် YBS ကိုလည်းရလိုရငြား စမ်းသပ်စီးနင်းခဲ့ပါသည်။ မှန်တာ ပြောရလျှင် ၁၉၇၉ ခုနှစ်မှ ပင်စင်ယူသည့် ၂၀၁၇ ခုနှစ်ထိ ကျွန်တော် ဘတ်စ်ကားမစီးခဲ့ရပါ။ ဌာနမှကား၊ ရုံးမှကားဖြင့်သာ ခြေဆန့်ပါသည်။

"အဖေက အဲဒီ YBS ကားတွေပေါ်ကို ဒူးမကောင်းဘဲနဲ့ အချိန်မီ မြန်မြန်တက်နိုင် ဆင်းနိုင်ပါ့မလား" ဟု သမီးငယ်က ခြိမ်းခြောက်သဖြင့် ပြည်လမ်းရှိ စိုက်ပျိုးရေးမှတ်တိုင်အနီး ကားဂိတ်တွင် ကျွန်တော် ၂၊ ၃ ရက်လောက် အကဲကြည့်သွားခဲ့ရသည်။ ဘတ်စ်ကားတံခါးဖွင့်ချိန်မှ ပိတ်ချိန်ထိ ကြာချိန်မှတ်သည်။ တက်သည့်ခြေလှမ်းကို မြေပြင်တွင် ကျွန်တော် အချိန်မှတ်သည်။ သေချာမှ ကျွန်တော် စီးသည်။ စီးလို့ရပါသည်။ သို့သော် ကျွန်တော် ဘောင်းဘီတို သရီးကွာတား ဝတ်ပြီးစီးသည်။ မတော်လို့ လုံချည်ကျွတ်မှာ စိုးရသည်လေ။ ဗိုက်ကပူပူ လူကဝဝ။ လုံချည်ကျွတ်လျှင် ကုန်းကောက်ရန်မလွယ်။

သို့သော် YBS ကားသစ်များ လေဘရိတ်ကောင်းလွန်းသည်။ ကျွန်တော်ကားပေါ်တွင် နတ်ပူးသည်သို့ဘယ်ညာ ယိမ်းထိုးနေသည်။ သရီးကွာတားဘောင်းဘီနဲ့ဆိုတော့ ပေါက်ဖော်ကြီးနတ်ကသည်ကို မြင်သူများက၊ ပြုံးစေ့စေ့ဖြင့် ကြည့်နေသည်ကို မသိကျိုးကျွန်ပြုနေရတာကိုတော့ မနှစ်သက်လှ။

ရန်ကုန်-နေပြည်တော် အမြန်ရထားစီးသည်။ မစီးတာ နှစ် ၂၀ ကျော်ပြီ။ မြို့ပတ်ရထားစီးကြည့်သည်။ မဆိုးလှ။ အခုလို လမ်းပိုင်းများ ပြင်လိုက်ပြီးရင်ဖြင့် ပိုကောင်းမည်။ Mass Transport မကောင်းလျှင် ဘယ်လိုနည်းနှင့်မျှ သူတို့ကိုမကျော်နိုင်သည်ကို ပြည်သူ့အသံအဖြစ်တင်ပြလိုသည်။

သည်လိုနှင့် မျောက်မြေစမ်းသလို၊ မြေစမ်းခရမ်းပျိုးသလို လုပ်လာသည်မှာ သုံးလကျော်ပြီ။ လမ်းကတော့ နေ့တိုင်းနီးပါး မှန်မှန်လျှောက်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၇ နှစ်ကျော်က စစ်ဝတ်တန်ဆာအပြည့် အစုံ၊ အရန်ကျည်ဆန်၊ ရိက္ခာအပြည့်၊ လမ်းမလျှောက်နိုင်တော့သော ဖျားနာနေသောရဲဘော်များထံမှ သေနတ်၊ ကျောပိုးအိတ်ကို ဆင့်လွယ်ကာ ပေါင်ချိန် ၁၁၀ သာရှိသည့် ငါးဖောင်ရိုး ကျွန်တော်သည် တစ်ရက်လျှင် ၁၅-၁၈ မိုင်ခရီးကို တစ်တောင်ကွယ်လျှိုး တစ်တောတိုးဖြင့် ခရီးဆန့်နိုင်ခဲ့သော်ငြား အခုတော့ ဗလာကိုယ်ထီး၊ လက်ချည်းသက်သက်ဖြင့်ပင်လျှင် ခြေကျင်ခရီး တစ်နာရီ (သုံးမိုင်ခန့်)ကို ရှေ့မှာ ကြည့်စရာမရှိလျှင် မလျှောက်နိုင်တော့။

**လမ်းလျှောက်**

ကျွန်တော်လက်ရှိနေထိုင်ရာ ဝန်ထမ်းအိမ်ရာရှေ့ရှိ ပြည်လမ်းကိုဖြတ်။ ဆေးတက္ကသိုလ် (၁) ဘေးရှိပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းဝင်းအတွင်းသို့ ဝင်။ ရှိသမျှ၊ ရှင်းသမျှ လမ်းလျှောက်သည်။ ထိုအချိန်တွင် ကြည့်စရာများရှိသည်။ လမ်းလျှောက်သူများဖြစ်သည်။ တက္ကသိုလ်ဘောလုံးကွင်း၊ တင်းနစ်ကွင်းဘေးတွင် လူစည်သည်။ ကားရှင်းသည်။ တက္ကသိုလ်အားကစားကွင်းတွင် လမ်းလျှောက်ရတာ အလွန်ကောင်းသည်။ ခုတလော ကွင်းပြင်နေသဖြင့် ဝင်ခွင့်မရ။ (ကွင်းပြင်ပြီးလျှင်ဖြင့် ဝင်ခွင့်၊ လမ်းလျှောက်ခွင့်ပေးနိုင်ပါစေကြောင်း တာဝန်ရှိသူများကို မေတ္တာပို့နေရသည်။- ဤကား စကားချပ်)

ထိုသို့ ပညာရေးတက္ကသိုလ်ဝင်းအတွင်း လမ်းလျှောက်စဉ် မနေ့ကဖြစ်သည်။ နှစ် ၂၀ ကျော်မတွေ့ဖြစ်သော မိတ်ဆွေတစ်ဦးနှင့်ဆုံသည်။ သူလည်း လမ်းလျှောက်နေစဉ် ဆုံခြင်းဖြစ်သည်။ သူက ကမာရွတ် အာတီးယားလမ်းတွင် ခြံနှင့်ဝင်းနှင့်နေသော ပြည့်စုံသူဖြစ်သည်။ မိတ်ဆွေဟုဆိုသော်ငြား ကျွန်တော့်ဇနီးသည် တောင်ကြီးတွင် တာဝန်ထမ်းစဉ်က ဌာနတူသူ၊ ဝါရင့်ဝန်ထမ်းဖြစ်သည်။ newly married လက်ထပ်ပြီးစ ကျွန်တော်တို့ကို ကျွေးမွေးစောင့်ရှောက်ခဲ့သူ ကျေးဇူးရှိသူလည်း ဖြစ်သည်။ မတွေ့တာကြာသဖြင့် အားပါးတရ စကားပြောဖြစ်သည်။ ထွေရာလေးပါးဖြစ်သည်။ သူလည်းပင်စင်စားဖြစ်သည်။ ဘယ်မှာမှ အလုပ်မလုပ်ဟုဆိုသည်။ ခင်ဗျားကောဟုမေးသည်။ ခေါ် သူရှိသော်လည်း မလုပ်ဖြစ်ဟု ဖြေလိုက်သည်။

ကင်းကင်းရှင်းရှင်း အေးအေးနေတာကောင်းတယ်ဗျာဟုဆိုသည်။ အခုလိုဘာမှမလုပ်ဘဲ အေးအေးနေနိုင်အောင် အလုပ်လုပ်နေကတည်းက ချွေတာခဲ့ရတယ်၊ "မပိုလည်းချွေ(တာ) ပိုလည်းချွေ(တာ)ဗျာ၊ မချွေတာ မစုဆောင်းခဲ့ရင်တော့ သေပြီဆရာပေါ့" ဟု ရယ်မောပြောဆိုသည်။ ခေတ်စကားပြောရရင် "ခြေနိုင်အောင် ချွေရတာပေါ့ (မျက်နှာမော့နေနိုင်အောင် စိတ်ထားဝင့်ကြွားနိုင်အောင်၊ စိတ်မပူရအောင်ဟု ဆိုလိုရင်းဖြစ်မည်") ဟု စကားပိတ်ပြီး နှုတ်ဆက်ကာ တရွေ့ရွေ့ထွက်ခွာသွားသည်။ သူ့စကားကြောင့် သည်စာကို ကိုယ်တွေ့ ရင်တွင်းဖြစ်ခံစားကာ ရေးမိခြင်းဖြစ်သည်။

> အရိပ်ကို ရှာတွေ့ရန် နေပူပူကို ဖြတ်လျှောက်မှ ရမည်။ အရိပ်ရစေမည့် အရိပ်ရပင်များကိုလည်း ကြိုကြိုတင်တင်စိုက်ထားဖို့လိုသည်။ ဘယ်ခရီးကို ဘယ်ထီးနှင့်သွားမည်ကို . . .

သူပြောတာမှန်သည်။ သည်လို ပင်စင်ယူပြီးကာလ နောက်ပိုင်း အေးအေးချမ်းချမ်းနေနိုင်အောင် ကိုယ်တိုင်ကြိုတင်ပြင်ဆင်ခဲ့ရသည်များကို စေတနာအရင်းခံဖြင့် ဘဝတူဝန်ထမ်းများကို တင်ပြလိုရင်းဖြစ်သည်။

သည်ခေတ်မှာ ကားက မရှိမဖြစ်။ (ရှိတော့လည်း ကားကျပ်၊ ဆီဈေးကြီး၊ ပြင်ဆင်စရိတ်ကြီးတာကိုလည်း ခံရပါသည်။) မိသားစုစီးဖို့ကားကို ပင်စင်မယူခင် ခုနစ်နှစ်အလိုကတည်းက ကျွန်တော်ဝယ်ထားသည်။ အခွန်ဆောင်ထားသည်။ (ထိုစဉ်က ခေတ်မီသော်လည်း အခုတော့ အရည်မကျိုရလေအောင် ဆုတောင်းနေရသည်ကိုတော့ဝန်ခံပါသည်။) ၁၉၉၀ ကတည်းက ပြည်ပသို့ တာဝန်ဖြင့်သွားရတိုင်း ရသမျှဒေါ်လာကို ထွက်မပြေးနိုင်အောင် အိတ်အထပ်ထပ်စွပ်ကာ မနီလာကြိုးကြီးကြီးဖြင့် ချည်ထား၊ ဈေးဖိုးကို အတိအကျသုံး၊ ဟိတ်ဟန်မလုပ်၊ မလိုတာမဝယ်သောနည်းကို (ဂျပန်များမတွေ့ရှိမီကပင် ကျွန်တော် ကျင့်သုံး) လိုက်နာခဲ့ရသည့် ခါးသီးသော အရသာသည် ယခုအခါ ချိုမြိန်ခဲ့လေပြီ။ ပြောပြရလျှင် ရယ်စရာဖြစ်နိုင်သည်။ ရှုတ်ချလိုသူများလည်းရှိနိုင်သည်။ ဒီမိုကရေစီခေတ်ဖြစ်သဖြင့်ရှိစေတော့။ ကြက်ဥတစ်လုံးဖြင့် ကျွန်တော် တစ်ရက်ထမင်းစားသည်။ (ဇနီးနှင့် သမီးက ရန်ကုန်မှာနေသည်။ ကျွန်တော်က တပ်ကုန်းမှာ တာဝန်ကျသည်၊ ) ကြက်ဥတစ်လုံးကို ကြက်သွန်နီနှစ်လုံးပါးပါးလှီးထည့်။ မွှကြော်၊ တစ်ဝက်စီခွဲ မနက်၊ ညနှစ်နပ်စားလို့ရသည်။ သူများတော့မသိ။ ကျွန်တော်ရသည်။ ရေနွေးကြမ်းနှင့်တော့ မျှောချရပါသည်။ ထမင်းကျန်တာလုံးဝမရှိစေရ။ ကျန်ရင်ထမင်းကြော်။ ဟင်းကျန်လုံးဝမရှိစေရ။ ဘုန်းတော်ကြီးကျောင်းများတွင်သာ ရနိုင်သော ဟင်းပေါင်း (ကြွင်းကျန်သော ဟင်းများစုပေါင်းကာ အိုးကြီးတစ်လုံးဖြင့်ကျိုချက်ခြင်း) သည် ကျွန်တော့အိမ်တွင်လည်းရသည်။ ငါးဟင်း ကျန်တာကို ချဉ်ပေါင်နဲ့ရော၊ ကျန်ရင် တို့စရာတွေရော၊ ဝက်သားရော၊ ငါးပိရည်ရော၊ ကျန်သမျှအကုန်ရောဖြစ်သည်။ ယောရောရှိ မဟုတ်သော ရှိတာရောဖြစ်သည်။ ရောလို့ရတာ အကုန်ရော။ ကုန်အောင်စား။ အလေအလွင့်မဖြစ်ခြင်းက ဆယ်စုနှစ်တွေကြာလာသောအခါ အစိုင်အခဲဖြစ်လာသည်။

**ရတာလေးနဲ့ ဝအောင်စား**

လောကနီတိလာ 'ခြကိုပုံပြ၊ ပျားလိုစု' ခြင်းဖြစ်သည်။ ထို့ပြင် ကျွန်တော်က 'သားနှစ်သား' ဖြစ်ဖူးသည်။ ဘုန်းကြီးကျောင်းသားနှင့်စစ်သားဖြစ်သည်။ စည်းစနစ်နှင့် နေတတ်သည်။ စကေးနှင့် စားတတ်သည်။ ရတာလေးနဲ့ ဝအောင်စားတတ်သည်။ ရှိတာလေးနှင့်လှအောင် ဝတ်တတ်သည်။ (မိသားစုကိုလည်း သည်ပုံစံသွင်းထားသည်။ ကျွန်တော့ကိုလူကြမ်းကြီးဟု ဇနီးကဆိုသည်) အရေးကြီးတာတစ်ချက်ကျန်သည်။ လူကြီးသူမစကား ကျွန်တော်လိုက်နာသည်။ ငွေစုစာအုပ်ဖြင့် စုကြရမည်ဟူသော အမိန့်ကြောင့် ကျွန်တော်ငွေစုစာအုပ်ဖြင့် စုထားတာ ယခုထိစုဆဲဖြစ်သည်။ ရှေးထုံးမပယ်သကဲ့သို့ ဈေးသုံးလည်းမကြွယ်ခဲ့။ အခြားချွေတာရပုံများကို ရေးသားပြလိုသော်လည်း အချိန်နှင့် စာမျက်နှာကိုငဲ့ကာ မရေးတော့။ ကိုယ်တိုင်လာမေးလျှင်ဖြေပါမည်။

သို့ဖြင့် ကျွန်တော်ပင်စင်ယူချိန်တွင် နေစရာ တိုက်ခန်းရှိပါသည်။ စီးစရာ ကားရှိပါသည်။ စားစရာ စုဆောင်းထားငွေများရှိသည်။ နောက်ထပ် နှစ် ၂၀ လောက် အေးဆေးဖြစ်သည်။ ထိုကာလလောက်ထိ ကျွန်တော် အသက်ရှည်မည်လည်းမထင်ပါ။ လစဉ်ပင်စင်ငွေအပြင် ငှားရမ်းထားသောလစဉ်ဝင်ငွေရှိသည်။ မပြောဘူးဆိုပေသည့် ပြောခွင့်ကြုံသဖြင့်ပြောလိုသေးသည်။ သား၊ သမီးများကို ကောင်းစွာကျွေးမွေးသည်။ ကျွေးရုံမရ။ သွန်သင်ဆုံးမရသည်။ မိဘကိုလုပ်ကျွေးပြုစုရသည်ကို နမူနာပြရသည်။ ပညာကောင်းစွာသင်ပေးရသည်။ မြှုပ်နှံရသည်။ အခုတော့ သားကြီးထံမှ ကျွန်တော့ပင်စင်သုံးလစာနှင့် ညီသော လစဉ်ထောက်ပံ့ငွေရသည်။ ကျွန်တော်ပူစရာ စဉ်းငယ်မျှမရှိ။ လောကီအလုပ် လုပ်လုပ်၊ လောကုတ္တရာအလုပ် လုပ်လုပ်၊ ကြိုက်တာလုပ်၍ရသော အခြေအနေရှိပါသည်။

အရိပ်ကို ရှာတွေ့ရန် နေပူပူကို ဖြတ်လျှောက်မှ ရမည်။ အရိပ်ရစေမည့် အရိပ်ရပင်များကိုလည်း ကြိုကြိုတင်တင်စိုက်ထားဖို့လိုသည်။ ဘယ်ခရီးကို ဘယ်ထီးနှင့် သွားမည်ကို ကြိုတင်ကြည့်မြင် စီစဉ်ထားဖို့လိုသည်။ ရိက္ခာကို အစိုအခြောက် လိုသလောက် စီမံထားရသည်။ မည်သို့ဆိုစေကာမူ 'ခြေနိုင်အောင် ချွေရမည်' ကိုတော့ မိတ်အများ စိတ်သွားတိုင်းကိုယ်ပါအောင်၊ လက်ဆောင်စကားပါးခွင့်ပြုကြစေလိုပါသည်။ ။

## ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးငယ်များအား ကာကွယ်ဆေးထိုးပေး

**မိုင်းယု မတ် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယုမြို့ ပြည်သူ့ဆေးရုံတွင် ဝမ်တာကြန့်ကျေးလက် ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမဒေါ်ဖြူဖြူဝင်းနှင့်အဖွဲ့သည် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးတိုက်ကျွေးပေးခြင်းကို မတ် ၅ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မွေးကင်းစ နှစ်လအရွယ်မှ တစ်နှစ်ခွဲအရွယ်ကလေးငယ်များ၊ကိုယ်ဝန်ဆောင်မိခင်များအား ဘီစီဂျီ၊ ပိုလီယို(အကြောသေ)၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ဝက်သက်ကာကွယ်ဆေးများနှင့် မေးခိုင်ရောဂါကာကွယ်ဆေး ထိုးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရာ ကလေးငယ် ၄၀ နှင့် ကိုယ်ဝန်ဆောင် မိခင် ၁၀ ဦးတို့ကို ပိုလီယိုကာကွယ်ဆေးထိုးပေးခြင်း၊ ဆေးတိုက်ကျွေးခြင်းနှင့် မေးခိုင်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

အဆိုပါကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်း လုပ်ငန်းများကို မိုင်းယုမြို့ပြည်သူ့ဆေးရုံတွင် လစဉ် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ကျောင်းကုန်းကျေးရွာ၌ သဲကျောက်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**တနိုင်း မတ် ၆**

တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစီမံချက် VDP ဖြင့် မတ်ကောကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာတွင်း သဲကျောက်ခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မတ် ၆ ရက်အထိ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ် ဦးစီးမှူး ဦးဝေထွန်းထံမှ သိရသည်။

အဆိုပါ သဲကျောက်လမ်းခင်းကျင်းမှုနှင့် ပတ်သက်၍ ခေတ္တမြို့နယ်ဦးစီးမှူး ဦးဝေထွန်းက "ကျေးရွာတွင်း လမ်းအရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ ပေနဲ့ ထု ရှစ်လက်မရှိတဲ့ သဲကျောက်လမ်းခင်းခြင်းဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစီမံချက် VDP နဲ့ နိုင်ငံတော်အစိုးရ ခွင့်ပြုငွေကျပ်သိန်း ၁၀၀ အကုန်အကျခံပြီး ကျေးရွာတွင်းနေပြည်သူများရဲ့ လုပ်အားနဲ့ ခင်းကျင်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်" ဟု ကွင်းဆင်းစစ်ဆေးစဉ် ရှင်းလင်းပြောကြားပြီး ကျေးရွာစီမံကိန်းကော်မတီဥက္ကဋ္ဌ ဦးရှုယူလွမ်းခေါင်နှင့်တွင်နှင့် ကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**ဦးလေးကြီး**

# သနပ်ပင်မြို့ ဆေးရုံကြီးဝင်းအတွင်း ဝန်ထမ်းအိမ်ရာနှင့် ဆေးစတိုးတည်ဆောက်နေမှု ဝန်ကြီးချုပ်ကြည့်ရှုစစ်ဆေး

**ပဲခူး မတ် ၆**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာစောညိုဝင်းနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများနှင့်အတူ မတ် ၆ ရက် နံနက် ၉ နာရီခွဲက သနပ်ပင်မြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ဝန်ထမ်းအိမ်ရာနှင့် ဆေးစတိုးဆောက်လုပ်နေမှုအားသွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။

သနပ်ပင်မြို့ ဆေးရုံကြီးနှင့် ဝန်ထမ်းအိမ်ရာအား တာဝန်ယူတည်ဆောက်နေသော ခိုင်ဇင်သာကုမ္ပဏီမှ တာဝန်ရှိသူတို့က တည်ဆောက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က နိုင်ငံတော်ဘဏ္ဍာငွေများ အလေအလွင့်မရှိ စေရန်နှင့် လုပ်ငန်းအပေါ်စေတနာထားကာ အစဉ်တည်တံ့ခိုင်ခန့်သော အဆောက်အအုံ တစ်ခုအဖြစ် အမြန်ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဝန်ထမ်းအိမ်ရာသည် ခြောက်ခန်းတွဲ လေးထပ် RCCအဆောက်အအုံဖြစ်ပြီး ၂၀၁၄-၂၀၁၅၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာငွေကျပ်သန်း ၅၄၄ ဒသမ ၁ သန်းဖြင့် ခိုင်ဇင်သာကုမ္ပဏီက တာဝန်ယူတည်ဆောက်ရာ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြု ငွေကျပ် ၄၃ သန်းဖြင့် Lucky Golden Fish Co.Ltd.မှ တာဝန်ယူတည်ဆောက်နေသော (၆၀×၃၀)ပေ တစ်ထပ် RCC ဆေးစတိုး တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**





# ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၆**

(၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အထောက်အကူပြုစေရန်၊ တင်းနစ်အားကစားနည်းကို စိတ်ဝင်စားမှုရှိစေရန်နှင့် ထူးချွန်ထက်မြက်သော လူငယ်အားကစားသမားများ ပေါ်ပေါက်စေလာရန်စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် (၁၁)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလားတင်းနစ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို မတ် ၆ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ရှိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပသည်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးမောင်မောင်စိုးက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့တော်ကြီးအား သန့်ရှင်းစိမ်းလန်းသာယာပြီး မြို့တော်အင်္ဂါရပ်နှင့်အညီကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရန်ကုန်မြို့၏ပန်းခြံများတွင် အားကစားလှုပ်ရှားမှုများနှင့် ပြည်သူများကျန်းမာကြံ့ခိုင်ပျော်ရွှင်စွာအပန်းဖြေကြသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော်ဝန်နှင့်ကော်မတီဝင်များ၊ ဝန်ထမ်းများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်မောင်မောင်သန်းနှင့် အဖွဲ့ချုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယခုနှစ်ကျင်းပသည့်တင်းနစ်ပြိုင်ပွဲတွင်အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသားအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး(Mixed Doubles) နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၀ နှစ်၊ အသက် ၁၂ နှစ်၊ အသက် ၁၄ နှစ်၊ အသက် ၁၆ နှစ်၊ အသက် ၁၈ နှစ်ရှိ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများကိုယနေ့မှစ၍ မတ် ၁၂ ရက်အထိ နံနက် ၉ နာရီမှညနေ ၅ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်ပြီး စုစုပေါင်းပြိုင်ပွဲဝင်ကစားသမား ၂၆၄ ဦးဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

**သတင်း-ဓာနည်မောင်၊ ဓာတ်ပုံ-အေးမင်းသူ**

# အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ပြည်သူ့အကျိုးပြုသန့်ရှင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

**ရန်ကုန် မတ် ၆**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၊ အင်းစိန်ပြည်သူ့ဆေးရုံကြီး ပရိဝုဏ်အတွင်း၌ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အင်းစိန်မြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် ပူးပေါင်း၍ ပတ်ဝန်းကျင်သန့်ရှင်းရေး စုပေါင်းလှုပ်ရှားဆောင်ရွက်မှုကို မတ် ၄ ရက် နံနက် ၆ နာရီတွင် အဆိုပါဆေးရုံကြီး၌ ပြုလုပ်ခဲ့သည်။

ထိုသို့ ပတ်ဝန်းကျင်သန့်ရှင်းရေး စုပေါင်းလှုပ်ရှားဆောင်ရွက်ရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုးနှင့် အင်းစိန်မြို့နယ် တိုင်းဒေသကြီးအမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်း၊ အင်းစိန်ပြည်သူ့ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်မေစန်းချို၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များက ဆေးရုံကြီးအတွင်းအပြင်သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရေစီးရေလာကောင်းမွန်ရန် ရေမြောင်း၊ အမှိုက်များ ဆယ်ယူရှင်းလင်းခြင်း၊ အမှိုက်များကောက်ခြင်းနှင့် ချုံနွယ်ပင်များ၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

**ညဏ်ဟိန်း**

# ကျေးရွာနေပြည်သူများအား မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ဟင်္သာတ မတ် ၆**

မှုခင်းဖြစ်ပွားမှု လျော့နည်းစေရေးနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးအတွက် မတ် ၅ ရက် နံနက်ပိုင်းကဟင်္သာတမြို့မရဲစခန်းနှင့် ရွာသာကုန်းကျေးရွာအုပ်စုအမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ အဆိုပါ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ကျေးရွာနေပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့သည်။

မြို့မရဲစခန်းမှူး ဒုရဲမှူးခင်မောင်ထွန်းနှင့်နယ်ထိန်းခေါင်းဆောင် ရဲအုပ်နေမျိုးလင်းတို့က မုဒိမ်းမှု၊ လူသတ်မှုနှင့်မူးယစ်ရမ်းကားမှုများ၏ ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများနှင့်ပြစ်မှုပြစ်ဒဏ်များကို လည်းကောင်း ဟောပြောပြီး ကုန်းကြီးကျေးရွာ မိခင်နှင့် ကလေးစောင့်ရှောက်ရေးနှင့်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းက သက်ငယ်မုဒိမ်းမှုနှင့်အမျိုးသမီးတို့ဘဝလုံခြုံရေးအကြောင်းကို အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ရာအိမ်စုမှူးနှင့် ဆယ်အိမ်စုမှူးများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ ကျေးရွာနေပြည်သူများတက်ရောက်ခဲ့ပြီး အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## သတင်းတိုများ

### ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်လွှာပေးအပ်

**ဖြူး မတ် ၆**

ဖြူးမြို့နယ် စည်ပင်သာယာခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက်က တာဝန်လွှဲပြောင်းထမ်းဆောင်မည့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်လွှာ ပေးအပ်ပွဲကျင်းပရာ ဖြူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးတို့က အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

### သက်ငယ်မုဒိမ်းမှု ပပျောက်ရေးအသိပညာပေး

**ရွှေပြည်သာ မတ် ၆**

ရွှေပြည်သာမြို့နယ် အမှတ်(၁၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် မတ် ၅ ရက် ညနေ ၅ နာရီက မြို့မရဲစခန်းမှူး ဒုရဲမှူးခင်ဇော်က မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေးဟောပြောပွဲပြုလုပ်ခဲ့ရာ ရပ်ကွက်နေပြည်သူအင်အား ၆၅ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးကြည့်ရှုစစ်ဆေး

**ကော့ကရိတ် မတ် ၆**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က မတ် ၆ ရက် နံနက်ပိုင်းက စာစစ်ဌာနများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကော့ကရိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်း၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ စည်ပင်အမှုဆောင်အရာရှိတို့နှင့်အတူ ကော့ကရိတ်မြို့တွင်းရှိ စာစစ်ဌာနများဖြစ်သည့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး စာစစ်ဌာနများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အလားတူစာစစ်ဌာနများ၌လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**စိုးထက်အောင်(ကော့ကရိတ်)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကွန်ပျူတာအခြေခံသင်တန်းဆင်းပွဲကျင်းပ

**တိုက်ကြီး မတ် ၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကွန်ပျူတာအခြေခံ သင်တန်းဆင်းပွဲကို မတ် ၆ ရက် နံနက် ၉ နာရီခွဲက တိုက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဝင်းက သင်တန်းဆင်းပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား တာဝန်ရှိသူတစ်ဦးက သင်တန်းဆင်း လက်မှတ်များကိုပေးအပ်သည်။

အဆိုပါသင်တန်းကို ကျေးရွာအုပ်စုများမှ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကို စာတွေ့လက်လက်တွေ့ပို့ချပြီး သင်တန်းကာလ တစ်လကြာမြင့်ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

# ပြည်တွင်းရေးရာနှင့် နည်းပညာ

## ဂိမ်းကစားသူများအကြိုက်တွေ့စေမည့် MSI PL62 လပ်တော့အသစ်




အထူ ၂၂ မီလီမီတာနှင့် အလေးချိန် ၂ ဒသမ ၂ ကီလိုဂရမ်သာရှိပြီး ဆွဲဆောင်မှုရှိသည့် ဒီဇိုင်းဖြင့် လုပ်ငန်းခွင်သုံးနိုင်သကဲ့သို့ ဂိမ်းကစားသူများလည်း အကြိုက်တွေ့စေမည့် လပ်တော့တစ်မျိုးကို MSI မှ စတင်ရောင်းချတော့မည် ဖြစ်ကြောင်း သိရသည်။ MSI မှ လပ်တော့များမှာ အကြမ်းခံနိုင်သည့်နာမည်ကောင်းများရှိခဲ့ရာ ယခုထပ်မံရောင်းချပေးသွားမည့် လပ်တော့မှာလည်း ၎င်းနာမည်ကို ဆက်လက်ထိမ်းသိမ်းထားမည့်ပုံစံမျိုးရှိပြီး ယခင်ထုတ်လုပ်နေကျ အရောင်နှင့် ပုံစံမျိုးမှာ အနည်းငယ်ကွဲထွက်ကာ ထုတ်လုပ်ထားသည်ဟုသိရသည်။

စတိုင်ကျလှပသည့် MSI PL62 လပ်တော့များမှာ လုပ်ငန်းခွင်တွင် အသုံးပြုရုံမျှမဟုတ်ဘဲ Nvidia GeForce MX150 2GB ထည့်သွင်းပေးထားသောကြောင့် ဂိမ်ကစားရာတွင် ယခင်ကထက် ၆၀ ရာခိုင်နှုန်းကျော် ပိုမိုမြန် ဆန်လာမည်ဖြစ်သည့်အတွက် ဂိမ်းကစားသူများလည်း အကြိုက်တွေ့စေမည်ဖြစ်သည်။ Intel 7th Generation ပရိုဆက်ဆာနှင့် 8GB DDR4 RAM ပါဝင်ပြီး သိုလှောင်သိမ်းဆည်းမှုအတွက် 1TB HDD ထည့်သွင်းပေးထားသည်။

MSI Gaming Series များ၏ထူးခြားချက်များဖြစ်သည့် ကီးဘုတ်မှခလုတ်များကို လိုအပ်သလိုခွဲခြားသတ်မှတ်ထား နိုင်ခြင်း၊ Msi Dragon Control Center ပါဝင်ခြင်းနှင့် ကိုယ်ပိုင် Gaming နည်းပညာများပါဝင်ခြင်းမှာ အခြားသာမန်လပ်တော့များထက် ပိုမိုသာလွန်သော ဂိမ်းကစားခြင်းစွမ်းဆောင်ရည်များ ပေးစွမ်းနိုင်မည်ဖြစ်ကြောင်းသိရသည်။ ထို့အပြင် 4K အရည်အသွေးရှိသော ရုပ်ထွက်ပိုင်းနှင့် မျက်နှာပြင်သုံးခုအထိ ချိတ်ဆက်ကြည့်ရှုနိုင်မည်ဖြစ်ပြီး Nahimic 2 Plus နည်းပညာများပါဝင်သော အသံထွက်စနစ်များကို လိုအပ်သလို ချိန်ညှိအသုံးပြုနိုင်မည်ဖြစ်ကြောင်းသိရပြီး အမေရိကန်ဒေါ်လာ ၇၅၀ ဝန်းကျင်တွင် ရောင်းချပေးသွားမည်ဖြစ်သည်။ ALEX

## လှပသည့်ဒီဇိုင်းနှင့်စမတ်ကျကျ သုံးစွဲနိုင်မည့် HP Envy လပ်တော့



စမတ်ဖုန်းများကို ပါးသည်ထက်ပါးလွှာအောင် အပြိုင်အဆိုင်ထုတ်လုပ်လာကြသည့်နောက်ပိုင်းတွင် လပ်တော့များကိုလည်း ယခင်ကထက်ပိုမိုပါးလွှာအောင်ထုတ်လုပ်လာကြပြီဖြစ်သည်။ ပါးလွှာသည့်ငွေရောင်ဒီဇိုင်းနှင့် လှပခန့်ညားသော HP Envy စီးရီးလပ်တော့များမှာလည်း ဈေးကွက်အတွင်းနေရာရလာကြပြီဖြစ်ရာ လုပ်ငန်းခွင်အတွင်း အခြားသူများထက် ပိုမိုပေါ်လွင်ပြီး စမတ်ကျကျအသုံးပြုနိုင်မည့် HP Envy စီးရီးလပ်တော့သစ်များကို မိတ်ဆက်ပေးလိုက်သည်။

ထူးခြားချက်မှာ ကြိုးမဲ့အင်တာနက်ချိတ်ဆက်အသုံးပြုမှုအတွက် လိုင်းဆွဲအားကောင်းမွန်စေရန် အခြားလပ်တော့များထက် ပိုမိုမြင့်မားသည့်နည်းပညာ ထည့်သွင်းပေးထားပြီး ညအချိန်နှင့် အလင်းရောင်အားနည်းသော ပတ်ဝန်းကျင်တွင် အသုံးပြုနိုင်ရန်အတွက် Backlit ကီးဘုတ်ထည့်သွင်းပေးထားကာ မိနစ် ၃၀ အကြာအားသွင်းရုံမျှဖြင့် ဘက်ထရီ ၅၀ ရာခိုင်နှုန်းစွမ်းအင်ပြန်လည်ရရှိစေနိုင်မည်ဖြစ်သည်။

Intel 7th/ 8th Generation ဟူ၍ ပရိုဆက်ဆာနှစ်မျိုးရရှိနိုင်ပြီး ၁ ဒသမ ၂၃ ကီလိုဂရမ်သာအလေးချိန်ရှိကာ Nvidia GeForce MX150 2GB DDR5 ကို ထည့်သွင်းတပ်ဆင်ပေးထားသည်။ မျက်နှာပြင်အကျယ် ၁၃ ဒသမ ၃ လက်မရှိပြီး RAM 16GB အထိပါဝင်လာနိုင်ဖွယ်ရှိပြီး သိုလှောင်သိမ်းဆည်းမှုအတွက် 1TB SSD ထည့်သွင်းပေးထားသည်။ Bang & Oulfsen ဟုခေါ်ဆိုသော ဇိမ်ခံကားအချို့တွင်သာပါဝင်သော အသံစနစ်ကြောင့် ကြည်လင်ပြတ်သားပြီး ငြိမ့်ညောင်းသာယာသည့် သံစဉ်များကိုခံစားနိုင်မည်ဖြစ်သည်။

ပိုးသားကဲ့သို့ရွှေရောင် သို့မဟုတ် သဘာဝငွေရောင်ဟူ၍ နှစ်မျိုးထုတ်လုပ်ထားပြီး ခန့်ညားထည်ဝါသော အသွင်အပြင်နှင့် အရောင်များမှာ အသုံးပြုသူအတွက် ယုံကြည်မှုအပြည့်အဝရှိရန် ပံ့ပိုးပေးထားသည်ဟု သိရသည်။ ဘက်ထရီစနစ်ကို ကောင်းမွန်သည့်စီမံခန့်ခွဲမှုနည်းပညာများထည့်သွင်းပေးထားပြီး ပုံမှန်အသုံးပြုပါက ၁၀ နာရီကျော်နှင့် ရုပ်ရှင်ကားများကို ၈ နာရီ ၄၅ မိနစ်ကြာ ဆက်တိုက်ကြည့်ရှုနိုင်မည်ဖြစ်ပြီး ဈေးနှုန်းသတ်မှတ်ချက်မှာ ယူရို ၁၃၀၀ ဝန်းကျင်ဖြစ်ကြောင်း သိရသည်။ ALEX

## တက္ကသိုလ်ဝင်စာမေးပွဲကာလ အေးချမ်းစွာစာမေးပွဲဖြေဆိုနိုင်ရန် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်

**ဘားအံ့ မတ် ၆**

ကရင်ပြည်နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာ စာမေးပွဲဖြေဆိုနိုင်ရန်အတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအပြင် လှည့်ကင်း၊ ရပ်ကင်းများပါ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

"ကျွန်တော်တို့ ကျောင်းသား၊ ကျောင်းသူတွေ စာမေးပွဲဖြေဆိုစဉ် လုံခြုံမှုအပြည့်အဝရရှိစေဖို့ မြို့ဝင်၊ မြို့အထွက်တွေမှာ နေရာဖွေစစ်ဆေးခြင်းတွေကို မိတ်ဖက်အဖွဲ့တွေနဲ့ တိုးမြှင့်လုပ်ဆောင်နေသလို မြို့တွင်းမှာလည်း သက်ဆိုင်ရာ ဌာနတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေပူးပေါင်းပြီး လှည့်ကင်းဆောင်ရွက်နေပါတယ်" ဟု ဘားအံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သန်းက ပြောသည်။

ကရင်ပြည်နယ်အနေဖြင့် စာစစ်ဌာနပေါင်း ၄၂ ခုရှိပြီး စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၉၀၅၄ ဦး ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းကြည့်ရှု

**မယ်စဲ့ မတ် ၆**

ကယားပြည်နယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သယံဇာတဝန်ကြီး ဦးတီရယ်သည် ပြည်နယ်စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစောနေခလီး၊ မယ်စဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်၊ ပြည်နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၆ ရက် နံနက် ၉ နာရီက မယ်စဲ့မြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။



ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၀၀ ဖြင့် ကယားဌာနေကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် မယ်စဲ့ကုန်သွယ်ရေးစခန်း တည်ဆောက်ခြင်းလုပ်ငန်း၊ ကုန်စစ်စင် တည်ဆောက်ခြင်းလုပ်ငန်း၊ ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း၊ ကွန်ကရစ်လမ်းနှင့် ကျောက်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်း၊ မြို့နယ်စီမံကိန်းဦးစီးဌာနရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်း၊ မြို့နယ်သစ်တောဦးစီးဌာနရုံးအဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ရေဝေရေလဲစိုက်ခင်း၊ သဘာဝတောတန်ဖိုးမြင့်စိုက်ခင်း၊ လူထုဖြန့်စိုက်ခင်းပျိုးဥယျာဉ်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် အရည်အသွေးစစ်ဆေးရေး (QC) အဖွဲ့က လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## နယ်မြေလုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် မှုခင်းပိုင်းဆိုင်ရာဆွေးနွေး

**မန္တလေး မတ် ၆**

မန္တလေးတိုင်းဒေသကြီးအတွင်း နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းများ ကြိုတင်ကာကွယ်ရေးနှင့် ဖော်ထုတ်နိုင်ရေးတို့အတွက် မှုခင်းပိုင်းဆိုင်ရာဆွေးနွေးပွဲကို မတ်လ ပထမပတ်က ချမ်းအေးသာစံမြို့နယ် သိရိဟေမာ အနောက်ရပ်ကွက် ချမ်းသာရမြတ်စွာဘုရား ပရဝဏ်အတွင်းရှိ ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း တက်ရောက်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီး တင်ဇော်ထွန်းက မှုခင်းပိုင်းဆိုင်ရာများကိုလည်းကောင်း၊ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး မျိုးအောင်က လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းများလျော့နည်းကျဆင်းရေးအတွက် ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကံသိန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဆွေးနွေးပြောကြားခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်မော်လတ်၊ ချမ်းအေးသာစံမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၆) နယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်မင်းရာဇာဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာရပ်ကွက်များမှ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေ ပြည်သူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း လူဦးရေ ၃၆၀ ခန့် တက်ရောက်ခဲ့ကြသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## လျှပ်စစ်ဓာတ်အားပေးစက်ရုံ ခေါင်လန်ဖူးမြို့၌ဖွင့်

**ခေါင်လန်ဖူး မတ် ၆**

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့ မြို့ပေါ်ရပ်ကွက်အတွင်း အိမ်တိုင်းစေ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၃၂၀၀ ပေနှင့် ၄၈ ဒသမ ၇၅ ကီလိုဝပ် ဒီဇယ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက် မွန်းတည့် ၁၂ နာရီခွဲက ခေါင်လန်ဖူးမြို့ လျှပ်စစ်ရုံး၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် လျှပ်စစ်ဦးစီးမှူး ဦးကျော်ဇောက ခေါင်လန်ဖူးမြို့ပေါ်တွင် အိမ်ခြေ ၈၀ ကျော်ရှိသည့်အနက် ယခင်က ၁၈ ကီလိုဝပ်ဖြင့် စုစုပေါင်း ၄၈ အိမ်ထောင်စုသာ မီးပေးနိုင်ခဲ့ပြီး ယခုအခါ ၄၈ ဒသမ ၇၅ ကီလိုဝပ်ဖြင့် မြို့ပေါ်ရှိ အိမ်တိုင်းစေ့ မီးပေးနိုင်ပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ မြို့မိမြို့ဖ ဦးစီဒီးဆားရ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မွေးဖွားမှုနှင့်သေဆုံးမှုမှတ်ပုံတင်ခြင်း ရာနှုန်းပြည့်လွှမ်းခြုံမှုရရှိစေရန် ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေး

**ညောင်ဦး မတ် ၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ကျန်းမာရေးဦးစီးဌာနမှ ခရိုင်အတွင်း မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု စစ်တမ်းကောက်ယူခြင်းလုပ်ငန်းတစ်ရပ်အနေဖြင့် မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်း ၁၀၀ ရာခိုင်နှုန်း လွှမ်းခြုံမှုရရှိနိုင်စေရန် ပြုလုပ်သည့် ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၆ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ညောင်ဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်က အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးခရိုင်ကျန်းမာရေးဦးစီးဌာန ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြင့်သိန်းက မြို့နယ်အတွင်း ဖွားသေစာရင်း ကောက်ခံနေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ဘလွန်ဘတ်အဖွဲ့မှ Country Coordinator ဒေါက်တာ နန်းဆုဝါက နိုင်ငံတစ်နိုင်ငံတွင် မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းများ ရာနှုန်းပြည့် လွှမ်းခြုံမှုရရန် အရေးကြီးပုံနှင့် မြန်မာနိုင်ငံ၏ ဖွားသေစာရင်းစနစ် ဖွံ့ဖြိုးတိုးတက်အောင် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အခြေခံကျန်းမာရေး ဝန်ထမ်းများက အုပ်စုအလိုက်ခွဲ၍ လက်ရှိ ဖွားသေစာရင်း ကောက်ခံမှုအခြေအနေများနှင့် မိမိတို့ရပ်ရွာအုပ်စုအတွင်း ပြည်သူလူထုထံ အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်သွားရန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ညောင်ဦးမြို့နယ် မဲဆန္ဒနယ်မြေ(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိန်၊ ညောင်ဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ညောင်ဦးခရိုင် ကျန်းမာရေးဦးစီးဌာန ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြင့်သိန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ညောင်ဦးမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## မှုခင်းပညာပေးဆောင်ရွက်

**ကွမ်းခြံကုန်း မတ် ၆**

ကွမ်းခြံကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုင်း သိန်းမောင်က ကွမ်းခြံကုန်းမြို့နယ် သုံးခွကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ သက်ငယ်မုဒိမ်းမှုနှင့် လူကုန်ကူးမှုများ ဖြစ်ပွားမှု လျော့နည်းကျဆင်းရေး ဟောပြောပွဲကို မတ် ၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ ကျေးရွာနေပြည်သူ ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# တစ်ဦးချင်း ဝင်ငွေခွန်အတွက် လက်တွေ့နှင့် ကိုက်ညီသော အချက်တချို့ ပြင်ဆင်သင့်

**မေဖြိုးခင်**

လက်ရှိတွင် ၂၀၁၈ ခုနှစ်အတွက် ပြည်ထောင်စု၏ အခွန်ကောက် ဥပဒေကြမ်းလည်း ထွက်ရှိခဲ့ပြီး များမကြာမီကာလတွင် ယင်းဥပဒေကို အတည်ပြုပြဋ္ဌာန်းတော့မည် ဖြစ်ပေသည်။ ၂၀၁၇ ခုနှစ်တွင် ထွက်ရှိထားသော ဥပဒေများအနက် အချက်အလက်တချို့ကို အနည်းငယ်ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ထားသည်ကို တွေ့ရှိရသည်။

ပြည်ထောင်စုအခွန်အကောက် ဥပဒေကြမ်းတွင် အခွန်အမျိုးအစားအလိုက် ဖော်ပြထားပြီး ယင်းတို့အနက်မှ ဝင်ငွေခွန်တွင် ပေးဆောင်ရမည့် တစ်ဦးချင်းဝင်ငွေခွန်အကြောင်းကို သုံးသပ်ရေးသားလိုပါသည်။ ဤအခွန်သည် ဝင်ငွေအပေါ်ကောက်ခံသောအခွန်ဖြစ်ပြီး 'ဝင်ငွေ' ဟူသောဝေါဟာရသည် ကျယ်ပြန့်သော၊ ဝေါဟာရ ဆွဲဆန့်နိုင်သောအဓိပ္ပာယ်ရှိသည့် အသုံးအနှုန်းဖြစ်ပြီး တရားရုံးများက ဝင်ငွေကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ ၎င်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုံလုံပြည့်စုံခြင်းမရှိပါဟု အမြဲရှင်းလင်းလေ့ရှိပေသည်။ ယေဘုယျအနေဖြင့် အတိအကျကင်းလွတ်ခွင့်ပေးထားသည့် ကိစ္စမှအပ ဝင်ငွေဟုခေါ်ဆိုနိုင်သော မည်သည့်ကိစ္စမဆို အခွန်စည်းကြပ်ကောက်ခံနိုင်ခြင်းပင် ဖြစ်သည်။

တစ်ဦးချင်း၏ ဝင်ငွေခွန်ကို စည်းကြပ်သည်မှာ မှန်သော်လည်း အစိုးရများသည် ၎င်းတို့၏ နိုင်ငံရေးခံယူချက်၊ စီးပွားရေးရည်မှန်းချက်၊ လူမှုရေးရပ်တည်ချက်တို့တွင် အများပြည်သူ ထောက်ခံမှုရရှိရန်အတွက် အခွန်သက်သာခွင့်များ၊ အကျိုးခံစားခွင့်များဖြင့် ပြုပြင်ပြောင်းလဲမှုတို့ကို ပြုလုပ်လေ့ရှိကြပါသည်။ ထို့အတွက် ပုံမှန်ရလေ့ရှိသော၊ မည်မျှထိရစေရန် ကောက်ခံမည် စသဖြင့် ဘတ်ဂျက်ထားပြီး ကောက်ခံမှုမျိုးလုပ်လေ့မရှိသည့် အခွန်မျိုးဖြစ်ပါသည်။

ထို့ပြင် နှစ်စဉ်ထုတ်ပြန်လျက်ရှိသော အခွန်အကောက်ဥပဒေတွင် ဝင်ငွေခွန်ကို အခန်းကဏ္ဍတစ်ခုအဖြစ် ဖော်ပြထားသော်လည်း ဝင်ငွေခွန်နှင့်ပတ်သက်ပြီး သီးခြားဥပဒေလည်း ထုတ်ပြန်ထားခြင်း ရှိပါသေးသည်။

ဝင်ငွေကို ခေါင်းစဉ်အလိုက် သတ်မှတ်ခွဲခြမ်းထားပြီး ထိုခေါင်းစဉ်များအောက်မှ ဝင်ငွေများကို စုစုပေါင်းပြီး ဝင်ငွေခွန်ကို စုစုပေါင်းဝင်ငွေအပေါ်၌ ကျသင့်စေပါသည်။ ယင်းတို့မှာ-

(က) လစာ၊

(ခ) အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊

(ဂ) စီးပွားရေးလုပ်ငန်း၊

(ဃ) ပစ္စည်း၊

(င) အခြေပစ္စည်းမှ မြတ်စွန်းငွေ၊

(စ) ဝင်ငွေရလမ်း မဖော်ပြနိုင်သည့်ဝင်ငွေ၊

(ဆ) အခြားရလမ်းများမှ ဝင်ငွေ။

'လစာငွေများ' ဟူသော စကားရပ်တွင် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ပင်စင်၊ ကရုဏာကြေးနှင့် ကော်မရှင် သို့မဟုတ် လစာအစားရရှိသော အကျိုးခံစားခွင့် သို့မဟုတ် လစာ သို့မဟုတ် လုပ်ခအပြင် ထပ်ဆောင်းရငွေများလည်း ပါဝင်ပါသည်။ 'လစာ' ခေါင်းစဉ်နှင့် 'အခြေပစ္စည်းမှ မြတ်စွန်းငွေ' ခေါင်းစဉ်တို့မှ ဝင်ငွေများအတွက် ဝင်ငွေတစ်ရပ်စီကို သီးခြားစည်းကြပ်မှု ပြုလုပ်ပါသည်။

ပြည်ထောင်စုအခွန်အကောက်ဥပဒေ ၂၀၁၈ ခုနှစ်တွင်လည်း ၂၀၁၇ ခုနှစ် ကဲ့သို့ပင် ဝင်ငွေခွန် ပုဒ်မ ၆ အရ မည်သူမဆို တစ်ဦးချင်းပုဂ္ဂိုလ် သက်သာခွင့်များဖြစ်သော အခြေခံသက်သာခွင့် ၂၀ ရာခိုင်နှုန်း၊ အတူနေမိဘ၊ အိမ်ထောင်ဖက်၊ သားသမီးများအတွက် စသော သက်သာခွင့်များကို နုတ်ပြီးမှ ကျန်ဝင်ငွေခွန်အပေါ် တွက်ချက်ပေးထားသည်။

စုစုပေါင်းဝင်ငွေအားလုံး၏ ၂၀ ရာခိုင်နှုန်းကို အထွေထွေသက်သာခွင့်အဖြစ် သတ်မှတ်ထားသည်။ သို့သော် ကျပ်သိန်း ၁၀၀ ထက် ပိုပြီး နုတ်ခွင့်မရှိပေ။ အတူနေမိဘတစ်ဦးစီအတွက် ကျပ် ၁၀ သိန်းစီ၊ ဇနီး (သို့မဟုတ်) ခင်ပွန်းအတွက် သက်သာခွင့် ကျပ် ၁၀ သိန်း(အခွန်ဆောင်ရမည့် ဝင်ငွေ မရှိသူဖြစ်ရမည်)၊ အသက်မပြည့်သေးသည့် ကလေးတစ်ယောက်စီအတွက် သက်သာခွင့် ကျပ်ငါးသိန်းစီ စသည်တို့ကို ဝင်ငွေစုစုပေါင်းမှ ထုတ်နုတ်နိုင်ပြီး သက်သာခွင့်အဖြစ် ပေးထားသည်။ မိမိကိုယ်တိုင်ဖြစ်စေ၊ ဇနီး၊ ခင်ပွန်းတို့အတွက်ဖြစ်စေ အသက်အာမခံပရီမီယံကြေး၊ လူမှုဖူလုံရေးရန်ပုံငွေ ထည့်ဝင်စုဆောင်းငွေကိုလည်း သက်သာခွင့်အဖြစ် သတ်မှတ်ထားသည်။

၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေမှာ လစာနှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူမဆို စုစုပေါင်းဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ ခုနှိမ်ပြီး လူတစ်ဦးဝင်ငွေ တစ်ကျပ်မှ ကျပ်သိန်း၂၀ အထိရရှိလျှင် သုည ရာခိုင်နှုန်း၊ ကျပ်သိန်း၂၀ မှ ကျပ်သိန်း ၅၀ အထိရရှိလျှင် ငါးရာခိုင်နှုန်း၊ ကျပ်သိန်း ၅၀ မှ ကျပ်သိန်း ၁၀၀ အထိရရှိလျှင် ၁၀ ရာခိုင်နှုန်း၊ ကျပ်သိန်း ၁၀၀ မှ ကျပ်သိန်း၂၀၀ အထိရရှိလျှင် ၁၅ ရာခိုင်နှုန်း၊ ကျပ်သိန်း၂၀၀ မှ ကျပ်သိန်း ၃၀၀ အထိရရှိလျှင် ၂၀ ရာခိုင်နှုန်း၊ ကျပ်သိန်း ၃၀၀ ကျော်ပါက ၂၅ ရာခိုင်နှုန်းအထိ ကောက်ခံသွားမည်ဖြစ်သည်။

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁။ | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| ၂။ | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃။ | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄။ | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅။ | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၆။ | ၃၀,၀၀၀,၀၀၁ ကျပ်နှင့်အထက်ဖြစ်လျှင် | | ၂၅ ရာခိုင်နှုန်း |

အခွန်ကောက်ခံရာတွင် လုပ်ထုံးလုပ်နည်းများကို ရှင်းရှင်းလင်းလင်း နားလည်လွယ်ရန်နှင့် လွယ်လွယ်ကူကူ အခွန်ပေးဆောင်နိုင်ရန် လိုအပ်လှပါသည်။ ထို့အပြင် ဝင်ငွေခွန်အောက်တွင် အခွန်ခံစားခွင့်များ ပေးအပ်ထားသည်မှာလည်း မူအားဖြင့် ကောင်းမွန်သော ကြိုးစားမှုများပင်ဖြစ်သည်။ မိဘများအတွက် ခံစားခွင့်၊ ဇနီး/ ခင်ပွန်းအတွက် ခံစားခွင့်၊ အထွေထွေ ခံစားခွင့်၊ သားသမီးများအတွက် ခံစားခွင့်စသဖြင့် ပေးထားသည်မှာ လွန်စွာသင့်တော်ပေသည်။

သို့သော် လက်တွေ့တွင် ထိုသူများသည် အိမ်ထောင်စု စာရင်းအောက်တွင် အတူတကွ ရှိရမည်ဆိုသည့် အချက်သည် ခေတ်၊ ကာလနှင့် လက်တွေ့အခြေအနေဖြင့် များစွာကွာခြားမှုရှိနေကြောင်းကို ထောက်ပြလိုပါသည်။ အိမ်ထောင်စုစာရင်းတွင် လူနာမည်စာရင်း အသွင်း၊ အထုတ်လုပ်ခြင်း၊ ရွှေ့ပြောင်းခြင်းတို့သည် လွန်ခဲ့သော နှစ်များစွာအတွင်း အင်မတန်ခက်ခဲသော ကိစ္စဖြစ်ပြီး နှစ်ချီကြာနိုင်သည့် ကိစ္စဖြစ်သည်။ ထို့ကြောင့် အင်မတန်အရေးကြီးသော သေရေး၊ ရှင်ရေးမဟုတ်လျှင် မည်သူမှ အိမ်ထောင်စုစာရင်းကို နောက်ဆုံးလိုအပ်ချိန်အထိ မတို့ကြ၊ မထိကြပေ။ နယ်ပြောင်းလာလျှင်တောင်မှ ပိုနေမြဲ၊ ကျားနေမြဲ အဆင်ပြေအောင်သာ ထားလေ့ရှိသည်။ ထို့ကြောင့် ဇနီး၊ ခင်ပွန်းတိုင်းသည် အိမ်ထောင်စုစာရင်းတစ်ခုအောက်တွင် အတူရှိရန်ဆိုသည်မှာ လွယ်ကူသည်တော့ မဟုတ်ပေ။ ထို့အတူ မိဘများနှင့် အိမ်ထောင်စုစာရင်းသည်လည်း တူချင်မှ တူနိုင်မည်ဖြစ်သည်။

လက်တွေ့တွင် လူ့အဖွဲ့အစည်းအတွင်းတွင် အသက်အရွယ်ကြီးမြင့်ပြီး အလုပ်အကိုင် အခွင့်အလမ်း နည်းနေပြီဖြစ်သည့် မိဘများ၊ ဆွေမျိုးများကို ငွေရေးကြေးရေးချောင်လည်သည့် သားသမီး၊ ဆွေမျိုးများက တာဝန်ယူထားရသည်မှာ ဓလေ့တစ်ခုပင် ဖြစ်ပါသည်။ ပင်စင်လစာရသည့်တိုင်အောင် မိသားစုက တာဝန်ယူနိုင်မှ၊ အခြားဝင်ငွေရှိမှ အဆင်ပြေပြေ ချောင်ချောင်လည်လည် နေနိုင်ကြသည့်သူများ ဒုနှင့်ဒေးပင်ဖြစ်သည်။ ထို့ကြောင့် အမှန်တကယ် ငွေကြေးထောက်ပံ့ပေးနေရသည့် သားသမီးများ၊ ဇနီး၊ ခင်ပွန်းများသည် ၎င်းတို့ ရသင့်သည့် အခွန်ကင်းလွတ်ခွင့်များကို အပြည့်အဝ နုတ်ခွင့်ရပြီး ခံစားခွင့်ရသင့်ပေသည်။ ထို့အပြင် ခံစားခွင့်ပမာဏသည်လည်း ခေတ်ကာလနှင့် လျော်ညီသည့် သင့်တင့်မျှတသော ပမာဏဖြစ်သင့်သည်။

ကလေးများအတွက် အကျိုးခံစားခွင့်သည်လည်း ထို့အတူပင် ဖြစ်သည်။ ပညာရေးကအစ၊ ကျန်းမာရေးအဆုံး ကိုယ့်စရိတ်ဖြင့် ကိုယ်သာ ရုန်းကန်နေရသည့်အချိန်တွင် ကလေးများအတွက် ခံစားခွင့်သည် ယခုလက်ရှိ ငါးသိန်းထက် ပိုမိုသင့်သည်ဟုလည်း ထင်မြင်မိပါသည်။ မိမိ၏မိသားစုအတွက်သာမက မိဘမောင်ဖွားများပါ တာဝန်ယူနေရပြီး တိုင်းပြည်၏ ထောက်ပံ့မှု၊ ပံ့ပိုးမှုများကိုလည်း အလွယ်တကူ မရယူနိုင်ဘဲ ကိုယ့်ဘာသာကိုယ် ကြိုးစားရှာဖွေစောင့်ရှောက်နေရသည့်အချိန်တွင် အခွန်ဆိုင်ရာ အကျိုးခံစားခွင့်သည် ထိုက်ထိုက်တန်တန်နှင့် ထိထိမိမိ ဖြစ်သင့်ပါသည်။

သို့မှသာ ဝင်ငွေခွန်ကို ကြည်ကြည်ဖြူဖြူ ပေးချင်လာမည်ဖြစ်သည်။ တိုင်းပြည်တည်ဆောက်ရန် ရေရှည်အနေဖြင့် လူတိုင်း အသာတကြည်၊ လိုလိုလားလားဖြင့် အခွန်ဘဏ္ဍာများပေးလာစေရန် လုပ်ဆောင်ဖို့ဆိုသည်မှာ အားလုံးအတွက် စိန်ခေါ်မှုတစ်ရပ်ဟု ဆိုနိုင်သည်။

ဝန်ထမ်းများအနေဖြင့်လည်း ဝင်ငွေခွန်ကြေညာလွှာများကို သက်ဆိုင်ရာ အခွန်ရုံးများတွင် ကြေညာနိုင်ရန်၊ အခွန်ထမ်းလိုစိတ် ဖြစ်လာရန်မှာလည်း အရေးကြီးပါသည်။ မပေးချင်သည်ကို အတင်းတောင်းဆိုသည်မျိုး၊ မပေးနိုင်သည်ကို မရမက တောင်းနေခြင်းမျိုးထက် ကိုယ်ပိုင်အသိစိတ်နှင့် ပေးချင်စိတ် ဖြစ်လာစေရန် နှိုးဆော်လုပ်ဆောင်မှသာ ပိုပြီးလွယ်ကူချောမွေ့လာမည် ဖြစ်သည်။

ဥပမာအနေဖြင့် အခွန်ထမ်းများ၏ ပေးဆောင်ရမည့်အခွန်ကို ဘယ်နေ့ဘယ်ရက်နောက်ဆုံးထားပြီး ထမ်းဆောင်ရန်နှိုးဆော်ပြီး သတ်မှတ်ရက်အတွင်း ပေးဆောင်သော အခွန်ထမ်းများကို ရာခိုင်နှုန်းတစ်ခုအားဖြင့် သက်သာခွင့်ပြုတာမျိုးလုပ်ဆောင်ပေးမည်ဆိုလျှင် အခွန်ထမ်းသူဘက်မှလည်း ထပ်မံပြီး အခွန်သက်သာခွင့်များ ရရှိသည့်အတွက် လာရောက်ပေးဆောင်ချင်လာမည်ဖြစ်သည်။ သတ်မှတ်ချိန်အတွင်း လာရောက်ပေးဆောင်ခြင်း မပြုပါက ဒဏ်ပေးသောစနစ်မျိုး ပြုလုပ်သင့်ကြောင်း အကြံပြုလိုပါသည်။

ထည့်သွင်းစဉ်းစားရန် အချက်တစ်ချက်မှာ အခွန်ထမ်းသော ဝန်ထမ်းများမှာ အစိုးရရုံးပိတ်ရက်မှသာ အလုပ်နားရခြင်းဖြစ်သည့်အတွက် တကူးတက အခွန်လာဆောင်ရန် စိတ်ကူးရှိမည်မဟုတ်ပေ။ ထို့ကြောင့် ၎င်းတို့အတွက် လွယ်ကူချောမွေ့စွာ အခွန်ဆောင်နိုင်စေရန် နည်းပညာအကူအညီများလည်း ပြုလုပ်ပေးသင့်ပါသည်။ ဥပမာအွန်လိုင်းမှ လွယ်လင့်တကူ အခွန်ပေးဆောင်နိုင်တာမျိုး၊ ဝင်ငွေခွန်ကြေညာလွှာများကို တင်သွင်းနိုင်တာမျိုး၊ ကြိုတင်ရက်ချိန်းယူပြီး ယင်းအချိန်တွင် အတိအကျ အခွန်ပေးဆောင်နိုင်စေရန် စီစဉ်ပေးခြင်းများကို ပြုလုပ်ပေးသင့်ပါကြောင်းလည်း အကြံပြုအပ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုမိတ်ဖက်များ တွေ့ဆုံပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း "အကောက်အခွန်ပေးခြင်းဆိုတာဟာ ကိုယ့်ရဲ့နိုင်ငံကိုထောက်ပံ့ခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ လည်ပတ်မှု၊ နိုင်ငံတစ်နိုင်ငံရဲ့ အောင်အောင်မြင်မြင် လည်ပတ်မှုဆိုတာဟာ နိုင်ငံရဲ့ ဘဏ္ဍာတော်ငွေ အခြေအနေအပေါ်မှာ အများကြီး တည်ရှိပါတယ်။ အခွန်အကောက်ပေးခြင်းဆိုတာကို ပြည်သူ ပြည်သားတွေအားလုံးက ဂုဏ်ယူရမယ့်ကိစ္စပါ။ ဒါဟာ တာဝန်လည်းဖြစ်တယ်။ ဒါဟာ ကိုယ့်ရဲ့ ဂုဏ်သရေလည်း ဖြစ်ပါတယ်။ တချို့နိုင်ငံတွေက ပြည်သူ ပြည်သားတွေ ပြောတဲ့စကားကို ကျွန်မနားထဲမှာ ကြားယောင်နေပါတယ်။ ငါတို့က အကောက်အခွန်မှန်မှန်ပေးနေတဲ့ နိုင်ငံသူ နိုင်ငံသားတွေ၊ ပြောချင်တာက ဒါကြောင့်မို့လို့ ငါတို့ဟာ နိုင်ငံသူ နိုင်ငံသားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ အားလုံးကို ရပိုင်ခွင့်ရှိတဲ့ လူတွေဆိုပြီးတော့ ဝံ့ကြွားစွာပြောတာကို ကြားဖူးပါတယ်။ ပြည်သူ ပြည်သားတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေကိုလည်း ဒီလိုမာနမျိုးထားစေချင်ပါတယ်။ ငါတို့ဟာ အပြည့်အဝ နိုင်ငံတော်ကို ဆောင်ရမယ့် အခွန်တွေကို ဆောင်နေတဲ့ ပြည်သူ ပြည်သားတွေဖြစ်လို့ ငါတို့ဟာ ပြည်သူ ပြည်သားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးအားလုံး ရထိုက်တယ်ဆိုတဲ့ မာန်မာနမျိုးကိုတော့ ထားစေချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများ၊ အခွန်နှုန်း အတိုးအလျှော့များ၊ အခွန်စနစ်၊ အခွန်ယဉ်ကျေးမှုတည်ထောင်ခြင်းများနှင့် အခွန်ဆိုင်ရာဥပဒေများ ရေးဆွဲပြင်ဆင် ဖြည့်စွက်ခြင်းများမှာ တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်သဖြင့် ယင်းကဲ့သို့ ပြုပြင်ပြောင်းလဲမှုများကို ကြိုဆိုသကဲ့သို့ အဆိုပါ ပြုပြင်ခြင်းများမှာ အခွန်ထမ်းများ၏ လက်တွေ့ဘဝနှင့် လိုက်လျောညီထွေဖြစ်ပြီး အခွန်ထမ်းများ၏ အခွန်ထမ်းဆောင်လိုစိတ်ကို အမှန်တကယ်ဖြစ်ပေါ်စေသော ဝန်ထုပ်ဝန်ပိုးမရှိသည့် အနေအထားဖြစ်စေရေးမှာလည်း အရေးပါကြောင်း သုံးသပ်ရေးသားလိုက်ပါသည်။ ။

**"စုစုပေါင်းဝင်ငွေအားလုံး၏ ၂၀ ရာခိုင်နှုန်းကို အထွေထွေသက်သာခွင့်အဖြစ် သတ်မှတ်ထားသည်။ သို့သော် ကျပ်သိန်း ၁၀၀ ထက် ပိုပြီး နုတ်ခွင့်မရှိပေ။ အတူနေမိဘတစ်ဦးစီအတွက် ကျပ် ၁၀ သိန်းစီ၊ ဇနီး (သို့မဟုတ်) ခင်ပွန်းအတွက် သက်သာခွင့် ကျပ် ၁၀ သိန်း(အခွန်ဆောင်ရမည့် ဝင်ငွေ မရှိသူဖြစ်ရမည်)၊ အသက်မပြည့်သေးသည့် ကလေးတစ်ယောက်စီအတွက် သက်သာခွင့် ကျပ်ငါးသိန်းစီ စသည်တို့ကို ဝင်ငွေ စုစုပေါင်းမှ ထုတ်နုတ်နိုင်ပြီး သက်သာခွင့်အဖြစ် ပေးထားသည်"**

# တစ်ပတ်အတွင်း အားကစားသတင်း



## ဂယ်ရီထက် ဖီးလ်ကသာ နည်းပြဖြစ်လာမယ်လို့ အစကတည်းက သိနေခဲ့တယ်လို့ ဘက်ခမ်းဆို

ဘက်ခမ်းဟာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က မိတ်ဆွေဖြစ်တဲ့ ဖီးလ်နဗီးလ်ကိုင်တွယ်နေတဲ့ အင်္ဂလန်အမျိုးသမီးလက်ရွေးစင်အသင်းရဲ့ SheBelieves ဖလားပွဲကြည့်ရှုအားပေးဖို့ နယူးဂျာစီကို ရောက်ရှိနေခဲ့ပါတယ်။ ဘက်ခမ်းက ဖီးလ်နဗီးလ်ဟာ အစ်ကိုဖြစ်သူ ဂယ်ရီနဗီးလ်ကို အနိုင်ရဖို့ အမြဲကြိုးစားလေ့ရှိသူဖြစ်ပြီး ဒီအမူအကျင့်ကြောင့် ဖီးလ်အနေနဲ့ တစ်ချိန်ချိန်မှာ နည်းပြတစ်ဦးဖြစ်လာမယ်ဆိုတာ သူ အစကတည်းက ကြိုတင်တွက်ဆမိခဲ့တယ်လို့ ဆိုခဲ့ပါတယ်။ အဲဒီပွဲမှာ နဗီးကိုင်တွယ်နေတဲ့ အမျိုးသမီးလက်ရွေးစင်အသင်းဟာ အယ်လန်ဝိုက်ရဲ့ ချေပဂိုးတွေနဲ့အတူ ကမ္ဘာ့အဆင့်(၂)နေရာမှာ ရပ်တည်နေတဲ့ ဂျာမနီလက်ရွေးစင် အမျိုးသမီးအသင်းကို နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်အောင် ကစားနိုင်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ဆမ်ပစင်ရဲ့နေရာမှာ နည်းပြအတွေ့အကြုံမရှိတဲ့ နဗီးလ်ဟာ အစားထိုး ခန့်အပ်ခံခဲ့ရတာကြောင့် အများအတွက် အံ့အားသင့်ဖွယ်ဖြစ်ခဲ့ပေမယ့် ဘက်ခမ်းကတော့ နဗီးလ်ရဲ့ အရည်အချင်းအပေါ် သူဘယ်တုန်းကမှ သံသယမရှိခဲ့ဘူးလို့ ဆိုခဲ့တာပါ။

ဘက်ခမ်းက“ ဖီးလ်နဲ့ ဂယ်ရီတို့ နှစ်ယောက်ကို နှိုင်းယှဉ်မယ်ဆိုရင် ဖီးလ်က နည်းပြလိုင်းဘက်ကို သွားမယ်သူဆိုတာ ကျွန်တော်အမြဲတမ်းမျှော်လင့်ခဲ့တာပါ။ သူတို့နှစ်ဦးစလုံးဟာ ကွင်းတွင်းကွင်းပြင် သူတို့နည်း သူတို့ဟန်နဲ့ ဉာဏ်ရည်ထက်မြက်ကြတာပါပဲ။ ဒါပေမယ့် ဖီးလ်ကို ဒီလို အခန်းကဏ္ဍမျိုးကတွေ့ရတာက ကျွန်တော့်ကို အံ့အားသင့်မှု မဖြစ်စေပါဘူး။ အသင်းဟာ သူ့လက်ထက်မှာ ကောင်းမွန်တဲ့ အခြေအနေမှာရှိနေသလို သူ့ရဲ့ အတွေ့အကြုံကလည်း ပြိုင်ပွဲမှာ အနိုင် ရစေနိုင်အောင် ကူညီပေးနိုင်ပါလိမ့်မယ်” လို့ ပြောကြားခဲ့ပါတယ်။

ဘက်ခမ်းဟာ နဗီးလ်ညီနောင်ဖြစ်တဲ့ ဂယ်ရီနဗီးလ်၊ ဖီးလ်နဗီးလ်တို့နဲ့အတူ မန်ယူအသင်းမှာရော အင်္ဂလန်အသင်းမှာပါ အတူတကွ ကစားခဲ့ကြသူများဖြစ်ပြီး ဖီးလ်နဗီးလ်ဟာ ကစားသမားဘဝမှာတော့ အစ်ကိုဖြစ်သူဂယ်ရီနဗီးလ်လောက် အောင်မြင်မှု မရရှိခဲ့ပေမယ့် ဂယ်ရီနဗီးလ် မအောင်မမြင်ဖြစ်ခဲ့တဲ့ နည်းပြဘဝကို ခုထိ အောင်အောင်မြင်မြင်ဖြစ်အောင် ထိန်းကျောင်းထားနိုင်ဆဲပါ။



## ပီအက်စ်ဂျီကို လူစုံတက်စုံ ရင်ဆိုင်နိုင်မယ့် ရီးယဲလ်

ပီအက်စ်ဂျီနဲ့ ရီးယဲလ်တို့ ထိပ်တိုက်တွေ့ဆုံနေကြတဲ့ ချန်ပီယံလိဂ်ရှုံးထွက်ပွဲစဉ်ဟာ ပွဲမကစားခင် ကတည်းက ပရိသတ်အာရုံကို အတော်ရယူနိုင်ခဲ့သလို ပထမအကျော့ကစားပြီးချိန် ပီအက်စ်ဂျီနဲ့ နေမာတို့အပေါ် ဝိုင်းဝန်းပြစ်တင်သံတွေကြောင့်လည်း ဒုတိယအကျော့မှာ နေမာရဲ့ အစွမ်းပြမှုနဲ့အတူ အတော်လေးပွဲကြီးပွဲကောင်းဖြစ်လာမယ်လို့ ပရိသတ်တွေက မျှော်လင့်ထားကြတာပါ။

ပီအက်စ်ဂျီတိုက်စစ်မှူး နေမာရဲ့ ဘောလုံးပွဲဆိုတာ ဘာမဆိုဖြစ်သွားနိုင်တာကြောင့် ပီအက်စ်ဂျီအသင်း နောက်တစ်ဆင့်တက်ရေး လက်လျှော့မှာ မဟုတ်ဘူးဆိုတဲ့ တုံ့ပြန်စကား၊ ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုက သူ့အသင်းဖော်တွေကို ပွဲမပြီးသေးဘူးစတဲ့ သတိပေးစကားတွေရဲ့ အောက်မှာ ပရိသတ်အားခဲမှုဟာလည်း ပိုမိုအရှိန်တက်လာခဲ့ပါတယ်။ နှစ်သင်းကြား တိုက်စစ်၊ ကွင်းလယ်၊ ခံစစ် ၊ ဂိုးစတဲ့ နေရာစုံ အားပြိုင်မှုအပြင် စီရိုနယ်လ်ဒိုနေရာ အစားထိုးဖို့ ရီးယဲလ်က ပစ်မှတ်ထားနေတယ်ဆိုတဲ့ နေမာနဲ့ စီရိုနယ်လ်ဒိုတို့ကြားက ပုဂ္ဂိုလ်ရေးကျော်ကြားမှုအရှိန် အားပြိုင်မှုတွေဟာ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေကို ဒီပွဲစောင့်ကြည့်ဖို့ လက်ယက်ခေါ်နေသလိုဖြစ်စေခဲ့ပါတယ်။

ဒါပေမယ့်လည်း တကယ်တမ်း ကစားဖို့ နီးလာချိန် နေမာက ခြေချောင်းရိုးခွဲစိတ်ကုသရ၊ မိုဒရစ်နဲ့ တိုနီခရူးစ်၊ စီရိုနယ်လ်ဒိုတို့လို ရီးယဲလ်ရဲ့ စူပါစတားတွေကလည်း ဒဏ်ရာပြဿနာ အနည်းငယ်စီ ရှိနေကြတာကြောင့် ဒီလို ကမ္ဘာ့ထိပ်တန်း ကစားသမားတွေ မပါဝင်မယ့် အသင်းကြီးနှစ်သင်းရဲ့ ယှဉ်ပြိုင်မှုကို ပရိသတ်တွေ ကြည့်ကြရတော့မလားဆိုတဲ့ ပွဲကောင်းကြည့်ချင်တဲ့ ပရိသတ်တွေ စိုးရိမ်ခဲ့ကြပေမယ့် မိုဒရစ်၊ခရူးစ်တို့ဟာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုနဲ့အတူ ပီအက်စ်ဂျီကို ရင်ဆိုင်မယ့် လူစာရင်းမှာ ပါဝင်လာခဲ့တာကို တွေ့ရပါတယ်။

ခရူးစ်က ပီအက်စ်ဂျီနဲ့ ရင်ဆိုင်ခဲ့တဲ့ ပထမအကျော့ပွဲစဉ်မှာ ဒူးဒဏ်ရာရရှိခဲ့တာဖြစ်သလို မိုဒရစ်ကလည်း တံကောက်ကြောဒဏ်ရာရ၊ စီရိုနယ်လ်ဒိုကလည်း ဂီတာဖေးနဲ့ပွဲမှာ ခြေထောက်ကို ရေခဲကပ်နေတဲ့ အနေအထားတွေ့ရတာကြောင့် ရီးယဲလ်လည်း ပီအက်စ်ဂျီကို လူစုံတက်စုံ ရင်ဆိုင်နိုင်မှာ မဟုတ်ဘူးလို့ ယေဘုယျယူဆခဲ့ကြတာဖြစ်ပါတယ်။ ဘက်တစ်၊ အက်စ်ပန်ညို၊ ဂီတာဖေးတို့ကို ရင်ဆိုင်ခဲ့တဲ့ လာလီဂါပွဲစဉ်သုံးပွဲစလုံးမှာ ခရူးစ်နဲ့ မိုဒရစ်တို့နှစ်ဦးစလုံး ရီးယဲလ်အတွက် ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ပေမယ့် တနင်္လာနေ့ကပြုလုပ်တဲ့ လေ့ကျင့်ရေးအစီအစဉ်မှာ ခရူးစ်၊ မိုဒရစ်တို့အားလုံး အသင်းနဲ့အတူ ပူးပေါင်းလေ့ကျင့်ခဲ့တာကို တွေ့ရပါတယ်။

ပရိသတ်အများစုကတော့ အတောင့်တင်းဆုံး လူစာရင်းနဲ့ ပွဲထွက်လာမယ့် ရီးယဲလ်အတွက် အပေါင်းလက္ခဏာဆန်တဲ့ မှတ်ချက်တွေရေးသားခဲ့ကြပြီး အသင်းခေါင်းဆောင် ဆာဂျီယိုရာမို့စ်က ပထမအကျော့တုန်းကလို အသင်းရဲ့ အဆင့်အတန်းအမှန်ကို ပြသနိုင်ဖို့ ပဲရစ်ကိုသွားမှာဖြစ်တယ်လို့ စကားလက်ဆောင်ပါးခဲ့ပါတယ်။

**မေလှဲသင်း–ရေးသားသည်။**



## ပရီမီယာလိဂ်ရဲ့အမြန်ဆုံးကစားသမား

ဒီနှစ်ပရီမီယာလိဂ်ရဲ့ မြန်နှုန်းအမြင့်ဆုံးကစားသမား ဘယ်သူဖြစ်တယ်ဆိုတာကို အားကစားကလောင်ရှင် ဒေဗ့်ဖာရာက မတ် ၅ ရက်မှာ တင်ဆက်လိုက်ပါတယ်။ ဖာရာရဲ့ အဆိုအရ ယခုနှစ်ဘောလုံးရာသီ ပရီမီယာလိဂ် အမြန်ဆုံးကစားသမားက မန်စီးတီးတောင်ပံတိုက်စစ်မှူး ဆာနေးဖြစ်ပါတယ်။

ဆာနေးဟာ စက်တင်ဘာ ၃၀ ရက်က ချယ်လ်ဆီးကိုရင်ဆိုင်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ တစ်နာရီ ၂၂ ဒသမ ၀၅မိုင်နှုန်းပြေးနိုင်ခဲ့ပြီး ကစားသမားအများစု ကျော်ဖြတ်နိုင်ဖို့ ခက်ခဲနေတဲ့ တစ်နာရီ ၂၂မိုင်ဆိုတဲ့ စံချိန်ကို ကျော်ဖြတ်ပြနိုင်ခြင်းနဲ့အတူ ယခုနှစ် ဘောလုံးရာသီ ပရီမီယာလိဂ် အမြန်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။ အဲဒီနေ့တစ်ရက်တည်းမှာပဲ ခရစ်စတယ်ပဲလေ့စ် စတားအနန်ဟော့ထ်လည်း တစ်နာရီ ၂၂ မိုင် ဒသမ ၀၁ မိုင်ဆိုတဲ့ စံချိန်ကို ရယူကာ ပရီမီယာလိဂ်ရဲ့ ဒုတိယအမြန်ဆုံးကစားသမားဖြစ်ခွင့်ရခဲ့သလို စပါးကွင်းလယ်လူ ဆစ်ဆိုခိုက တစ်နာရီ ၂၁ ဒသမ ၉၅ မိုင်နှုန်း ပြေးနှုန်းနဲ့ တတိယနေရာလိုက်နေပါတယ်။ ဆစ်ဆိုခိုဟာ အဲဒီစံချိန်ကို စပါးက လီဗာပူးကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ ရရှိခဲ့တာဖြစ်ပြီး စတုတ္ထ နေရာမှာတော့ အဲဗာတန်တိုက်စစ်မှူးသစ် ဝဲလ်ကော့၊ ပဉ္စမနေရာမှာတော့ မန်စီးတီး နောက်ခံလူ ဝေါ်လ်ကာတို့က အစဉ်လိုက် ရပ်တည်နေကြတာကိုတွေ့ရပါတယ်။

## မန်စီးတီးကို သုံးမှတ်ပေးခဲ့တယ်ဆိုတဲ့ စွဲချက်များကြားထဲက ချယ်လ်ဆီး

မန်စီးတီးနဲ့ ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ခဲ့တဲ့ ပွဲစဉ်မှာ ချယ်လ်ဆီးကစားသမားတွေအနေနဲ့ အနိုင်ရဖို့ မကြိုးစားခဲ့ဘဲ ပွဲမပြီးခင်ကတည်းက မန်စီးတီးကို အနိုင်သုံးမှတ်ရအောင် ပံ့ပိုးသလိုဖြစ်စေတဲ့ ပုံစံမျိုးနဲ့ ရင်ဆိုင်သွားခဲ့တယ်ဆိုတဲ့ စွဲချက်တွေ လူမှုကွန်ရက်မှာ ပျံ့နှံ့နေပါတယ်။ ချယ်လ်ဆီးရဲ့ မန်စီးတီးကို ရင်ဆိုင်သွားခဲ့ပုံဟာ လက်ရှိ ချန်ပီယံဆိုတဲ့ ဂုဏ်သိက္ခာနဲ့ အတော်လေး အလှမ်းကွာနေသလိုဖြစ်နေပြီး နည်းပြကွန်တီအတွက်တော့ နောက်ထပ်ဖိအားထပ်တိုးသွားခဲ့တဲ့ ပွဲရလဒ်လို့ ဆိုရမှာပါ။ အဲဒီပွဲမှာ နည်းပြ ကွန်တီရဲ့ လူအခင်းအကျင်း၊ နည်းဗျူဟာ ချမှတ်မှုတွေကို အပြစ်တင်စရာမရှိပေမယ့် တကယ်အမှားကျူးလွန်ခဲ့တာက အနိုင်ရလိုစိတ် နည်းပါးခဲ့တဲ့ ချယ်လ်ဆီးကစားသမားတွေပါ။ မန်စီးတီးအသင်း တရစပ်တိုက်စစ်ဆင်နေချိန်မှာ ချယ်လ်ဆီး ကစားသမားတွေ လှုပ်လှုပ်ရှားရှားမရှိဘဲ ရပ်ကြည့်နေတဲ့ အနေအထားတွေဟာ လူမှုကွန်ရက်တွေမှာ တင်ထားတဲ့ ဗီဒီယိုဖိုင်တွေကို ကလစ်တစ်ချက်နှိပ်ရုံနဲ့ ထင်ထင်ရှားရှား မြင်တွေ့ ရနိုင်မှာဖြစ်ပါတယ်။




ဖာဘရီဂတ်စ်ဆိုရင် မန်စီးတီးကွင်းလယ် ကစားသမား ဒေးဗစ်ဆေးလ်ဗားရဲ့ တိုက်စစ်ဆင်မှုကို ရပ်တန့်ဖို့ မကြိုးစားဘဲ ရပ်ကြည့်နေခဲ့တာကို စိတ်ပျက်ဖွယ်တွေ့ရပါတယ်။ ဒီပွဲအပြီးမှာ စကိုင်းစပို့ရဲ့ အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ခဲ့ကြတဲ့ ရက်ပ်နက်ပ်ရော ဂယ်ရီနဗီးလ်ကပါ ချယ်လ်ဆီး ကစားပုံဟာ ဘောလုံးရသမျှကို ဖျက်ဆီးရာရောက်နေတယ်“ဒီနေ့ ချယ်လ်ဆီးအသင်းမှာ ရဲရင့်မှုများ ပျောက်ဆုံးနေတယ်” စသဖြင့် ဝေဖန်ခဲ့ကြပါတယ်။

## မိုလ်လောင်းသင်တန်း အမှတ်စဉ် ၄၇
## စည်သူတပ်ခွဲ
## ၄၄ နှစ်မြောက် နှစ်ပတ်လည်နေ့ ဖိတ်ကြားလွှာ

ဗ. သ. က (၄၇) ၄၄ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား အား အောက်ပါ အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် တတ်ရောက် ပါရန် ဖိတ်ကြား အပ်ပါသည်။

**အစီအစဉ်များ**

- (၈. ၃. ၂၀၁၈) ဂေါက်သီးရိုက်ပြိုင်ပွဲ တပ်မတော်ဂေါက်ကွင်း မင်္ဂလာဒုံ (၁၂:၀၀ နာရီ)
- (၉. ၃. ၂၀၁၈)ဆွမ်းကျွေးတရားနာ - နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် မရမ်းကုန်းမြို့နယ် (၀၉:၀၀ နာရီ)။
- (၉. ၃. ၂၀၁၈) မိတ်ဆုံညစာ စားပွဲ ကန်တော်မင်ပန်းခြံ မြက်ခင်းပြင် ရွှေဘဲ စားတော်ဆက် (၁၈:၀၀ နာရီ) ။

အမှုဆောင်အဖွဲ့
ဗ. သ. က (၄၇)

## MAJA
## မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်း
## နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း
### (သာမန်အသင်းသားများသာ)

မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်း (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်။ ။ ၁.၄.၂၀၁၈ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် ။ ။ ၉:၀၀ နာရီ မှ ၁၂:၀၀ နာရီထိ
ကျင်းပမည့်နေရာ ။ ။ UMFCCI Hall, 1st Floor
(မင်းရဲကျော်စွာလမ်း၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့)

- အစည်းအဝေးတွင်အလုပ်အမှုဆောင်သစ် ရွေးချယ်ရန်ရှိပါသည်။
- အစည်းအဝေးပြီးလျှင် မိတ်ဆုံစားပွဲဆက်လက်ကျင်းပပါမည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်း

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်
ဂုဏ်ထူး ဦးအောင်ခိုင်
နွေ မတ် ၁၂
Grammar & Essay Class
သဒ္ဒါ + စာစီစာကုံး သင်တန်း
မြို့လယ် ၂၇၂ ပန်းဆိုးတန်း 01 252 919 | သုဝဏ္ဏ ပညာနန်းတော် 09 798 44 33 20




နာတာရှည်ကျောက်ကပ်ဝေဒနာရှင်များ လိုက်နာ၊
ရှောင်ကြဉ်သင့်သည့် အချက်အလက်များကိုပါ
ဖြည့်စွက်ဖော်ပြထားသော....
ကျောက်ကပ်ဆေးပင်
(ဒုတိယအကြိမ်)
ဒေါက်တာခင်မောင်လွင် (FAME)
Ks 5,000
Ph: 09-965 559 860, 01-368 2199, 368 5083, 368 5609

## "ပွင့်ဖူး"အင်ဒိုနီးရှားပါတိတ်၏
## အထူးအစီအစဉ်

- ၂၀၁၈ နှစ်သစ်အတာသင်္ကြန်ကို ကြိုဆိုသောအားဖြင့် တစ်ဆိုင်လုံးရှိ အင်ဒိုနီးရှား ဒါးကြီးဆေးရေးပါတိတ်၊ လက်ရေးပါတိတ်၊ ပိုးရွှေ၊ PP ဆေးရေးပါတိတ်၊ Air Lineကိုက်ထိုးပါတိတ်နှင့် ရုပ်အင်္ကျီများကို (၂)ထည် ဝယ်လျှင် (၁)ထည် မေတ္တာလက်ဆောင် ရရှိနိုင်ပါသည်။

Buy (2) Get(1)

ဆိုင်လိပ်စာ - အမှတ်(၁/၃/၅)၊ သိမ်ဖြူလမ်းနှင့် ဒေါ်သိန်းတင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၈၆၅၄၉၊ ၀၉-၅၁၁၉၀၈၁၊ ၀၉-၉၆၅၁၁၉၀၈၁
ဆိုင်ဖွင့်ချိန် - နံနက် ၉း၃၀ နာရီမှ ၇း၃၀နာရီအထိ ၇-၃-၂၀၁၈ ရက်မှ ၇-၄-၂၀၁၈ ရက်အထိ ဆိုင်ခွဲ(လုံး၀)မရှိပါ။

တြိ တြံ တြာ
ဒဂုံမြို့သစ်
အရှေ့ပိုင်း တောင်ပိုင်း၊
ဆိပ်ကမ်း မြေကွက်များ
ဈေးမှန် (ပေါက်ဈေး)
ဝယ်ပါသည်။
ဖုန်း-၀၉ ၅၃၂၂၂၅၈၊ ၀၉ ၉၆၁၂၃၄၄၃၄

မဟ်
SEVEN စံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံး၀ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

မြေကွက်များဈေးကောင်းပေးဝယ်လိုသည်
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊
တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင်
မြေကွက်များဝယ်လိုသည်။
အိမ်အရောက် ငွေချေနစ်၊ ပွဲခပေးရန်မလို
Ph: 01-2339310, 01-2339355, 01-578044 ,01-570721

မကြွေသောပန်း
အဆင့်မြင့်အိပ်ပြောင်း၊အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
ကားကြီးကားငယ်
ဆိုဒ်စုံများနှင့် အလုပ်သမားများအပါ
တပါတည်းပြောင်းရွှေ့ပေးသည်။
(မြို့တွင်း / နယ်ဝေး)
09-258022220
09-250499979
09-73209992
09-254449533

## အမွေစား၊ အမွေခံ သမီးဖြစ်ကြောင်း
## အများသိစေရန် ကြေညာခြင်း

နမ့်စန်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အိမ်အမှတ်(၄/၁၀၆၄)၊ မင်းလမ်းနေ ဦးရွှေ[၁၃/လလန(နိုင်)၀၁၆၅၁၁]မှ နမ့်စန်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အိမ်အမှတ်(၄/၁၀၆၄)၊ မင်းလမ်းနေ သမီးဖြစ်သူ မအိအိခိုင်[၁၃/ နစန(နိုင်)၀၆၄၅၃၉]အား မိမိ၏ အမွေစား အမွေခံ သမီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးရွှေ** | **ဦးရဲမာန်မြတ်ဆွေ (ဥပဒေဘွဲ့)** |
| | **အထက်တန်းရှေ့နေ(စဉ်-၄၂၆၇၇/၁၃)** |
| | **အမှတ်(၂)ရပ်ကွက်၊ အိမ်အမှတ်(၂/၂၇၀)၊** |
| | **မဟာဗန္ဓုလလမ်း၊ နမ့်စန်မြို့၊ ဖုန်း-၀၉-၂၅၄၉၆၉၀၉၂** |

ဒေါ်သီတာအေး
အိမ်ခြံမြေအကျိုးဆောင်
ဈေးကောင်းပေးဝယ်လိုသည်
ဒဂုံအရှေ့၊ဒဂုံမြောက်၊
ဒဂုံတောင်၊ဆိပ်ကမ်း
09-421094370
09-421102649
09-458481315

ပထမဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်
Since 2001
နေရာတိုင်းဆောင်ထား
အရောက်ပို့
တပ်ဆင်
ရှင်းပြ
Rain Flower
5 Year Warranty
ကြည့်မြင်တိုင်
ဖုန်း - ၀၉-၇၃၁၀၀၈၉၀
- ၀၉-၇၃၁၀၀၈၉၁
- ၀၉-၄၅၁၇၃၀၀၀၅
- ၀၉-၄၅၁၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း - ၀၉-၇၃၁၅၄၆၇၀
- ၀၉-၄၅၁၇၃၀၀၀၈
ပင်လုံလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)
ဖုန်း - ၀၉-၄၅၁၇၃၀၀၀၂
- ၀၉-၇၈၃၉၇၈၈၈၃
၉-မိုင်၊ ပြည်လမ်း
ဖုန်း - ၀၉-၄၃၀၄၉၃၅၆
ပေါက်တော၀၊ အင်းစိန်
ဖုန်း - ၀၉-၇၃၁၂၆၀၅၇
- ၀၉-၃၁၄၇၁၆၅၄
နေပြည်တော်
ဖုန်း - ၀၉-၄၉၂၀၈၈၈၀
- ၀၉-၃၁၁၃၆၂၆၁
မန္တလေး
ဖုန်း - ၀၉-၄၂၁၀၈၈၄၂၂
- ၀၉-၄၂၆၅၀၀၄၁၃



နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

# ပြည်လမ်း၊ ၉မိုင် မှ ခြေလှမ်း 500 ခန့်သာ

# အသစ်စက်စက် (၂) ထပ် လုံးချင်းတိုက် ကို

# ကွန်ဒိုဈေးနှုန်းဖြင့်သာ ဝယ်ယူနိုင်မည်

# သိန်း 2990 ခန့်





## KBZ Bank

နှင့် ချိတ်ဆက်ပြီး

(၁၅) နှစ်

**အရစ်ကျစနစ်ဖြင့်လည်း ဝယ်ယူနိုင်ပါသည်**

- (၉.၃.၂၀၁၈) မှ (၁၁.၃.၂၀၁၈) အထိ (သောကြာ၊ စနေ၊ တနင်္ဂနွေ)
- နံနက် (၉) နာရီ မှ ည (၉) နာရီ
- @ ဦးဝိစာရလမ်း၊ ရွှေတိဂုံဘုရား အနောက်ဘက်မုခ်ရှေ့ "Myanmar Culture"
- @ အမှတ် (9/A)၊ ယိုးဒယားလမ်း၊ မရမ်းကုန်းမြို့နယ်။

www.igreendeveloper.com

မြန်မာနိုင်ငံသားများပိုင်ဆိုင်သော
i GREEN
DEVELOPMENT & ENGINEERING GROUP

09 799 089 042, 09 775 509 173, 09 763 672 613

မင်းကျန်စစ်
ပြည်တွင်း-ပြည်ပခရီးသွားလုပ်ငန်း နှင့် ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး
ဖုန်း-၀၁ ၇၅၆၆ ၇၁၃ - ၇၁၄ ၊ ၀၉ -၂၅၄ ၂၆၃ ၃၅၇

ဗုဒ္ဓဂယာ "သင်္ကြန်ပိတ်ရက် အထူးအစီအစဉ်"
■ ၈ ရက်ခရီးစဉ် ➤ Apr ( 9 )
(၁၂) ဦးစုစည်းလိုက်ပါလျှင် တစ်ဦးအခမဲ့ ပို့ဆောင်ပေးပါမည်။ (၂)လကြိုတင် စာရင်းပေးသွင်းရန် မေတ္တာရပ်ခံအပ်ပါသည်။
●(၈ ရက်ခရီး ) (စားရိတ်ငြိမ်း) ➡ ထံဝေဝေနီထလေယာဉ် (ဗွား+ဝွင့်+တော+စံ) +တစိတတိတဒ္ဓာန +(အိန္ဒိယ+ နီဝေါ)
ထွက်ခွာမည့်ရက်များ: ➤ Mar ( 17, 31 ) ➤ သင်္ကြန်အထူးအစီအစဉ် Apr (13)
(၆ညအိပ် ၇ရက်) ➤ သီရိလင်္ကာ (မြတ်ဗုဒ္ဓစွယ်တော်)ခရီးစဉ်
(၄ညအိပ် ၅ရက်) ➤ ရန်ကုန်– တာချီလိတ်– မယ်ဆိုင်– ချင်းမိုင်–ချင်းရိုင် ခရီးစဉ်
(၃ညအိပ် ၄ရက် ) ➤ စင်္ကာပူခရီးစဉ် ● ဘန်ကောက်ခရီးစဉ် ● ဗီယက်နမ်ခရီးစဉ် ● ကမ္ဘောဒီးယားခရီးစဉ် ● လာအိုခရီးစဉ်
မိသားစု၊ ကုမ္ပဏီအဖွဲ့အစည်းများ အတွက် သီးသန့် ခရီးစဉ်များလည်း စီစဉ်ပေးပါသည်...
လေယာဉ်လက်မှတ် ၊ ဗီဇာ နှင့် ကားမျိုးစုံ စင်းလုံးငှား စီစဉ်ပေးပါသည်...
အမှတ် ( ၆၆ )၊ အခန်း (၃၀၁)၊ ၃လွှာ၊ သုမင်္ဂလာလမ်း၊ ဂဝန၊ သယ်န်းကျွန်း၊ ရန်ကုန်မြို့။

6B နေ့ချင်းပြန် ဘုရားဖူးခရီးစဉ်
ကျိုက်ထီးရိုး
ချောင်းသာ
မြဝတီ-မဲဆောက်
အမှတ် (၁၁၉)၊ ၁၈လမ်းအပေါ်၊ လသာမြို့နယ်
09442140334,09784217677

သန်းဌေးနှင့်ရောင်းရင်းများ မှ တနင်္သာရီခရီးသွားပွဲတော် သို့
မြိတ်၊ ကော့သောင်း၊ ရနောင်း၊ သူဌေးကျွန်း၊ ဆလုံကျွန်း (၆)ရက်
သင်္ကြန်တွင်း- တောင်ကြီး၊ ပုဂံ အဆင့်မြင့် ဟိုတယ်တည်း+ဆိုင်ကျေး Mar-21, Apr 12,13 ထွက်မည်
အမှတ်(၄၂၄)၊ ရွှေဘုံသာ(အထက်) Ph: 01-380141, 01-241863, 09-30284810, 09-43043109

မွေးပုံ့ရွှေလမ်း
မန္တလေး ပေမြို့ စစ်ကိုင်း မုံရွာ
Mar-9,16
09 261222294, 09 261222295

သုံးရာသီ (ဇမ္ဗူဒိပ်)
Mar-9,16,23,30
AirCom: Express
420144148, 421153797

ဂန္ဓဝင်ရွှေပုဂံ Travel & Tours "သင်္ကြန်ခရီးစဉ်များ"

| | | |
|---|---|---|
| တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော ခရီးစဉ် | (၄/၅) ရက် | ၁.၉ သိန်း |
| ပုဂံ၊ မန္တလေး၊ ပြင်ဦးလွင် ခရီးစဉ် | (၅/၆) ရက် | ၂.၇ သိန်း |
| မုံရွာ၊ အလောင်းတော်ကဿပ ၊ မန္တလေး၊ ပြင်ဦးလွင် ခရီးစဉ် | (၅/၆) ရက် | ၃.၆ သိန်း |
| ထားဝယ်၊ မြိတ်၊ မော်လမြိုင် ခရီးစဉ် (ဒုံးကျွန်း/ပါပန့်ကျွန်း/ဆလုံကျွန်း) | (၆/၇) ရက် | ၄.၇ သိန်း |
| မြဝတီ၊ မဲဆောက်၊ ဘားအံခရီးစဉ် | (၄/၅) ရက် | ၂.၄ သိန်း |
| မိုးညှင်း၊ အင်းတော်ကြီး၊ မြစ်ဆုံ၊ မန္တလေး ခရီးစဉ် | (၆/၇) ရက် | ၃.၉ သိန်း |
| စစ်တွေ၊ မြောက်ဦး ခရီးစဉ် ( ကားဖြင့် ) | (၅/၆) ရက် | ၃.၉ သိန်း |
| ငပလီ ၊ ဆံတော်/အံတော်/နံတော် ခရီးစဉ် ( ကားဖြင့် ) | (၄/၅) ရက် | ၃.၅ သိန်း |

(Ygn Office) : No. 67, Baho Road, Sanchaung Township, Yangon.
Ph: 01 - 500191,519292,510218,510491,519360
(MDY Office): 38 Rd, Bet, 78 x 79 Street, Mandalay. 09 - 31693339
Facebook : Gandawun Shwe Bagan Travel & Tours
Website : www.gandawunshwebagan.com
Hot Line: 09- 790901466

Pleasant Times
Travels & Tours Co., LTD
မြဝတီ – မဲဆောက် – ဘားအံ (Mar 24th / Apr 13th)
ထားဝယ် – မြိတ်ဘုရားစုံ – ကျွန်းစု (Mar 23rd / Apr 12th)
ချင်းပြည်နယ် – နတ်မတောင်(ခေါ် နွားစုမ်) – စလေ (Mar 23rd / Apr 13th)
တောင်ကြီး – အင်းလေး – ပင်းတယ – ရွှာငံ – ကလော (Mar 23rd / Apr 13th)
လူကြီးမင်းတို့၏ ကုမ္ပဏီအသင်းအဖွဲ့များအတွက်ခရီးစဉ်များကို စိတ်တိုင်းကျဆောင်ရွက်ပေးပါသည်။
Ph: 01 - 931 7220, 09 - 454 454 310/ 730 72 661/ 252 872 529

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ် ၇၅၊ မြေညီထပ်၊ မင်္ဂလာလမ်း၊
09401505559 စမ်းချောင်း

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၀၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ
ဖျံ-၅-ကောင် အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေး
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၇၃၈၀၁၇၅၊ ၃၉၂၅၉၄

Ph - 09 507 0157

မိုနဲဒါဖက်ရှင်
- ကြော်ငြာ၊ လက်ဆောင်၊ ပရိမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ၊ ကြိုက်ရာယူ (ကိုယ်တိုင်ချုပ်ထည်များ)
- ချည်သားT.Shirt - 1200 ကျပ်
  Shirt - 3200 ကျပ်
  Sport Shirt - 3250 ကျပ်
  ဦးထုပ် - 1100 ကျပ်(မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- **အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**
- **Ph:01-292129, 01-9000260, 09-250388594**
- **Email-kyonedoe@gmail.com**

Galaxy Software
Galaxy Software Co., Ltd.

HotelPro®
ဟိုတယ်လုပ်ငန်းသုံး ကွန်ပျူတာစနစ်

iStock®
ကုန်ပစ္စည်းထိန်း ကွန်ပျူတာစနစ်

CaféPOS®
စားသောက်ဆိုင်သုံး ကွန်ပျူတာစနစ်







| | | |
|---|---|---|
| YANGON | No.29B, 1st Floor, New University Avenue Road, Bahan Township, Yangon. | 09 430 64 181, 09 420 90 9100 |
| MANDALAY | No.Da 11/49 A, 64 Street, (Bet 39 St. x 40 St.), Mahar Aung Myae Township, Mandalay. | 09 4400 67 577, 09 97 8030 881 |
| NAY PYI TAW | No. Pa/210, Pwal Yone Tan, Thapyay Kone Ward, Zabuthiri Township, Nay Pyi Taw. | 09 97 4432 762, 09 97 4432 763 |
| PATHEIN | No.1493, Tatargyitan Lanthit Street, No.3 Zone, Pathein. | 09 4550 42 499, 09 4550 42 500 |
| TAUNGGYI | No.G /105, Mya Myintzu Thama Apartment, Nyaung Phyu Sa Kan Quarter, Taunggyi. | 09 444 200 771, 09 444 200 772 |
| MYEIK | No. 98, 3rd Floor, (C) St., Kan Gyi Ward, Myeik. | 09 42 400 8080, 09 9550 42 499 |

www.galaxy.com.mm
HOT LINE 09 43 209 550
Copyright©Galaxy Software Co., Ltd. All rights reserved.

# (၁၉)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေးဖွင့်ပွဲ ကျင်းပ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကား ပြောကြား




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် (၁၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များ မှတ်တမ်းဓာတ်ပုံ ရိုက်ကြစဉ်။

**ရန်ကုန် မတ် ၆**

(၁၉) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေး (19th ASEAN–COCI Subcommittee on Information Meeting) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star Hotel ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေး ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို အာဆီယံသီချင်းဖြင့် စတင်ဖွင့်လှစ်သည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❂

## AFC Cup အုပ်စုပွဲအဖြစ် ရန်ကုန်နှင့် ဂလိုဘယ်အသင်း ယနေ့ ယှဉ်ပြိုင်မည်

**ရန်ကုန် မတ် ၆**

၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲ တတိယနေ့အဖြစ် အုပ်စု (G) မှ မြန်မာကလပ် ရန်ကုန်အသင်းနှင့် ဖိလစ်ပိုင်ကလပ် ဂလိုဘယ်အသင်းတို့ မတ် ၇ ရက် ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ရန်ကုန်အသင်းသည် အုပ်စု (G) တွင် ပါဝင်နေပြီး နှစ်ပွဲစလုံး အနိုင်ရကာ အုပ်စုကို ဦးဆောင်လျက်ရှိသည်။ ရန်ကုန်အသင်းသည် အင်ဒိုနီးရှားကလပ် ဘာလီယူနိုက်တက်အသင်းကို အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုး၊ ဗီယက်နမ်ကလပ် ထန်ဟွာအသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။ ယင်းအုပ်စုတွင် ဗီယက်နမ်ကလပ် ထန်ဟွာအသင်းက သုံးမှတ်၊ ဖိလစ်ပိုင်ကလပ် ဂလိုဘယ်အသင်းနှင့် အင်ဒိုနီးရှားကလပ် ဘာလီယူနိုက်တက်အသင်းတို့က တစ်မှတ်စီရထားသည်။ ယင်းပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး၌ ကျင်းပရာ ရန်ကုန်အသင်းနည်းပြချုပ် ဦးမျိုးမင်းထွန်းက "ဂလိုဘယ်အသင်းအကြောင်းကို ရသလောက်လေ့လာထားပါတယ်၊ ဒီပြိုင်ပွဲမှာ နိုင်ပွဲမရသေးပေမယ့် အသင်းကောင်းတစ်သင်းပါ၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

## MFF Futsal Open Cup 2018 ပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန် မတ် ၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF Futsal Open Cup 2018 ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဖူဆယ်အားကစားနည်း တိုးတက်ဖွံ့ဖြိုးရန်နှင့် ဖူဆယ်ကစားသမားများ ထွက်ပေါ်လာစေရန် ယခုပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ပြီး ပရော်ဖက်ရှင်နယ် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❒



